

■ ကိုးလရင်လွယ်
ဆယ်လဝယ်ဖွား
ပူ၊ စပ်၊ ခါး၊ ငန်
ရှောင်ရှားပြန်ရ
ဘေးမခအောင်
ယုယမှုပေး
သားလုလေးကို
ပိုက်ထွေးရင်မှာ
ပီတိဖြာလျက်
မာတာမိခင်
ကျေးဇူးရှင်ကို
နေ့စဉ်ရှိခိုး
ကန်တော့ပါ၏။ ။

မဇ္ဈိမဂုဏ်ရည်စာစဉ်(၁)



# အမွေခံထိုက်သူ ဖြစ်ပါစေ

## ဒေါက်တာ အရှင်ကောဝိဒ

(မဇ္ဈိမဂုဏ်ရည်)

# ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| • စာမူခွင့်ပြုချက်အမှတ် | ■ ၃၂၀၆၆၄၁၀၀၉ |
| • မျက်နှာဖုံးခွင့်ပြုအမှတ် | ■ ၃၂၀၅၈၁၁၀၀၉ |
| • ထုတ်ဝေသည့်အကြိမ် | ■ ပထမအကြိမ်(၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ) |
| • အုပ်ရေ | ■ ၁၀၀၀၀ |
| • ရှေ့မျက်နှာဖုံး | ■ နေဝင်းအောင် |
| • အတွင်းဒီဇိုင်း | ■ ရဲမင်းအောင် |
| • အတွင်းစာစီ | ■ မျိုးအောင် |
| • စီစဉ်သူ | ■ ကျော်ကျော် |
| • အတွင်းဖလင် | ■ စတား |
| • ပုံနှိပ်သူ/စာအုပ်ချုပ် | ■ ဂုဏ်သီရိပုံနှိပ်တိုက် အမှတ်(၇၈)၊ ပတ္တမြားလမ်းသွယ်(၁)၊ ရတနာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| • ထုတ်ဝေသူ | ■ ဦးကျော်ဟင်း(ယုံကြည်ချက်စာပေ) |
| • ဖြန့်ချိရေး | ■ မင်္ဂလာအလင်းစာပေ မင်္ဂလာဂုဏ်ရည် မဟာစည်သာသနာ့ရိပ်သာ (၁၀)တောင်၊ (၁၁)ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။ |
| • တန်ဖိုး | ■ ၁၀၀၀ |

ထုတ်ဝေသည့်စာအုပ် ကတ်တလောက်အညွှန်း (CIP)

ကောဝိဒ၊ အရှင်၊ ဒေါက်တာ
အမွေခံထိုက်သူ ဖြစ်ပါစေ / ဒေါက်တာအရှင်ကောဝိဒ။ -ရန်ကုန်၊ ယုံကြည်ချက်စာပေ၊ ၂၀၀၉ ။
၁၆၀ - စာ ၊ ၁၀x၁၆.၅ စင်တီ
(၁) အမွေခံထိုက်သူ ဖြစ်ပါစေ

# မာတိကာ


အမှာစကား

အထူးကျေးဇူးတင်လွှာ

ဘုရားရှိခိုး

| | | |
|---|---|---|
| ၁ | အဖေနဲ့ အမေဆိုတာ | ၁ |
| ၂ | မြတ်ဗုဒ္ဓနဲ့ မိဘ | ၇ |
| ၃ | အဖေ အမေတို့ကျေးဇူး | ၁၁ |
| ၄ | မပြစ်မှားကြနဲ့ | ၁၇ |
| ၅ | ပြစ်မှားတဲ့သူ ဘာနဲ့တူ | ၂၃ |
| ၆ | သားလေးယောက်အဖေ ဒုက္ခဝေ | ၂၅ |
| ၇ | အဖေ အမေတို့ မျှော်လင့်ချက် | ၃၁ |
| ၈ | ပြုစုယုယ မိနဲ့ဖ | ၃၅ |
| ၉ | ကျွေးမွေးမပျက် | ၃၇ |

၁၀ ဆောင်ရွက်စီမံ ၄၅
၁၁ မွေ့ခံထိုက်စေ ၅၃
၁၂ လှူမှုဝေ၍ ၆၃
၁၃ စောင့်လေမျိုးနွယ် ၇၁
၁၄ အကျေပေးဆပ် ကျေးဇူးမြတ် ၇၇
၁၅ သဒ္ဓါ ၈၁
၁၆ သီလ ၈၇
၁၇ စာဂ ၉၅
၁၈ ပညာ ၁၀၁
၁၉ စံနမူနာအရှင်မြတ် ၁၀၉
၂၀ ကိုယ့်ကိုယ်ကို သတိပြုခဲ့ ၁၁၉
၂၁ အပြစ်မမြင် မေတ္တာဝင် ၁၃၅
၂၂ ဘုရားရှင်ချီးကျူး ၁၄၁
၂၃ စာရေးသူရဲ့ဆန္ဒ
၂၄ အမြတ်ဆုံး အလှူကုသိုလ်ရှင်



# အမှာစကား

**“အမွေခံထိုက်သူ ဖြစ်ပါစေ”**တရားကို ဟောကြားပြီးကတည်းက သံဃာတော်အပိုင်းကရော လူအပိုင်းကပါ ဒီခေါင်းစဉ်လေးနဲ့ စာတစ်အုပ်ရေးသားဖို့ အကြံပေး တိုက်တွန်းကြပါတယ်။ မိမိ ကိုယ်တိုင်ကလည်း စိတ်ကူးကရှိနေတော့ ရေးမယ်လို့ ဆုံးဖြတ်ပြီး တပည့်တွေကို စီစဉ်ခိုင်းခဲ့ပါတယ်။ ဒီစာမူကို **“အမွေခံထိုက်သူ ဖြစ်ပါစေ”** ဗွီစီဒီခွေကနေ စာရွက်ပေါ် ရောက်တဲ့အထိ တပည့်တွေ စီစဉ်ပေးခဲ့တာ ၂၀၀၇ ခုနှစ် နှစ်ကုန်ပိုင်းကတည်းက ဖြစ်ပါတယ်။ တရားခွေမှာ နာလို့ကောင်းပေမယ့် စာအုပ်အဖြစ် ချရေးတဲ့အခါမှာ မိမိစိတ်ထဲမှာ သိပ်စျာန်မဝင်ခဲ့ပါဘူး။

ဒါ့ကြောင့် တရားခွေကို ကျောရိုးထားပြီး စာအုပ်ပုံစံရေးဟန်နဲ့ ရေးဖို့ဆုံးဖြတ်လိုက်ပြီး အကြောင်းအရာ

စုံစုံလင်လင်နဲ့ စာအုပ်တစ်အုပ်ဖြစ်ဖို့ ကြိုးစားခဲ့ပါတယ်။ ၂၀၀၈-ခုနှစ် နှစ်ကုန်ပိုင်းမှာပြီးမယ်လို့ ထင်ထားခဲ့ပေမယ့် နေ့တိုင်းလောက်နီးပါး တစ်နေ့နှစ်ပွဲ တရားဟောနေရတာနဲ့ ပစ်ထားခဲ့ရပြန်တယ်။

ဒါနဲ့ ၂၀၀၈ ခုနှစ် မေလ (၂၉)ရက်နေ့ ပြည်ပခရီး ကြွသွားတဲ့အချိန် ပြည်ပမှာနေရင်း အေးအေးဆေးဆေး အချောသတ်မယ်လို့ စိတ်ဆုံးဖြတ်ပြီး စာမူကို တစ်ပါတည်း ယူသွားဖြစ်ခဲ့ပါတယ်။ စိတ်ကြိုက် မဖြစ်သော်လည်း ၉၅%တော့ ပြီးသွားခဲ့ပါတယ်။

အောက်တိုဘာလမှာ မြန်မာနိုင်ငံ ပြန်ရောက်ပြီးရင် ၂၀၀၉-ခုနှစ် နှစ်ဦးမှာတော့ သေချာပေါက် စာအုပ် ရိုက်ဖြစ်ပြီလို့ စိတ်ကူးယဉ်ထားခဲ့ပေမယ့် ပြန်လာခါနီး ဆဲဆဲမှာပဲ မထင်မှတ်ဘဲ ဦးနှောက်တွင်း မွေးရာပါ သွေးကြောပါးပြီး ပေါက်တဲ့ရောဂါ ခံစားလိုက်ရတာနဲ့ ပြည်ပမှာ ဆေးကုသမှု ခံယူလိုက်ရတာ အစီအစဉ် အားလုံး ရပ်တန့်သွားပါလေရော။

ရောဂါက သက်သာလာတော့လည်း အရေးကြီးဆုံး ဖြစ်တဲ့ မျက်စိက စာမကြည့်နိုင်ပြန်ဘူး။ ၂၀၀၉ ခုနှစ် ဇွန်လနောက်ဆုံးပတ်ရောက်ခါမှ အချိန်အနည်းငယ် ပြန် ကြည့်နိုင်လာတယ်။ ဒါနဲ့ပဲ မိမိရေးချင်လွန်းတဲ့ စာမူလေးကို ပစ်ထားရာကနေ အချောပြန်ရေးဖြစ်ခဲ့တယ်ပေါ့။

**လက်ဖက်ကောင်းစားချင်ရင် ပလောင်တောင်တက်နေးရတယ်**ဆိုတဲ့စကားပုံလေးလိုပဲ။ မပြီးနိုင်တဲ့ သံသရာထဲမှာလည်နေပြီး နောက်ကျခဲ့ပေမယ့် အကြောင်းအရာကတော့ ပိုပြည့်စုံသွားပါတယ်။

မြန်မာနိုင်ငံ ပြန်ရောက်ကတည်းက ၂၀၀၉ ခုနှစ် နိုဝင်ဘာ ၃၀ ရက်နေ့မှာ ကွယ်လွန်ခဲ့တာ ခြောက်နှစ်ပြည့်ခဲ့ပြီဖြစ်တဲ့ အဖေ့ကို ကျေးဇူးဆပ်တဲ့အနေနဲ့ အချိန်မီထုတ်ဖြစ်အောင် ကြိုးစားမယ်လို့ ဆုံးဖြတ်ပြီး စီစဉ်လိုက်တာအခုတော့ စာအုပ်တစ်အုပ် ဖြစ်ခဲ့ပါပြီ။ ဒီစာအုပ်မှာ **"အမွေခံထိုက်သူ ဖြစ်ပါစေ"** တရား ဗွီစီဒီအခွေမှာ ဟောကြားခဲ့သလို မိဘနဲ့ သားသမီးတွေကြားမှာ အမှတ်တမဲ့ဖြစ်နေတဲ့ ပြုပြင်ရမယ့် အချက်အလက်တွေကို လောကကြောင်း ဓမ္မကြောင်း မတိမ်းစောင်းစေဘဲ ဝေဝေဆာဆာဖြစ်အောင် ရေးသားထားပါတယ်။

နောက်ကျောမျက်နှာဖုံးမှာ ဖော်ပြထားတဲ့ ကဗျာလေးကတော့ မိမိငယ်စဉ်ဘဝ (၁၀)နှစ်သားအရွယ်က ဘယ်ကဘယ်လို နူတ်ထဲမှာ ရနေမှန်းမသိတဲ့ ကဗျာလေးတစ်ပုဒ်ကို ကြိုက်လွန်းလို့ ဖော်ပြခဲ့တာပါ။ မိမိရဲ့ မူပိုင်ကဗျာမဟုတ်ကြောင်းကို ရိုးရိုးသားသား ဝန်ခံပါတယ်။ ဘယ်သူရေးတယ် ဆိုတာကိုလည်း တကယ် မသိလို့ ဖော်မပြနိုင်တာကို ခွင့်လွှတ်ပါ။

ဆက်လက်ပြီးတော့လည်း စာအုပ်များ ရေးသား ထုတ်ဝေဦးမှာ ဖြစ်တဲ့အတွက်ကြောင့် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ် ပညာရှင်များနှင့် စာဖတ်ပရိသတ်များထံမှ ဝေဖန် အကြံပြုချက်များကို တောင်းခံပါကြောင်းနှင့် မည်သည့် အကြံပြုချက်မျိုးမဆို ဝမ်းမြောက်ဝမ်းသာ လက်ခံပါမယ်။ အမှားမကင်းနိုင်သည့် ပုဂ္ဂိုလ်များထံမှ တစ်ယောက်ဖြစ်၍ ဤစာအုပ်မှာ အပိုအလို အမှားပါရှိ ခဲ့သော် သည်းခံခွင့်လွှတ်ပါရန် ပန်ကြားအပ်ပါသည်။

ဒေါက်တာအရှင်ကောဝိဒ
(မဇ္ဈိမဂုဏ်ရည်)



# အထူးကျေးဇူးတင်လွှာ

ဒီစာအုပ် အမြန် ပြီးမြောက်ရေးအတွက် ကျေးဇူးတင်ကြောင်း ရေးရမည့်သူတွေကတော့ အများကြီးပါပဲ။ ကျေးဇူးတင်ထိုက်သူ အားလုံးကို အထူး ကျေးဇူးတင်ပါတယ်လို့ ရှေးဦးစွာရေးသားလိုပါတယ်။ အထူးအားဖြင့် လူ့ဘဝတစ်ခုကို ဖော်ဆောင်ပေးပြီး မြင့်မြတ်တဲ့ သာသနာမှာ ရဟန်းတော်တစ်ပါးအဖြစ် သွတ်သွင်းပေးခဲ့တဲ့ ခမည်းတော် **ဦးဘိုနီ**၊ မယ်တော် **ဒေါ်အေးရီ**၊ ငယ်ဆရာရင်းဖြစ်တော်မူတဲ့ ဆရာတော် **ဘဒ္ဒန္တဝဏ္ဏိတာဘိဝံသ**နှင့် လောကီ လောကုတ္တရာ ပညာရေးနယ်ပယ်မှ သင်ဆရာ မြင်ဆရာ ကြားဆရာများ...

(၁၀)နှစ်သားအရွယ် သာသနာ့ဘောင် ဝင်ချိန်မှစ၍ ယနေ့တိုင်အောင် ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်း

လေးပါးဖြင့် ထောက်ပံ့လှူဒါန်းခဲ့ကြသော၊ ထောက်ပံ့လှူဒါန်းဆဲဖြစ်သော ကျေးဇူးရှင် ဒကာ၊ ဒကာမများ…

ပြည်ပမှာ သီတင်းသုံးနေထိုင်ပြီး ဒီစာမူကို အချောသတ်ရေးသားနေစဉ် ကာလတစ်လျှောက်လုံး အစစအရာရာ အဆင်ပြေအောင် ပစ္စည်းလေးပါးနဲ့ ထောက်ပံ့လှူဒါန်းခဲ့ပြီး ပြည်ပဆရာဝန်ကြီးများကိုယ်တိုင် နောက်ဆုံးအချိန်လို့ သတ်မှတ်ပြီးတဲ့ အခြေအနေကနေ မိမိအသက်ရှင်ခွင့်ရရန်အတွက် အထူးဂရုတစိုက် ကူညီစောင့်ရှောက်ကုသပေးခဲ့သော အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့နေ ရဟန်းအမ ဒေါက်တာဒေါ်တင်မာထွန်း (Tun Pediatric Center)၊ မြန်မာဆရာဝန်ကြီးများဖြစ်ကြတဲ့ ဒေါက်တာမောင်မောင်တင်၊ ဒေါက်တာအောင်ဇေယျ၊ ဒေါက်တာအောင်မျိုးထွန်း၊ ဒေါက်တာနိုင်သူလင်း၊ ဒေါက်တာစော မိသားစုများနှင့် မေရီလင်းပြည်နယ်၊ ဘော်လ်တီမိုးမြို့က ဒေါက်တာမျိုးမင်းမိသားစု

လိုအပ်တဲ့ စားဖွယ်သောက်ဖွယ်တွေ ပြည့်စုံအောင် စီစဉ်ပေးပြီး ဆေးရုံမှာ အလှည့်ကျ လာရောက်ကူညီစောင့်ရှောက်ပေးကြသော နယူးယောက်မြို့ရှိ မြန်မာနွယ်ဖွား မိသားစုများ၊ ကျန်းမာရေး အလွန်မကောင်းချိန်ဖနီးမောင်နှံ ညီအစ်ကို မောင်နှမများနဲ့ တိုင်ပင်၍ မြန်မာနိုင်ငံမှ အချိန်မီလိုက်လာပြီး ကပ္ပိယအဖြစ် အနီးကပ်အချိန်ပြည့်စောင့်ရှောက်ပေးသော ညီအစ်ကိုအရင်းကဲ့သို့

ချစ်ခင်အားကိုးရသည့် Hein Kaung San Trading Co., Ltd မိသားစုများဖြစ်ကြတဲ့ ကိုစိုင်းဆာထွန်း (ကိုစိုင်း) ဇနီး မသန်းသန်းဝေနဲ့ ညီကိုမောင်နှမများ၊ မြန်မာနိုင်ငံရောက်သည်အထိ ဇနီးသည်နဲ့အတူ မငြီးမငြူ ကူညီစောင့်ရှောက်ပေးခဲ့သော ရဟန်းဒါယကာ ဦးဝင်းသန်းအေး(ကိုဝင်း)နဲ့ ဤစာအုပ် အမြန်ရိုက်ဖြစ်နိုင်ရန် အားသွန်ခွန်စိုက်ကြိုးပမ်းခဲ့ကြသော တူဖြစ်သူ မောင်ကျော်ကျော်၊ ကွန်ပျူတာစာစီပေးသော မောင်မျိုးအောင်၊ စာမူချောကို ကူညီတည်းဖြတ်ပေးကြသော ဦးသင်းမောင် (စာရေးဆရာသင်းအောင်၊ မဟာဝိဇ္ဇာ)၊ ဇာခြည်ဝင်း(ဆေးဝါးတက္ကသိုလ်)၊ မျက်နှာဖုံးဒီဇိုင်း ဖန်တီးပေးသော ကိုနေဝင်းအောင်+စာရေးဆရာမ နှင်းဝေငြိမ်း၊ ရုံးကိစ္စများနှင့် ပုံနှိပ်ထုတ်ဝေခြင်း ကိစ္စများ စီစဉ်ဆောင်ရွက်ပေးကြသော ဂုဏ်သီရိပုံနှိပ်တိုက်မှ ကိုကျော်စိုးသန့်+မခင်အေးမော်တို့နဲ့အတူ ကျန်းမာရေးကိစ္စ၊ စာအုပ်ဖြစ်မြောက်ရေးကိစ္စများမှာ မေတ္တာဖြင့် အားပေးစောင့်ရှောက်ကူညီခဲ့ကြသော ပြည်တွင်းပြည်ပမှ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်အားလုံးကို လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ဒေါက်တာအရှင်ကောဝိဒ
(မန္တလေးမဂုဏ်ရည်)



## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

ဘဂဝါဂုဏ်ရှင် အရဟံဂုဏ်ရှင် သမ္မာသမ္ဗုဒ္ဓဂုဏ်ရှင် ဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားအား တပည့်တော် ရှိသေမြတ်နိုး ရှိခိုးပါ၏။

# အဖေနဲ့ အမေဆိုတာ

ဘဝသံသရာဆိုတာ ရှည်လျားလွန်းလှပါတယ်။ သတ္တဝါတွေဟာ ဘဝသံသရာစက်ဝန်းက ရုန်းမထွက်နိုင်ကြဘူးဆိုရင် ဘဝသံသရာအတွင်း နိမ့်ချည်တစ်ခါ မြင့်ချည်တစ်လှည့်ဆိုသလို ဘဝမျိုးစုံ၊ အခြေအနေမျိုးစုံနဲ့ ကြုံတွေ့ကြရဦးမှာ ဖြစ်ပါတယ်။ ဘဝတွေရဲ့ ပရမတ္ထသဘောက ရုပ်နဲ့ နာမ်ပါပဲ။ အဲဒီ ရုပ်နာမ်နဲ့ ပြည့်စုံတဲ့ ဘဝတွေထဲမှာ လူ့ဘဝဆိုတာအမွန်မြတ်ဆုံးပါ။ ဘုရားရှင်ကဲ့သို့ အမြင့်မြတ်ဆုံးပုဂ္ဂိုလ်တွေဟာ လူ့ဘဝမှာသာ ရှိပါတယ်။ မြင့်မြတ်တဲ့ တရားဓမ္မတွေ၊ အဆုံးအမတွေနဲ့ ယဉ်ကျေးမှု စတာတွေဟာ လူ့ဘဝမှာပဲ အများဆုံး ရှိပါတယ်။

လောကမှာ ကောင်းတဲ့တရားတွေရှိသလို၊ ဆိုးတဲ့တရားတွေလည်းရှိတယ်။ လူဆိုတာ ကောင်းတဲ့တရား၊ ဆိုးတဲ့တရားတွေကို ခွဲခြား နားလည်နိုင်လို့ လူလို့ခေါ်တာပါ။ အဲဒီလူ့ဘဝတစ်ခုရရှိလာဖို့ဆိုတာ အဖေနဲ့ အမေဟာ အဓိကအကျဆုံး ပုဂ္ဂိုလ်တွေပါပဲ။ လူ့ဘဝဖြစ်လာတယ်ဆိုတာ ရှေးက ကုသိုလ်အစွမ်း သတ္တိကြောင့်ပါ။ ဒါပေမယ့် ကုသိုလ်အစွမ်းသတ္တိတစ်ခုတည်းနဲ့ ဘဝတစ်ခု ဖြစ်မလာနိုင်ပါဘူး။ ဘဝရေစက်ကြောင့် အဖေနဲ့ အမေတို့ ဆုံဆည်းဖို့လည်း လိုပါသေးတယ်။ ဒါကြောင့် အဖေနဲ့ အမေဟာ မိမိတို့ရဲ့ ဖန်ဆင်းရှင်များ ဖြစ်ကြပါတယ်။ ကျေးဇူးရှင်များ ဖြစ်ကြပါတယ်။

မြင့်မြတ်တဲ့ ဘဝတစ်ခုအနေနဲ့ သားသမီးတွေကို လူ့လောကထဲ ဆွဲခေါ်သွင်းလာသူတွေဟာ အဖေနဲ့ အမေတို့ပါပဲ။ ဒါကြောင့် လူသားတစ်ယောက်အတွက် ကျွေးမွေးစောင့်ရှောက်မှု၊ ပညာသင်ကြားပေးမှု စတဲ့ ဘဝတိုးတက်ရေးလမ်းကြောင်းတွေ ဖော်ဆောင်မပေးခင် ခြေလက်အင်္ဂါပြည့်စုံတဲ့ လူသားတစ်ယောက်ဖြစ်လာအောင်၊ မိမိလွယ်ထားရတဲ့ ကိုယ်ဝန်ကို ဘေးမခအောင် စောင့်ရှောက်မွေးဖွားပေးခဲ့တာ တစ်ခုတည်းနဲ့ပဲ မိဘနှစ်ပါးရဲ့ ကျေးဇူးဂုဏ်ကို အာရုံပြုလို့ ရနေပါပြီ။

အဖေနဲ့ အမေတို့ရဲ့ ကျေးဇူးတွေကြောင့် လူ့ဘဝရောက်လာပေမယ့် မိမိတို့ရဲ့ အတိတ်ကံနဲ့ ပစ္စုပ္ပန် ပတ်ဝန်း

ကျင်တွေကြားမှာ ကြီးပြင်းလာတဲ့အခါ တစ်ယောက်နဲ့ တစ်ယောက် အကျင့်စာရိတ္တချင်း ကွာခြားသွားတတ်ကြ တယ်။ တချို့သားသမီးတွေက အကျင့်စာရိတ္တပိုင်း၊ ပညာ ရေးပိုင်း၊ အသိဉာဏ်နဲ့ ဘဝအဆင့်အတန်းတွေမှာ မိဘတွေ ထက်သာကြတယ်။ မိဘတွေက ကုသိုလ်လုပ်ငန်း မလုပ် ကြပေမယ့် အဲဒီ သားသမီးတွေကတော့ လုပ်ကြတယ်။ လူမှုရေးကိစ္စတွေမှာလည်း ဒီလိုပါပဲ။ မိဘတွေက အကျင့် စာရိတ္တတွေ ပျက်စီးနေကြပေမယ့် သူတို့ရဲ့ သားသမီး လေးတွေကျတော့ ယဉ်ကျေးလိမ္မာနေတတ်ကြပါတယ်။ ဘုရားရှင် အဆိုအမိန့်နဲ့ပြောရရင် ဒီလို သားသမီးဟာ မိဘထက်သာလွန်တဲ့ အတိဇာတ သားသမီးပေါ့။

အကျင့်ဂုဏ်သိက္ခာ စတဲ့ နေရာမှာ အဖေ အမေတို့နဲ့ တန်းတူရှိတဲ့ သားသမီးတွေလည်း ရှိပါတယ်။ အဖေနဲ့ အမေက ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သလို သူတို့ လည်း ယုံကြည်ကိုးကွယ်ကြတယ်။ အဖေနဲ့ အမေက မကောင်းမှုလုပ်ငန်းတွေ မလုပ်ကြသလို သူတို့လည်း မလုပ်ကြဘူး။ သူတို့ကတော့ အဖေ အမေတူ သားသမီး တွေပေါ့။ ဒီသားသမီးမျိုးကိုတော့ မိဘနဲ့ တန်းတူဖြစ်တဲ့ အနုဇာတသားသမီးလို့ ခေါ်တယ်။

တချို့ သားသမီးတွေကျတော့ အင်မတန် ဆိုးသွမ်း ကြတယ်။ အဖေနဲ့အမေက စိတ်ကောင်းရှိကြသလောက် သားသမီးတွေက ယုတ်မာကြတယ်။ အဖေနဲ့ အမေက

ဒါဆိုရင် သူတို့က ဟိုဟာပဲ။ မကောင်းမှု ကိစ္စတွေမှာ မိဘတွေ ကင်းစင်သလောက် သားသမီးတွေက ကျူးလွန်တတ်ကြတယ်။ အဲဒီသားသမီးမျိုးကျတော့ အဖေနဲ့ အမေမှာရှိတဲ့ စိတ်ဓာတ်တွေ၊ ကောင်းတဲ့ အကျင့်စရိုက်တွေကို အမွေဆက်ခံမှု မရှိလို့ ယုတ်မာတဲ့ သားသမီးတွေလို့ ခေါ်ပါတယ်။ အဲဒီသားသမီးမျိုးတွေကျတော့ မိဘအောက် နိမ့်ကျတဲ့ အဝဇာတ သားသမီးတွေလို့ ခေါ်တယ်။

လောကမှာ မိဘမရှိသူရယ်လို့ ဘယ်သူမှ မရှိပါဘူး။ သားသမီးမရှိတဲ့ သူမျိုးတွေသာ ရှိကြတာပါ။ ဒါ့ကြောင့် သားသမီးတိုင်း ကိုယ် ဘယ်လိုသားသမီးလဲဆိုတာကို ဆင်ခြင်ကြည့်ဖို့ လိုပါတယ်။

**"ပညာမယှဉ်၊ အကတညူ၊ လူ့ပါပိယ၊ ဟူသမျှကား၊ မိဘကိုလျက်၊ ကျေးဇူးဖျက်လျက်၊ အပျက်ကိုသာ၊ ပြုတတ်စွာတည့်"** လို့ မန်လည်ဆရာတော် ဆုံးမတော်မူတာ သတိပြုသင့်ကြပါတယ်။

ဆိုလိုတာက လူသားတစ်ယောက်အတွက် အသိအလိမ္မာ ဉာဏ်ပညာဟာ အရေးကြီးပါတယ်။ အသိအလိမ္မာမရှိရင် အဖေနဲ့ အမေတို့ရဲ့ကျေးဇူးကို နားမလည်နိုင်ဘူး။ နားမလည်ရင် ပေးဆပ်ဖို့ဆိုတာလည်း ဖြစ်မလာနိုင်ပါဘူး။ ကျေးဇူးဆိုတဲ့ နေရာမှာ အဖေနဲ့ အမေကို လုပ်ကျွေးပြုစုတာ သက်သက်ကို ဆိုလိုတာမဟုတ်ဘူး။ အဖေနဲ့ အမေက သူတော်ကောင်းလမ်းစဉ်ကို ကျင့်သုံး

နေတဲ့ သူတော်ကောင်းတွေဖြစ်ရင် မိမိတို့ကလည်း သူတော်ကောင်းဖြစ်အောင် ကြိုးစားကြရမယ်။ မိဘနှစ်ပါးရဲ့ အမျိုး၊ ဘာသာ၊ သာသနာဂုဏ်ကို အမြဲတမ်း တိုးတက်ပြန့်ပွားနေအောင် ကြိုးစားကြရမယ်။ ဒီလို ကြိုးစားခြင်းကပဲ ကျေးဇူးဆပ်တာပါပဲ။ ဓမ္မနဲ့ ကျေးဇူးဆပ်တာပေါ့။ အဖေနဲ့ အမေတို့ရဲ့ ဓမ္မအမွေကို ဆက်ခံကြတာပေါ့။

အဲဒီလိုမဟုတ်ဘဲ အဖေနဲ့ အမေက သူတော်ကောင်းတွေဖြစ်ကြပါလျက် အမျိုး၊ ဘာသာ၊ သာသနာရဲ့ဂုဏ်ကို အစဉ်တစိုက် စောင့်ထိန်းတဲ့ မိဘတွေ ဖြစ်ခဲ့ပါလျက်နဲ့ မိဘရဲ့ အကျင့်စရိုက်၊ လမ်းစဉ်နဲ့ သွေဖယ်ပြီး မိမိတို့က မိုက်ကန်းနေကြမယ်ဆိုရင် အဖေနဲ့ အမေတို့ရဲ့ ဆုံးမစကားကို မလိုက်နာ မလေးစားကြဘူးဆိုရင် အဖေ အမေတို့ရဲ့ကျေးဇူးကို ကန်းတာပါပဲ။ အဖေနဲ့အမေ ဂုဏ်သိက္ခာတွေ ညှိုးနွမ်းအောင်၊ လောကအလယ်မှာ မျက်နှာငယ်အောင်၊ လူပုံအလယ်မှာ အရှက်တကွဲဖြစ်အောင် ပြုမူလိုက်ကြတာပါပဲ။ အဲဒီလို သားသမီးမျိုးကျတော့ မန်လည်ဆရာတော်ကြီး မိန့်ကြားသလို **"အကာတညု လူ့ပါပိယ"** ကျေးဇူးမသိတဲ့သားမိုက်၊ သမီးမိုက်တွေဖြစ်ကုန်ပါလေရော။

ဒါကြောင့် သားသမီးတိုင်း အထူးအားဖြင့် ရုပ်ပိုင်းဆိုင်ရာတွေ တိုးတက်လာတာနဲ့အမျှ စိတ်ပိုင်းဆိုင်ရာတွေ ဆုတ်ယုတ်လာတဲ့ ဒီခေတ်ထဲမှာ မွေးဖွားကြီးပြင်းလာကြတဲ့ ညီငယ်၊ ညီမငယ်လေးတွေ အားလုံး မိဘကျေးဇူး

မသိတဲ့ သားမိုက်၊ သမီးမိုက်တွေဘဝ မရောက်ရလေအောင်၊ မိဘနှစ်ပါးရဲ့ ကျေးဇူးဂုဏ်တွေကို သတိတရနဲ့ ဆင်ခြင်နိုင်ပြီး မိဘရဲ့ကျေးဇူးကို သိလည်းသိ၊ ဆပ်လည်း ဆပ်တဲ့ **"ကတညုတ ကတဝေဒီ"** မင်္ဂလာတရားနဲ့ ပြည့်စုံတဲ့ လူလိမ္မာလေးတွေ၊ လူယဉ်ကျေးလေးတွေ ဖြစ်အောင် သတိပေးတဲ့အနေနဲ့ ရေးသားသွားမှာပါ။ အသိအလိမ္မာ ဉာဏ်ပညာအတွက် အထောက်အကူ ဖြစ်စေဖို့ပါပဲ။

■



# မြတ်ဗုဒ္ဓနဲ့ မိဘ

သာမန်ပုဂ္ဂိုလ်တွေမဆိုထားနဲ့ လောကမှာ အမြတ်ဆုံး ပုဂ္ဂိုလ်ဖြစ်တော်မူတဲ့ ဗုဒ္ဓမြတ်စွာတောင် အဖေနဲ့ အမေရဲ့ ကျေးဇူးကို ပေးဆပ်တော်မူခဲ့ပါတယ်။ ဘုရားဖြစ်ပြီး (၇)ဝါမြောက်မှာ တာဝတိံသာနတ်ပြည်မှာ ဝါကပ်တော်မူပြီး မယ်တော်ဖြစ်ခဲ့ဖူးတဲ့ နတ်သားနဲ့ စကြဝဠာတိုက် တစ်သောင်းက နတ် ဗြဟ္မာတွေကို အဘိဓမ္မာတရားတွေ ဟောကြားခဲ့တာဟာ လူ့ဘဝတုန်းက မပေးဆပ်လိုက်ရတဲ့ အမေ့ရဲ့ကျေးဇူးကို ပြန်ပေးဆပ်တဲ့အနေနဲ့ ကြွရောက် ဟောတော်မူခဲ့တာပါ။ ဘုရားဖြစ်ပြီး တစ်နှစ်ပြည့်တဲ့အခါ ကပိလဝတ်ပြည်ကိုကြွပြီး **ဖခင် သုဒ္ဓေါဒန**မင်းကြီးကို တရားဟောတာဟာလည်း သက်ရှိထင်ရှားရှိနေသေးတဲ့ အဖေ့ကျေးဇူးကို ဆပ်တာပါပဲ။

ဗုဒ္ဓမြတ်စွာဟာ အဖေနဲ့ အမေ့ကျေးဇူးကို အဲဒီလို ကိုယ်တော်တိုင် ပေးဆပ်တော်မူခဲ့သလို တပည့်သာဝက တွေကိုလည်း အဖေနဲ့ အမေ့ကျေးဇူးကိုဆပ်ဖို့ အကြိမ်ကြိမ် တိုက်တွန်းတော်မူထားခဲ့ပါတယ်။ အဖေ အမေ ကျေးဇူး ဆပ်သူတွေကိုတွေ့ရင်လည်း ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ် ချီးမွမ်းတော်မူပါတယ်။

ဗုဒ္ဓမြတ်စွာဟာ အဖေနဲ့ အမေကို သိပ်တန်ဖိုးထား တယ်။ လေးစားမြတ်နိုးတယ်။ အဖေနဲ့ အမေ ကျေးဇူး တရားတွေကို ဘယ်လိုမှ မနှိုင်းယှဉ်သာတဲ့ အခြေအနေမျိုး အထိ ဂုဏ်တင်တော်မူခဲ့တယ်။ အနှစ်တစ်ရာသက်တမ်း ရှိတဲ့ကာလမှာ အနှစ်တစ်ရာတိုင် အဖေ့ကို ပခုံးတစ်ဖက် မှာတင်၊ အမေ့ကို ပခုံးတစ်ဖက်ပေါ်တင်၊ အဖေနဲ့ အမေက ကျင်ကြီး၊ ကျင်ငယ်တွေ ပခုံးပေါ်မှာပဲ စွန့်ချရင်တောင် သားသမီးတွေက မညည်းမညူ သုတ်သင်ပြီး ကျွေးမွေး ပြုစုပေမယ့် အဖေနဲ့ အမေတို့ကျေးဇူးက မကုန်နိုင်ဘူးတဲ့။ ပြီးတော့ အဖေနဲ့ အမေကို မင်းစည်းစိမ်တွေပေးလည်း ကျေးဇူးမကျေနိုင်ဘူး။ ဘာကြောင့်လဲဆိုရင် အဖေနဲ့ အမေ ဟာ မိမိတို့ကို မွေးဖွားမိ ကာလကစပြီး သေသည့် ကာလတိုင်အောင် အမျိုးမျိုး စောင့်ရှောက်လာလို့ပါ။ လောကအကြောင်း ကောင်းကောင်းသိအောင် လမ်းညွှန် လာလို့ပါ။ ဗုဒ္ဓရှင်တော်မြတ် ဟောကြားတော်မူခဲ့တဲ့ မိဘ နှစ်ပါးရဲ့ ကျေးဇူးဂုဏ်တွေက အများကြီးပါပဲ။

ပြောချင်တာကတော့ မိမိအပေါ် ကျေးဇူးရှိခဲ့ဖူးသူကို သူနဲ့ထိုက်တန်တဲ့ကျေးဇူး ပြန်လည် ပေးဆပ်ကြရမှာပါ။ မိတ်ဆွေဆိုရင် မိတ်ဆွေနဲ့တန်တဲ့ကျေးဇူး၊ ဆရာဆိုရင် ဆရာနဲ့တန်တဲ့ကျေးဇူး ပေးဆပ်ကြရမယ်။ အဖေနဲ့ အမေကျတော့ တော်ရုံကျေးဇူးဆပ်ရုံနဲ့ မလုံလောက်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ အဖေနဲ့ အမေ ပြုလုပ်ထားခဲ့တဲ့ ကျေးဇူးတွေဟာ သားသမီးတွေအပေါ်မှာ မည်ရွေ့မည်မျှလို့ ရေတွက်လို့တောင် မရနိုင်ပါဘူး။

အဖေနဲ့ အမေဟာ နာရီစက္ကန့်မလပ် သားသမီးတွေအပေါ် မေတ္တာစိတ်ရောက်နေကြတယ်။ ဘယ်လောက်အလုပ်တွေများများ သတိရနေတတ်ကြတယ်။ အစားအသောက်ကောင်းတွေ စားရတဲ့အခါမှာလည်း စားစေချင်ကြတယ်။ အချိန်နဲ့အမျှ ပူပင်ရတာတွေ၊ စိုးရိမ်ရတာတွေ၊ သနားကရုဏာစိတ် ဖြစ်ရတာတွေဟာ မသေမီအထိပါပဲ။ ဒါကြောင့် အဖေ အမေဟာ သားသမီးတွေအတွက် ဘယ်လိုမှ မမေ့အပ်တဲ့ ကျေးဇူးရှင်တွေပါ။

■

"အကြောင်းတစ်ခုခုကြောင့်
ကိုယ်အဆင်မပြေ ဖြစ်ခဲ့စဉ်တုန်းက
'ဖြစ်မှဖြစ်ရလေ သားရယ်၊
ဖြစ်မှဖြစ်ရလေ သမီးရယ်' ဆိုတဲ့
အဖေတို့ အမေတို့ရဲ့ ရင်ထဲက
ကရုဏာစိတ်ကြောင့် နှုတ်ကထွက်လာတဲ့
အသံလေးတွေဟာ ကျေးဇူးတရားတွေကို
ပြန်အောက်မေ့တတ်ပြီး ခံစားတတ်တဲ့အခါမျိုးမှာ
ဆို့နင့်ကြေကွဲစွာ ခံစားရတတ်ပါတယ်..."



# အဖေနဲ့ အမေတို့ကျေးဇူး

ဘုရားရှင်က အဖေနဲ့ အမေဟာ ဗြဟ္မာ့ပြည်မှာရှိတဲ့ ဗြဟ္မာကြီးတွေနဲ့ တူတယ်လို့တောင် ဂုဏ်တင်တော်မူခဲ့တာပါ။ ဗြဟ္မာဆိုတာ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ အမြဲပျော်မွေ့နေကြတာ။ သတ္တဝါတွေအပေါ် ဘယ်သောအခါမှ ဖောက်ပြန်ပျက်စီးမှုမရှိအောင် ဗြဟ္မစိုရ်တရားကို ထိန်းသိမ်းနိုင်ကြတယ်။ ဆိုးတဲ့သူအပေါ်မှာလည်း ဗြဟ္မစိုရ်တရားထားတယ်။ ကောင်းတဲ့သူတွေအပေါ်မှာလည်း ဗြဟ္မစိုရ်တရားက မြဲတယ်။ သူတို့ရဲ့ ဗြဟ္မစိုရ်တရားဟာ ဆင်းရဲချမ်းသာ ဆိုး ကောင်း စတဲ့ အချက်တွေအပေါ်မှာ မူမထားဘဲ အားလုံးကို တစ်တန်းတည်းထားနိုင်တာပါပဲ။

အဖေနဲ့ အမေလည်း ဒီလိုပဲတဲ့။ အဖေနဲ့ အမေဟာ ဘယ်သားသမီးအပေါ်မှာမဆို ဘယ်အခြေအနေ ဘယ်

အခါဖြစ်ဖြစ် ချစ်တာပါပဲ။ ရုပ်ဆိုးရင်လည်း ချစ်တာပဲ။ မိုက်မဲနေရင်လည်း ချစ်တာပါပဲ။ ဘယ်သူက လိမ္မာလို့၊ ဘယ်သူက ပညာတတ်လို့ဆိုပြီး ပိုမချစ်ပါဘူး။ အတူတူ ပါပဲ။ ဒါပေမယ့် လိမ္မာရင်တော့ ချီးမွမ်းမှာပေါ့လေ။ အခြေခံအနေနဲ့ မခွဲခြားပါဘူး။ မိုက်တဲ့သူကို လိမ္မာစေ ချင်တယ်။ လိမ္မာသူကို ပိုပြီး လိမ္မာစေချင်တယ်။ သား သမီးတွေရဲ့ ကောင်းကျိုးကိုပဲ အမြဲလိုလားတယ်။ သား သမီးတွေ ဒုက္ခရောက်မှာကို ဘယ်လိုမှ မလိုလားနိုင်ကြ သူတွေဟာ အဖေနဲ့ အမေပဲ။ ဒါဟာ မိဘတိုင်း သားသမီး များအပေါ်ထားရှိတဲ့ တူညီတဲ့ မေတ္တာစိတ်ထားပါပဲ။

ဘယ်သားသမီးအပေါ်မှ ပိုတယ်လိုတယ် မရှိပါဘူး။ သားသမီးတွေဘက်ကသာ ခံယူချက်မှားပြီး အထင်မှား ခဲ့တာမျိုးပဲ ရှိပါလိမ့်မယ်။ ကိုယ်မွေးထားတဲ့ သားသမီးကို ကိုယ်လက်အင်္ဂါ မပြည့်မစုံ၊ ခန္ဓာကိုယ် မသန်မစွမ်း မွေးဖွားလာခဲ့ရင်တောင် ကိုယ့်သားသမီးလေးအပေါ်မှာ မေတ္တာတရားအပြည့်နဲ့ ချစ်နေကြတာပါပဲ။ ဒီလို မိဘနဲ့ သားသမီးမျိုးတွေကို မိမိတို့ ပတ်ဝန်းကျင်မှာ မြင်တွေ့ နိုင်ပါတယ်။ ဒါဟာ မိဘနှစ်ပါးရဲ့ သားသမီးအပေါ် ထားတဲ့ ကြီးမားတဲ့ မေတ္တာတရားပါ။

သားသမီးတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး ကိစ္စတွေ အဆင်မပြေလို့ စိတ်ပန်း ကိုယ်နွမ်းနဲ့ ပင်ပန်း မှုတွေ ကြုံရတဲ့အခါမျိုးမှာလည်း စုတ်တသက်သက်နဲ့

တကယ် ကရုဏာသက်တာဟာ အဖေနဲ့ အမေပါပဲ။ လူတိုင်းမှာ ဒီလိုအခါလေးတွေဆိုတာ ရှိခဲ့ဖူးကြပါတယ်။ ပြန်စဉ်းစားရင် ပေါ်တတ်ပါတယ်။ အကြောင်းတစ်ခုခု ကြောင့် ကိုယ်အဆင်မပြေ ဖြစ်ခဲ့စဉ်တုန်းက **"ဖြစ်မှ ဖြစ်ရလေ သားရယ်၊ ဖြစ်မှ ဖြစ်ရလေ သမီးရယ်"** ဆိုတဲ့ အဖေတို့ အမေတို့ရဲ့ ရင်ထဲက ကရုဏာစိတ်ကြောင့် နှုတ်ကထွက်လာတဲ့ အသံလေးတွေဟာ ကျေးဇူးတရား တွေကို ပြန်အောက်မေ့တတ်ပြီး ခံစားတတ်တဲ့အခါမျိုးမှာ ဆို့နင့်ကြေကွဲစွာ ခံစားရတတ်ပါတယ်။

သားသမီးတွေကြီးပွားချမ်းသာရင် အရင်ဆုံး ဝမ်းသာ သူတွေဟာ အဖေနဲ့ အမေပါပဲ။ လောကမှာ မနာလိုမှု ဆိုတာ သိပ်သိသာပါတယ်။ ပါးစပ်က မပြောပေမယ့် စိတ်ထဲကတော့ ကိုယ့်ထက်သာရင် မနာလိုတတ်ကြဘူး။ အဖေနဲ့ အမေကတော့ ဒီလိုမဟုတ်ပါဘူး။ သားသမီးတွေ ကြီးပွားချမ်းသာလေ ဝမ်းသာလေပဲ။ သားသမီးတွေ အပေါ်မနာလိုမှုဟာ အိပ်မက်တောင်မက်ကြမယ် မထင် ပါဘူး။ ပုထုဇဉ်သဘာဝ အပြောအဆိုမတတ်လို့ ဝမ်း မမြောက်နိုင်ဘူးလို့ ထင်ရပေမယ့် တကယ်တမ်းကျတော့ သားသမီးတွေ ပညာ၊ ရာထူး၊ စီးပွားဥစ္စာတိုးတက်မှု၊ ဖြစ်ထွန်းအောင်မြင်မှုတွေအပေါ်မှာ ကိုယ် ဘာမှမခံစားရ ပေမယ့် **'ငါ့သားကြီးက ဘာရာထူးဟဲ့၊ ငါ့သမီးကြီးက ဘယ်လောက်ချမ်းသာတာဟဲ့'** ဆိုတဲ့ စကားတွေကို လူပုံ

အလယ်မှာကို ကြွားဝါပြောဆိုပြီး ဝမ်းမြောက်ဝမ်းသာ ခံစားတဲ့အထိ မုဒိတာပွားတာဟာလည်း အဖေနဲ့ အမေပါပဲ။

ဥပေက္ခာဆိုတာလည်း ချစ်လို့ဖြစ်ရတာပဲ။ အဖေနဲ့ အမေတို့ကို မတိုင်ပင်ဘဲလုပ်တဲ့ ကိစ္စမျိုးတွေမှာ ခွင့်လွှတ်နားလည်ပေးတာတွေ၊ အပြစ်မမြင်ဘဲ မေတ္တာမျက်လုံးနဲ့ ကြည့်ပြီး သက်ပြင်းချလိုက်တာတွေဟာ ဥပေက္ခာတွေပါပဲ။

ဗုဒ္ဓမြတ်စွာဟာ အဖေ အမေ ကျေးဇူးဆပ်သူတွေကို ချီးမွမ်းတော်မူသလို အဖေ အမေ ကျေးဇူးကန်းသူတွေကိုလည်း ကဲ့ရဲ့တော်မူလေ့ရှိပါတယ်။ ဒါကလည်း ကဲ့ရဲ့ချင်လို့ မဟုတ်ဘူး။ ကျေးဇူးကန်းသူတွေ သတိရလာဖို့၊ ကျေးဇူးကို မြင်သိလာတတ်ဖို့၊ အကုသိုလ်အပြစ်တွေ မတိုးစေလိုတဲ့ မဟာကရုဏာတော်ကြောင့်ပါပဲ။

တချို့သားသမီးတွေဟာ ဆင်းရဲပင်ပန်းကြပါတယ်။ ကိုယ်က မွေးထားတဲ့ သားသမီးတွေကိုတောင် မနည်းရှာဖွေကျွေးမွေးနေကြရတယ်။ သူတို့ဟာ အဖေနဲ့ အမေကို ကျွေးချင် မွေးချင်ကြပေမယ့် မကျွေးမွေးနိုင်ကြရှာဘူး။ အနားမှာနေပြီး ပြုစုစောင့်ရှောက်ချင်ပေမယ့် ဘဝအခြေအနေအရ မနေနိုင်ရှာဘူး။ သူတို့ဘဝကတော့ သနားစရာပါ။ အဖေ အမေတို့ ကျေးဇူးကိုသိပေမယ့် အခြေအနေအရ မကျွေးမွေး၊ မပြုစုနိုင်တဲ့ သားသမီးတွေလည်း

အများကြီးပဲ။ ဒါပေမယ့် ခက်တာက မိမိတို့မှာ ပစ္စည်းဥစ္စာတွေ ပြည့်စုံပါလျက်၊ ကျွေးမွေးပြုစု စောင့်ရှောက်နိုင်ပါလျက်ကယ်နဲ့ မကျွေးမွေး၊ မပြုစု၊ မစောင့်ရှောက်ခြင်းပါပဲ။


ကိုယ့်အဖေ အမေနဲ့ ကိုယ့်ဇနီး ချွေးမနဲ့ မတည့်လို့၊ ကိုယ့်လင် သားမက်နဲ့ မတည့်လို့၊ ဘယ်သားကိုတော့ မျက်နှာလိုက်လို့၊ ဘယ်သမီးကိုတော့ အခွင့်အရေးပေးလို့ စတဲ့ အကြောင်းပြချက်တွေက မခိုင်လုံပါဘူး။ ကိုယ်က စေတနာထားရင် ကျေးဇူးသိတတ်ရင် ဘယ်လိုအခြေအနေရှိနေနေ ကျွေးလို့ရတာပါပဲ။ အဲဒီလို ပြုစုလုပ်ကျွေးနိုင်ပါလျက် မပြုစု မလုပ်ကျွေးတဲ့ လူမျိုးတွေကို ဘုရားက လူယုတ်မာလို့ သတ်မှတ်ပါတယ်။ ပြီးတော့ တချို့ အဖေအမေတွေဟာ ဟိုသားကပေးနိုးနိုး၊ ဒီသမီးက ထောက်ပံ့နိုးနိုးနဲ့ ဘယ်သူမှ မထောက်ပံ့တော့ ဆင်းရဲကြရှာတယ်။ တချို့လည်း အဆင်မပြေကြရှာဘူး။ အဲဒါဟာ အဖေအမေကို ညှဉ်းဆဲခြင်းတစ်မျိုးပဲ။ ရိုက်နှက်နေမှ ညှဉ်းဆဲတာမဟုတ်ဘူးနော်။ သေသေချာချာ စဉ်းစားကြပါ။

ကိုယ်က မကျွေးမွေး မစောင့်ရှောက်လို့ အဖေနဲ့အမေ ဆင်းရဲရတာ ကိုယ့်ကြောင့်ပဲ။ ကိုယ်ညှဉ်းတာပဲ။ အဲဒီတော့ လူဖြစ်ရင် လူယုတ်မာတော့ မဖြစ်သင့်ကြဘူးလေ။ ဘုရားကလည်း မကြိုက်ဘူး။ ဒီတော့ ယုတ်မာတယ်ဆိုတာ ပုဂ္ဂိုလ်နဲ့လည်း မဆိုင်ဘူး။ အမျိုးနဲ့လည်း မပတ်

သက်ဘူး။ မိမိ ဝတ္တရားမကျေပွန်လို့ မိမိ လူယုတ်မာဖြစ်ရခြင်းပါ။ အဲဒီလူယုတ်မာတွေဟာ နောင်တစ်ချိန်မှာ နောင်တရနေတတ်ကြတယ်။ အကြောင်းတစ်ခုခုနဲ့လည်း ပျက်စီးဆုတ်ယုတ်သွားနိုင်ပါတယ်။ ဒါကို သုတ္တနိပါတ် ဝသလသုတ်မှာ တွေ့ရပါတယ်။

ပြီးတော့ လူ့ပတ်ဝန်းကျင်မှာ မိဘကိုမလုပ်ကျွေးရင်၊ မပြုစု မစောင့်ရှောက်ရင် ပတ်ဝန်းကျင်ကနှာခေါင်းရှုံ့တာ ခံရမှာ သေချာတယ်။ နတ်တွေကလည်း မချစ်ဘူးပေါ့။ ဒီတော့ အကူအညီလိုရင် ဘယ်သူမှ မကူညီချင်ကြတော့ဘူး။ ဒီလိုနဲ့ မိဘ မလုပ်ကျွေးသူတွေဟာ အထီးကျန်ဘဝနဲ့ နိဂုံးချုပ်သွားကြရမှာ ဖြစ်ပါတယ်။

■



# မပြစ်မှားကြနဲ့

လောကမှာ မပြစ်မှားကောင်း၊ မစော်ကားကောင်းတဲ့ ပုဂ္ဂိုလ်တွေ ရှိပါတယ်။ အဲဒီထဲမှာ အဖေနဲ့ အမေလည်း ပါတယ်။ တချို့သားသမီးတွေများ မိဘကျေးဇူးကို မသိတတ်ရုံတင်မဟုတ်ဘူး။ မိဘကိုစော်ကားကြသေးတယ်။ ပြစ်မှားတယ် စော်ကားတယ်ဆိုတာ စကားအနေနဲ့သာ ရိုင်းတာပါ။ အဖေ အမေတို့ လုပ်စေချင်တာ မလုပ်တာ၊ မလုပ်စေချင်တာ လုပ်တာ၊ အဖေ အမေ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် ပြုမူတာတွေဟာ ပြစ်မှားစော်ကားတာတွေပါပဲ။

ဥပမာပြောရရင် သစ်ပင်အရိပ်အောက်မှာ နေခိုသူ တစ်ဦးဟာ ဘယ်နည်းနဲ့မှ သစ်ပင်ရဲ့ အကိုင်းအခက်

တွေကို မချိုးဖဲ့သင့်ပါဘူး။ အဲဒီ အကိုင်း၊ အခက်၊ အရွက် တွေကြောင့်ပဲ မိမိ အနားဖြေခွင့်ရနေတာ မဟုတ်လား။ **"အရိပ်နေနေ အခက်ချိုးချိုး"** ဆိုတာ စိတ်ထားယုတ်မာ သူတွေကို ပြောထားတာ။ တကယ်တော့ မိမိ နားခိုလို့ အမောပြေရင် လိုရာခရီး ဆက်ဖို့ပါပဲ။ အပင်ကို ရေ မလောင်းရင်နေပါ။ မစောင့်ရှောက်ရင်နေပါ။ အကိုင်း၊ အရွက်တွေကိုတော့ မချိုးဖို့ လိုပါတယ်။

ဒီလိုပါပဲ။ သားသမီးဆိုတာ အဖေ အမေတို့ရဲ့ အရိပ် အောက်မှာ နေထိုင်ခဲ့ရတယ်။ အဖေ အမေတို့ရဲ့ အေးမြတဲ့ မေတ္တာရိပ်အောက်မှာ ကြီးပြင်းလာခဲ့ရတယ်။ မိဘရဲ့ အထောက်အပံ့တွေ၊ အားပေးမှုတွေကြောင့် ပြည့်စုံခဲ့ရ တယ်။ ပညာတတ်ခဲ့ရတယ်။ ဒါကြောင့် အဖေ အမေတို့ရဲ့ မေတ္တာ စေတနာကို မစော်ကားသင့်ပါဘူး။ မိဘဆိုတာ ကတော့ သားသမီးတွေအပေါ် မျှော်လင့်ချက်တွေ ထားခဲ့ ကြပေမယ့် မျှော်လင့်တဲ့အတိုင်း ဖြစ်မလာရင်လည်း ဘယ် လိုမှ သဘောမထားကြဘူး။ မိမိတို့ ကံတရားကိုပဲ လွှဲချ ကြရှာတယ်။

အဖေနဲ့ အမေကို ပြစ်မှားစော်ကားသူဟာ အဖေ အမေကျေးဇူး မဆပ်သူထက်တောင် အပြစ်ကြီးပါတယ်။ မိတ္တဝိန္ဒကဆိုတာ ကြားဖူးကြမှာပါ။ သူဟာ အဖေမဲ့ သားဖြစ်ပါတယ်။ အဖေမဲ့သားဆိုတော့ အမေကပဲ အဖေ့ အစားပါ နှစ်ဆတိုး ချစ်မြတ်နိုးရှာပါတယ်။ ငယ်ငယ်

ရွယ်ရွယ်နဲ့ အဖေ့မေတ္တာ ဝေးသွားရရှာလို့ အမေက အရမ်းသနားနေပါတယ်။ ဒါပေမယ့် မိတ္တဝိန္ဒကကတော့ အမေ့မေတ္တာကို သိပ်နားမလည်ဘူးနဲ့တူပါတယ်။ အမေ ဆုံးမတာတွေကို နားမထောင်ဘူး။ အမေရဲ့ သွန်သင်တာ တွေဟာ ငါ့အတွက်ပါလားဆိုတာလည်းမသိဘူး။ အပေါင်း အသင်းတွေနဲ့ပဲ ပျော်လိုက်ပါးလိုက် အချိန်ကုန်စေပါတယ်။

တစ်နေ့တော့ မိတ္တဝိန္ဒကက ပင်လယ်ရပ်ခြားဒေသကို သင်္ဘောနဲ့ ခရီးထွက်မယ်ဆိုပြီး အမေ့ထံမှာ ခွင့်တောင်း တယ်။ ရေလမ်းခရီးဆိုတာ သိတဲ့အတိုင်းပဲ။ အန္တရာယ် သိပ်များတယ်။ မုန်တိုင်းတွေနဲ့ မိချင်မိနိုင်တယ်။ အခြား သင်္ဘောတွေနဲ့ တိုက်ချင်တိုက်နိုင်တယ်။ မျက်စိလည် လမ်းမှားနိုင်တယ်။ ဒီတော့ အမေဆိုတာ သားအတွက် ပူတာပေါ့။ ဘယ်သွားစေချင်ပါ့မလဲ။ ပင်လယ်ထဲမှာ ငါ့သားလေး တစ်ခုခုဖြစ်သွားရင်ဆိုတာပဲ တွေးနေမိတယ်။ အမေနဲ့သားပဲရှိတာမဟုတ်လား။ အမေဟာ သားအတွက် အသက်ရှင်နေရတယ်။ သားမရှိရင် အမေ ဘယ်လိုနေရ မှာလဲ။ ဒါတွေဟာ အမေ့နှုတ်ဖျားက ထွက်လာတာတော့ မဟုတ်ဘူး။ စိတ်ထဲက ပြောနေတာပါ။

ဒါကြောင့် အမေက မသွားဖို့တားတယ်။ သားက လည်း သွားမယ်ဟန် ပြင်နေတယ်။ ဒီတော့ သားမသွား နိုင်အောင် အမေက သားရှေ့မှာ ခန္ဓာကိုယ်နဲ့ ကာဆီး လိုက်တယ်။ မိတ္တဝိန္ဒက ဘယ်လိုလုပ်မယ် ထင်သလဲ။

အမေ့ကို ဆောင့်တွန်းလိုက်တယ်။ မိမိအကျိုးလိုလားသူကို အကျိုးဖျက်သူလို့ အမေ့ကို မြင်လာတယ်။ ဒါဟာ မဖြစ်သင့်တဲ့ ကိစ္စပဲ။ အကျိုးအကြောင်း မဆင်ခြင်နိုင်ရင် မိတ်ဆွေကိုလည်း ရန်သူထင်တတ်ပါတယ်။ အမေဟာ သားဖြစ်သူရဲ့ ဆောင့်တွန်းမှုကြောင့် လဲကျသွားပါတယ်။ မိတ္တဝိန္ဒကဟာ လဲကျသွားတဲ့ အမေကို ဖေးမပေးဖို့ နေနေသာသာ ငဲ့စောင်းတောင်မကြည့်ဘဲ ရေလမ်းခရီး ထွက်ဖြစ်အောင်ထွက်ခဲ့ပါတယ်။

သင်္ဘောသားတွေ ထူးဆန်းအံ့သြစရာ ကောင်းလွန်းရင် သက်မဲ့အရာဝတ္ထုတွေမှာလည်း သဘာဝနဲ့ ဆန့်ကျင်တဲ့ ပုံစံတွေ ဖြစ်လာတတ်တယ်။ မိတ္တဝိန္ဒက လိုက်ပါလာတဲ့ သင်္ဘောဟာ ပင်လယ်တွင်းရောက်တော့ အံ့သြစရာ ကောင်းလောက်အောင်ရပ်တန့်သွားတယ်။ သင်္ဘောသားတွေ ဘယ်လိုလုပ်လုပ် မရွေ့တော့ဘူး။ ဒီတော့ လူယုတ်မာ ပါလို့ဖြစ်မယ်ဆိုပြီး မဲချကြတယ်။ မိတ္တဝိန္ဒကပဲ မဲပေါက်တာပေါ့။ သုံးကြိမ်တိုင်ပါပဲ။ ဒါဟာ မိဘကို စော်ကားတဲ့ အကုသိုလ်ကံရဲ့ ချက်ချင်းအကျိုးပေးခြင်းပါ။ မိတ္တဝိန္ဒက ဟာ နောက်ဆုံး ပင်လယ်တွင်း ပစ်ချခံရပြီး ဆင်းရဲဒုက္ခ တွေနဲ့ ကြုံတွေ့သွားပါတယ်။ ဒါဟာ အမေ့မေတ္တာ စေတနာကို စော်ကားတဲ့ မကောင်းမှုရဲ့အကျိုးဆက်ပါပဲ။ ဒီခေတ်မှာလည်း အဖေတို့ အမေတို့ရဲ့ စေတနာ၊ မေတ္တာကို စော်ကားလို့ ဒုက္ခရောက်တဲ့ သားသမီးတွေ အများကြီး

ရှိပါတယ်။ အဖေ အမေတို့ရဲ့ မေတ္တာတရားဟာ အဖေ အမေတို့ကို စိတ်ချမ်းသာစေချင်ရင် ပိုမိုအင်အားကောင်းပြီး သားသမီးတွေကို ကောင်းကျိုးပြုမှာပါ။

■



"ဒီလိုပဲ ခွေးနဲ့တူတဲ့ သားသမီးတွေဟာ
အဖေနဲ့ အမေကို ပြန်မကျွေးမွေးချင်ကြဘူး။
ကျွေးမွေးရင်လည်း
ထမင်းတစ်လုပ် တုတ်တစ်ချက်ဆိုသလို
အမျိုးမျိုး ပြစ်တင်ပြောဆိုနေတတ်ကြတယ် . . ."





# ပြစ်မှားတဲ့သူ ဘာနဲ့တူ

"ခွေးနှင့်တမျှ၊ ထိုဗာလတို့၊ မိဘနှစ်ပါး၊ ကြီးမားဂုဏ်အင်၊ ကျေးဇူးရှင်ကို၊ ပြင်ပြင်မရှု၊ မပြုမမွေး၊ မလုပ်ကျွေးဘူး၊ ဆဲရေးရေရွတ်၊ နှုတ်ပေါက်လွှတ်နှင့်၊ ပုတ်ခတ်ခိုက်ထိ၊ ပြုကုန်ဘိကြောင့်၊ ဖမိတကာ၊ ခိုရာမဲ့သီး၊ သားသမီးအား၊ ပြန်ပြီးကြောင့်ကြ၊ နေကုန်ရ၏"

(မဃဒေဝ ၂၄၄)

မန်လည်ဆရာတော်ကြီးက မဃဒေဝလင်္ကာမှာ အဖေနဲ့ အမေရဲ့ဂုဏ်ကျေးဇူးတရားကို မသိသူတွေ၊ မသိကျိုးနွံ ပြုနေသူတွေ၊ ပြုစုစောင့်ရှောက်မှု မပြုသူတွေ၊ အဖေနဲ့ အမေကို ဆဲရေးတိုင်းထွာသူတွေ၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုသူတွေ၊ ပုတ်ခတ်စော်ကားသူတွေကို ခွေးနဲ့တူတယ်လို့တောင် ခိုင်းနှိုင်းခဲ့တာပါ။ ဟုတ်တယ်။

အဲဒီလူတွေဟာ အဟိတ်တိရစ္ဆာန် ခွေးတွေလိုပါပဲ။ ခွေးဆိုတာ ဘာမှမသိတော့ မိမိကိုမွေးခဲ့တဲ့၊ နို့ချိုတိုက်ကျွေးခဲ့တဲ့၊ ဘေးအန္တရာယ်များမှ စောင့်ရှောက်ခဲ့တဲ့ အမေခွေးမကြီးကို အရွယ်ချင်းတူလာတဲ့အခါ ပြန်ကိုက်တယ်၊ မာန်ဖီတယ်။

ဒီလိုပဲ ခွေးနဲ့တူတဲ့ သားသမီးတွေဟာ အဖေနဲ့အမေကို ပြန်မကျွေးမွေးချင်ကြဘူး။ ကျွေးမွေးရင်လည်း ထမင်းတစ်လုပ် တုတ်တစ်ချက်ဆိုသလို အမျိုးမျိုး ပြစ်တင်ပြောဆိုနေတတ်ကြတယ်။ သားသမီးကိုးယောက် ဆယ်ယောက်ကို အဖေနဲ့အမေ နှစ်ယောက်တည်း ရှာဖွေကျွေးမွေးနိုင်ခဲ့တယ်။ အဲဒီတုန်းက အဖေနဲ့အမေဟာ ဝမ်းမြောက်စွာနဲ့ ကြည်ကြည်ဖြူဖြူကြီးကို ကျွေးမွေးခဲ့ကြတာ။ သားသမီးတွေ များများစားနိုင်လေ ဝမ်းသာလေပဲ။ တစ်ခါတလေ ဟင်းမကောင်းလို့ သားသမီးတွေ သိပ်မစားနိုင်ရင်တောင် စိတ်မကောင်းကြဘူး။ ဒါပေမယ့် မိဘကိုပြန်ပြီး ကျွေးမွေးရမယ့်အလှည့်ကျတော့ တစ်မျိုးဖြစ်သွားပြီ။ မကြည်ဖြူကြတော့ဘူး။ သူ့တာဝန် ငါ့တာဝန်နဲ့ လွှဲချနေကြတယ်။ ကျေးဇူးသိ ကျေးဇူးဆပ်တဲ့ တချို့ သားသမီးတွေတော့ ရှိပါတယ်။ ဒါပေမယ့် အလွန့်အလွန်ကို နည်းပါတယ်။

■

# သားလေးယောက်အဖေ ဒုက္ခဝေ

ဘုရားလက်ထက်တုန်းက ငွေရှစ်သိန်း ချမ်းသာတဲ့ ပုဏ္ဏားကြီးကို ကြည့်ပေါ့။ ပုဏ္ဏားကြီးက အိမ်ထောင်ကျသွားတဲ့ သားလေးယောက်ကို တစ်သိန်းစီ အမွေပေးလိုက်တယ်။ ကျန်လေးသိန်းကတော့ သူတို့လင်မယား မသေခင် စားသွားရဦးမှာလေ။ သူတို့ကို စိတ်ချရတာ မဟုတ်ဘူး။ သားတွေကတော့ ငွေတစ်သိန်းကို သုံးလို့ ဖြုန်းလို့ပေါ့။ ဒီငွေကို အပင်ပန်းခံရှာထားတာက အဖေနဲ့ အမေပါ။ သူတို့ အလွယ်လေး သုံးဖြုန်းနေလိုက်ကြတာ။

အမေပုဏ္ဏေးမကြီး သေတဲ့အခါ သားလေးယောက် ထပ်ရောက်လာတယ်။ အဖေကြီးကို ဝတ်ကောင်းစားလှတွေဝတ်ဆင်ပေး၊ စားကောင်းသောက်ဖွယ်တွေနဲ့ ပြုစု

လုပ်ကျွေး၊ ခြေဆုတ်လက်နယ် ပြုစုစောင့်ရှောက်ပေးပေါ့။ အဖေကြီး သဘောတွေကျပြီး ဝမ်းသာကြည်နူးဖြစ်တဲ့ အခါကျမှ နောက်အိမ်ထောင်ပြုခြင်းရဲ့ ဆိုးကျိုးတွေ၊ ပစ္စည်းဥစ္စာတွေ စောင့်ရှောက်ရတဲ့ ဒုက္ခတွေကိုပြောပြီး ရှိတာတွေကို သားလေးယောက်ကို ခွဲဝေပေးဖို့ ကျန်တဲ့ ငွေလေးသိန်းကို တစ်သိန်းစီ ထပ်ခွဲပေးဖို့ ပြောကြတာပဲ။ အမွေခွဲခိုင်းတာပေါ့။ အဖေကိုတော့ သားတွေအိမ်မှာ တစ်ပတ်စီ အလှည့်ကျနေထိုင်ခိုင်းပြီး ပြုစုလုပ်ကျွေးမည့် အကြောင်း၊ အဖေ ချက်စရာလည်း မလိုတော့ကြောင်း၊ ထိန်းသိမ်းရတဲ့ ဒုက္ခလည်း မရှိတော့ကြောင်းတွေကို ဝေဆာနေအောင် ပြောကြတာပေါ့။ လောလောလတ်လတ် ပြုစုပေးနေတော့ အဖေကလည်း ယုံတာပေါ့။ သားသမီး တွေစကား အလွယ်ယုံတာလည်း အဖေနဲ့ အမေပဲ။ အဖေနဲ့ အမေဟာ သားသမီးတွေပြောရင် ပြောတဲ့အတိုင်း တတ်နိုင်ရင် လုပ်ပေးတာပဲ။ ဒီတော့ ပုဏ္ဏားကြီးကလည်း ယုံတယ်။ ရှိတာတွေ ထုခွဲရောင်းချပြီး ခွဲဝေပေးလိုက်တယ်။ ငွေလည်း တစ်သိန်းစီထပ်ပေးလိုက်တယ်။ သူ့မှာတော့ ငွေတစ်ပြားမှ မကျန်တော့ဘူး။ မကျန်ပေမယ့် ကိစ္စ မရှိဘူး။ ကျေနပ်နေတာပါပဲ။ ပေးလိုက်နိုင်တာကိုပဲ ဝမ်းသာနေတာပါပဲ။

နောက်တော့ သားလေးယောက်အိမ်မှာ တစ်ပတ်စီ လိုက်နေတယ်။ အဆင်မပြေပါဘူး။ ချွေးမတွေက ယောက်ျား

ရှေ့တစ်မျိုး၊ ယောက်ျားကွယ်ရာတစ်မျိုးနဲ့၊ ယောက်ျား တွေကလည်း မိန်းမတွေပြောတာ ယုံကြတာပဲ။ ဒီလိုနဲ့ နောက်ဆုံးမှာ ပုဏ္ဏားကြီးကို ဘယ်သားတွေကမှ လက်မခံ တော့လို့ အဝတ်ဖြူဝတ်ပြီး သူတို့ခေတ်က အခေါ်အဝေါ် နဲ့ပြောရရင် ပရဗိုဇ်ရဟန်းအဖြစ်နဲ့ လှည့်လည်တောင်းစား ရတဲ့ဘဝ ရောက်သွားရှာပါတယ်။

ဒါတွေဟာ အဖေ့ရဲ့ ယုံကြည်မှုကို စော်ကားလိုက် တာပါပဲ။ အဖေ့ရဲ့မေတ္တာစေတနာကို လိမ်လည်လှည့်စား ကြတာပါပဲ။ အဖေ သက်သက်ဒုက္ခရောက်အောင် လုပ်လိုက်ကြသလိုပါပဲ။ ဒီလို သားသမီးဆိုးတွေကြောင့် ဆင်းရဲဒုက္ခတွေ့ကြုံနေတဲ့မိဘတွေ၊ ဘုရားကြိုဘုရားကြား နေထိုင် တောင်းစားနေကြရတဲ့ မိဘတွေ ဒုနဲ့ဒေးပါ။ မတွေ့ချင် မမြင်ချင်အဆုံးပါ။ ဟုတ်ပါ့မလား ဖြစ်နိုင်ပါ့ မလားလို့ စာဖတ်သူ တွေးချင်တွေးပါလိမ့်မယ်။ လေ့လာ ကြည့်ပါ။ စာရေးသူကိုယ်တိုင် မြင်တွေ့ခဲ့ရတာပါ။

နောက်တော့ ပုဏ္ဏားကြီးရဲ့သားတွေကို အရပ်က သည်းမခံနိုင်လို့ သူတို့ခေတ်ကာလက ဥပဒေအတိုင်း ခေါင်းဖြတ်သတ်မယ် လုပ်ကြတယ်။ ရိုက်မယ်နှက်မယ် လုပ်ကြတယ်။ အဲဒီအခါ ဖခင်မေတ္တာစိတ်ရဲ့ အမှန်တရား ဟာ မခံစားနိုင်ရှာဘူး။ သူ့သားတွေကိုမသတ်ဖို့ ဒီတစ် ကြိမ်အများအတွက် ခွင့်လွှတ်ဖို့နဲ့ ဒီသားတွေသာ အသတ် ခံရရင် သူလည်း ဒီသောကဒဏ်ချက်နဲ့ သေရမယ့်

အကြောင်း တောင်းပန်စကားဆိုရင်း တားရှာတယ်။ အဖေ့ရဲ့ မေတ္တာစွမ်းအားကြောင့် သားတွေဟာ သေဘေးက လွတ်ခဲ့ရတယ်။ အဲဒီမိဘမေတ္တာကိုသာကြည့်ကြပါတော့။

**"ဖမိတကာ၊ ခိုရာမဲ့သီး၊ သားသမီးအား၊ ပြန်ပြီး ကြောင့်ကြ၊ နေကုန်ရ၏"** ဆိုတဲ့ မန်လည်ဆရာတော်ကြီးရဲ့ လင်္ကာဟာ အရမ်းမှန်တာပဲ။ သားသမီးတွေ ပစ်ထားတဲ့ အတွက် ဒုက္ခရောက်နေကြတဲ့ မိဘတွေဟာ သားသမီး တွေကို စိတ်မဆိုးတဲ့အပြင် သားသမီးတွေအတွက် ပြန် ပူနေကြရတယ်။ မိဘတွေဟာ အသက်ကြီးလာရင် သား သမီးတွေမျက်နှာ ကြည့်နေကြရတယ်။ သားသမီးတွေ ငြိုငြင်မှာ စိုးတဲ့အတွက် တချို့မိဘတွေဆို ဘာမှဝင်ပြော ခွင့်၊ ဆုံးမခွင့်မရရှာကြဘဲ ကျောက်ရုပ်လိုနေကြရတယ်။

**"ဟတ္ထိအဿ၊ ဂေါဏမဟိံသာ၊ စသည် မှာလည်း၊ ပျိုခါစေစား၊ အိုခါရှား၍၊ စွန့်ထား ပယ်ကာ၊ မပြုရာဘူး"**

*(မဃဒေဝ ၁၉၈)*

လူတွေဟာ ကျွဲ၊ နွား စတဲ့ တိရစ္ဆာန်တွေရဲ့ ကျေးဇူးနဲ့ မကင်းကြပါဘူး။ ကျွဲ၊ နွားတွေ ထွန်ယက်ပေးလို့ စပါး ဆန်တွေရကြတယ်။ အဲဒီစပါး ဆန်တွေစားသုံးပြီး လူတွေ အသက်ရှင်နေတာမဟုတ်လား။ ကျွဲတွေ၊ နွားတွေ ငယ်တုန်း ကတော့ ပိုင်ရှင်တွေဟာ ဂရုစိုက်ကျွေးမွေးပြုစုကြတယ်။ ဘာကြောင့်လဲဆိုရင် လယ်ယာလုပ်ငန်းမှာ အသုံးဝင်လို့

ပေါ့။ ကျွဲ၊ နွားတွေ အသက်ကြီးလာပြီဆိုရင် ထမ်းပိုး မရုန်းနိုင်တော့ဘူး။ အလုပ်မလုပ်နိုင်တော့ဘူး။ အဲဒီ အခါမှာ ဘာမှ အသုံးမဝင်တော့ဘူးဆိုပြီး ဘာမှကျေးမွေး ပြုစုခြင်းမရှိ ပစ်ထားတယ်ဆိုရင် တိရစ္ဆာန်ဖြစ်ပေမယ့် ကျေးဇူးတရားနဲ့ အောက်မေ့ရင် ဘယ်သင့်တော်ပါ့မလဲ။ သူလုပ်နိုင်ခဲ့တုန်းက လုပ်ခဲ့ပြီးပြီပဲ။ အဲဒါတွေကို မေ့ထားပြီး အိုခါမှ စွန့်ပစ်ထားကြမယ်ဆိုရင် မတရားရာကျပါတယ်။ တကယ်တော့ အဲဒီလို မလုပ်သင့်ပါဘူး။ အတိတ်က ပြုလုပ်ခဲ့တာတွေကို အာရုံပြုပြီး ဆက်လက်စောင့်ရှောက် ပေးကြရမှာ ဖြစ်ပါတယ်။

ဆိုလိုတာက အဲဒီလို အဟိတ်တိရစ္ဆာန်ကိုတောင် အိုတဲ့အထိ ကျွေးမွေးစောင့်ရှောက်သင့်ရင် လူဆိုရင် ပြော စရာတောင် မလိုဘူးထင်တယ်။ အဖေ အမေဆိုရင် စဉ်းစားနေစရာတောင် မလိုဘူး။ အဖေနဲ့ အမေဟာ အသက်ငယ်စဉ်က မိမိတို့ကို ရှာဖွေကျွေးမွေး ပညာတွေ သင်ကြားပေးခဲ့ပြီးပြီပဲ။ တာဝန်ကျေခဲ့ပြီးပြီပဲ။ အဲဒီ ကျေးဇူးတွေကို မေ့ပစ်ပြီး အသက်ကြီးခါမှ ပစ်ထားမယ်။ လူရာမသွင်းဘူးဆိုရင် မိမိတို့လောက် ကျေးဇူးမသိတတ်သူ လောကမှာ ရှိနိုင်တော့မှာ မဟုတ်ဘူးလို့ မှတ်ပါ။

လူတိုင်းလူတိုင်း အမှားဆိုတာ မကင်းကြပါဘူး။ မသိလို့မှားတာမျိုး၊ သတိမေ့လျော့နေလို့မှားတာမျိုးဆိုတာ ဖြစ်တတ်ပါတယ်။ အမှန်သိရင်တော့ ပြင်ရမှာပေါ့။

ဒါဟာ သူတော်ကောင်းလမ်းစဉ်ပဲ။ ပုဏ္ဏားကြီးနဲ့ သား လေးယောက်ဇာတ်လမ်းဟာ နောက်ဆုံး သားတွေလိမ္မာပြီး အဖေအိုကြီးကို ပြန်ပြီး ပြုစုလုပ်ကျွေးဖြစ်သွားတယ်။ ဘုရားရှင်ရဲ့ မိဘကျေးဇူးဆပ်တရားကို နာကြားလိုက် ရတဲ့အခါ အဖေကြီးရော သားတွေပါ သောတာပန် ဖြစ်သွားခဲ့ကြတယ်။ ဒီတရားမျိုးတွေဟာ မိမိတို့ရဲ့ဘဝမှာ လက်တွေ့ အတုယူကျင့်သုံးရမယ့် တရားတွေပါ။

■



# အဖေ အမေတို့ မျှော်လင့်ချက်

အဖေနဲ့အမေတို့ဟာ သားသမီးတွေအပေါ်မှာ မျှော်လင့်ချက်ငါးမျိုးထားခဲ့ကြတယ်လို့ အင်္ဂုတ္တိုရ်ပါဠိတော် ပုဏ္ဏသုတ်မှာ ရှင်တော်မြတ်ဘုရားက မိန့်ကြားတော်မူခဲ့ပါတယ်။ အဲဒီမျှော်လင့်ချက်တွေဟာ ဖြစ်ထိုက်တဲ့မျှော်လင့်ချက်တွေပါ။ ပြီးတော့ သားတွေ၊ သမီးတွေလည်း တကယ်ဖြည့်ဆည်းပေးနိုင်တဲ့မျှော်လင့်ချက်တွေပါ။ အဲဒီမျှော်လင့်ချက်တွေက. . .

၁။ ငါတို့ အိုမင်းမစွမ်းတဲ့အခါ ငါတို့ သားသမီးတွေက ငါတို့ကို ပြုစုစောင့်ရှောက်ပေးကြလိမ့်မယ်။

၂။ ငါတို့ပြုလုပ်တဲ့ ကိစ္စအဝဝတွေကိုလည်း ငါတို့ကိုယ်စား ပြုလုပ်ပေးကြလိမ့်မယ်။

၃။ ငါတို့ရဲ့ လောကီ၊ လောကုတ္တရာ အမွေခံယူသူများ ဖြစ်ကြလိမ့်မယ်။
၄။ ငါတို့ရဲ့အမျိုးဘာသာကို ဆက်လက်စောင့်ထိန်းကြလိမ့်မယ်။
၅။ ငါတို့ကွယ်လွန်လျှင် ငါတို့ကို ရည်စူးရည်မှန်းပြီး ကုသိုလ်ပြု အမျှအတန်းပေးဝေကြလိမ့်မယ်တဲ့။

အဲဒီငါးပါးဟာ အဖေနဲ့ အမေတို့ မျှော်လင့်ချက်တွေဖြစ်သလို သားသမီးတွေပြုရမယ့် ဝတ္တရားတွေလည်း ဖြစ်ပါတယ်။ သားသမီးတွေဟာ သားသမီးဝတ္တရားတွေသာ ကျေပွန်ခဲ့ရင် အဖေ အမေတို့ရဲ့ မျှော်လင့်ချက်ငါးပါးလည်း ပြီးမြောက်သွားမှာပဲ။

ဒါကို သင်္ဂဟဆရာတော်က "**ကျွေးမွေးမပျက်၊ ဆောင်ရွက်စီမံ၊ မွေခံထိုက်စေ၊ လျှုမျှဝေ၍၊ စောင့်လေမျိုးနွယ်၊ ဝတ်ငါးသွယ်၊ ကျင့်ဖွယ်သားတို့တာ**"လို့ လင်္ကာစီကုံးထားပါတယ်။

အဖေနဲ့ အမေဟာ မိမိတို့အပေါ်မှာ မိဘတို့ရဲ့ဝတ္တရားဆိုသည့်အတိုင်း. . .

၁။ မကောင်းမှုမှန်သမျှ မပြု၊ မပြော၊ မကြံဖြစ်အောင် တားမြစ်ခဲ့ကြတယ်။ ဆုံးမခဲ့ကြတယ်။
၂။ ကောင်းမှုမှန်သမျှကိုလည်း ပြု၊ ပြော၊ ကြံစီဖြစ်အောင် တိုက်တွန်းပြုလုပ်ပေးခဲ့ကြတယ်။

၃။ အတတ်ပညာတွေလည်း သင်ကြားပေးပြီး ဖြစ်ကြတယ်။

၄။ သူတို့ပိုင် ပစ္စည်းတွေကိုလည်း ခွဲဝေပေးပြီး ဖြစ်ကြပါတယ်။

၅။ အရွယ်ရောက်ကြတဲ့အခါ သင့်တော်သူနဲ့ လက်ထပ်ပေးပြီးလည်း ဖြစ်ကြတယ်။

အဲဒီလို ဘက်ပေါင်းစုံက သားသမီးတွေအပေါ်မှာ မေတ္တာတရားအပြည့်နဲ့ ကောင်းကျိုးပြုပေးခဲ့ကြတဲ့ အဖေနဲ့အမေတို့ မျှော်လင့်ချက်တွေဟာ မပြောလည်း သိရမယ့် ဝတ္တရားတွေပါ။ မတိုက်တွန်းလည်း လုပ်သင့်တဲ့ကိစ္စတွေပါ။

■



"အဖေ အမေတို့ မျှော်လင့်ချက်တွေ ပြည့်ဝစေဖို့
အဖေ အမေတို့ရဲ့ ကျေးဇူးကို
ပေးကို ပေးဆပ်မယ်လို့
စိတ်ထဲ နှလုံးထဲမှာ
စွဲစွဲမြဲမြဲ သန္နိဋ္ဌာန် ချထားဖို့လိုပါတယ်။
အဖေနဲ့ အမေဟာ
မိမိတို့ မျှော်လင့်ချက်တွေကို
ဘယ်တော့မှ နှုတ်က ပြောမထွက်ကြဘူး . . ."



# ပြုစုယုယ မိနဲ့ဖ

အဖေနဲ့ အမေကို ပြုစုလုပ်ကျွေးခြင်းဟာ အဖေနဲ့ အမေတို့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပေးရုံတင်မဟုတ်ဘူး။ မင်္ဂလာတစ်ပါးအဖြစ်နဲ့တောင် ဘုရားရှင်ဟောထားပါတယ်။ မင်္ဂလာဆိုတာ မကောင်းမှုမှန်သမျှ မဖြစ်တာ၊ ကောင်းမှု မှန်သမျှဖြစ်တာကို ဆိုတာပါ။ ဟုတ်ပါတယ်။ အဖေနဲ့ အမေကိုလုပ်ကျွေးရင် အဖေနဲ့ အမေလည်း စိတ်ချမ်းသာမယ်။ သားသမီးတွေလည်း ကုသိုလ်တွေရမယ်လေ။ ဒီတော့ မဖြစ်သင့်တာတွေ အားလုံး မဖြစ်တော့ဘူးပေါ့။ ဒုက္ခ ရောက်ကြရတဲ့ မိဘတွေ မရှိနိုင်တော့ဘူးပေါ့။ ဒါတွေ ဟာ သန္ဒိဋ္ဌိက တကယ်လက်တွေ့ကျတဲ့ တရားတွေပါ။

"**ကတညုတ ကတဝေဒီ**" ပုဂ္ဂိုလ်ဆိုတာ သူပြုဖူးတဲ့ ကျေးဇူးတွေကို တအောက်မေ့မေ့နဲ့ ကျေးဇူးပြန်ဆပ် ဖြစ်အောင် ဆပ်တဲ့သူပါ။ အဲလိုလူမျိုးကို လောကမှာ

ရနိုင်ခဲ့တယ်လို့ ဘုရားရှင်ဟောတော်မူပါတယ်။ သားငယ်၊ သမီးငယ်တွေ၊ ညီ၊ ညီမတွေအားလုံး "**ကတညုတာ ကတဝေဒီ**" မင်္ဂလာတရားနဲ့ ပြည့်စုံကြရင် အဖေနဲ့ အမေတို့ မျှော်လင့်ချက်တွေပြည့်ပြီး စိတ်ချမ်းသာနေကြမှာပဲနော်။

အဖေ အမေတို့ မျှော်လင့်ချက်တွေ ပြည့်ဝစေဖို့ အဖေ အမေတို့ရဲ့ကျေးဇူးကို ပေးကို ပေးဆပ်မယ်လို့ စိတ်ထဲ နှလုံးထဲမှာ စွဲစွဲမြဲမြဲ သန္နိဋ္ဌာန် ချထားဖို့လိုပါတယ်။ အဖေနဲ့ အမေဟာ မိမိတို့ မျှော်လင့်ချက်တွေကို ဘယ်တော့မှ နှုတ်က ပြောမထွက်ကြဘူး။ ဘုရားရှင်က အဖေ အမေတို့ကိုယ်စား နှုတ်ထွက်ဟောပေးခဲ့လို့သာ သိခဲ့ကြရတာပါ။ ဒါကို သင်္ဂဇာဆရာတော်ကြီး စပ်ဆိုတဲ့ လင်္ကာလေးတွေကို ခေါင်းစဉ်တင်ပြီး ရေးသားပါ့မယ်။

■



# ကျွေးမွေးမပျက်

ကျွေးမွေးမပျက်တဲ့ . . မင်းတို့တွေ အမေ့ရင်ခွင်ထဲမှာ နို့ချိုတွေ သောက်စို့နေတဲ့အချိန် မင်းအဖေ အမေတို့ရဲ့ မျက်ဝန်းအစုံဟာ နို့ချိုတွေသောက်စို့နေတဲ့ မင်းကို ကြည့်ပြီးတော့ ပီတိအပြုံးလေးနဲ့ မျှော်လင့်ချက်တစ်ခုဝင် ခဲ့တယ်။ "ငါတို့ဟာ သင်္ခါရ သဘောတရားအတိုင်း တဖြည်းဖြည်း အိုရကြဦးမှာ။ ငါတို့တွေ အိုမင်းမစွမ်း ဖြစ်လာတဲ့အခါ ထမီမနိုင်၊ ပုဆိုးမနိုင်၊ ကျင်ငယ်မနိုင်၊ ကျင်ကြီးမနိုင်ဖြစ်လို့ သတိတွေမခိုင်ကြတဲ့ ဘဝမျိုးများ ရောက်ခဲ့ရင် အားငယ်စရာမလိုတော့ဘူး။ ဟောဒီ ရင်ခွင် ထဲက ငါ့သားကြီးက၊ ငါ့သမီးကြီးက ငါ့ကို ပြန်ပြုစု ပေးမှာ၊ လုပ်ကျွေးပေးမှာလို့ မင်းအဖေနဲ့ အမေတို့က

**မျှော်လင့်ခဲ့တယ်**”လို့ ဘုရားရှင်က မိန့်ကြားတော်မူခဲ့တယ်လေ။

ဒါကြောင့် သားသမီးတွေအနေနဲ့ မိမိကိုယ်ကို အမှန်အတိုင်း မညာမတာ ဝေဖန်ကြရမှာပါ။ အဖေ အမေတို့ရဲ့ နံပါတ်တစ်မျှော်လင့်ချက်ကို ငါတို့ ဘယ်လောက်ဖြည့်ဆည်းပြီးပြီလဲ။ ဘယ်လောက်တာဝန်ကျေပြီလဲ။ ဘယ်လောက်လုပ်ကျွေးပြီးပြီလဲ။ အဖေ အမေတို့အပေါ် ငါတို့သနားတာ၊ ငဲ့ညှာတာရှိရဲ့လား။ ခြေဆုပ်လက်နယ် ဘယ်လောက်ပြုစုပြီးပြီလဲ။ ဝေဖန်ကြပါ။ ဆန်းစစ်ကြည့်ကြပါ။ တချို့က ငါတို့တွေ အမေတို့နဲ့ အတူနေတော့တာ မဟုတ်ဘူး။ အတူနေသူတွေ ပြုစုကြလိမ့်မယ်ဆိုပြီး ရှောင်ဖယ်နေတတ်ကြတယ်။ သူတို့က အဖေ အမေတို့နဲ့ အတူနေ အတူစားခဲ့ရတာကို မေ့သွားပြီပေါ့။ အဖေ အမေလုပ်စာ အားရအောင်စားပြီး ကိုယ့်အလှည့်ကျတော့ ဟင်းလေးတစ်ခွက်မှ မပို့ချင်ရင်၊ ကောင်းတဲ့ဆေးဝါး အာဟာရလေးတွေမှ မပို့နိုင်ရင် အမွေခံထိုက်တဲ့သားသမီး ဖြစ်ပါ့မလား။ စဉ်းစားနော်။ ဟိုအကြောင်းပြ ဒီအကြောင်းပြနဲ့ လုပ်မနေသင့်ဘူး။ ကြိုးစားပြီး ကျွေးမွေးပါ။ ပြုစုပါ စောင့်ရှောက်ပါ။ ခလုတ်ထိမှ အမိမတပါနဲ့။

အမြဲတမ်း အမေ့ကိုသတိရပါ။ အဖေ့ကို အောက်မေ့ပါ။ ကျေးဇူးတွေကို ဆင်ခြင်ပါ။ အဖေ့ဆန္ဒ၊ အမေ့ဆန္ဒ၊ အဖေ့မျှော်လင့်ချက်၊ အမေ့မျှော်လင့်ချက်တွေ ပြည့်ဝအောင်

အဖေတို့ အမေတို့ အသက်ကြီးလာတဲ့အခါ၊ အိုလာတဲ့အခါ ထမင်းစား၊ ရေသောက်၊ ရေချိုး စတဲ့ အသေးအဖွဲကိစ္စလေးတွေကအစ ဂရုတစိုက် ပြုစုပေးကြပါ။ လိုအပ်တဲ့ဆေးဝါးခါတ်စာတွေရအောင် စီစဉ်ပေးပါ။ အားပေးစကားလေးတွေနဲ့ ခြေဆုပ်လက်နယ် ပြုစုပေးကြပါလို့ တိုက်တွန်းချင်ပါတယ်။ သေမှငိုနေတာထက် မသေခင် ကျွေးမွေးပြုစုဖို့က ပိုအရေးကြီးပါတယ်။ တချို့ မိဘတွေဆို သားသမီးတွေရှိပါရက်နဲ့ ပြုစုကျွေးမွေးသူမရှိလို့ ဆင်းရဲဒုက္ခရောက်နေတာတွေ၊ သူစိမ်းတွေအပေါ် မှီခိုနေရတာတွေဟာ တကယ် ရင်နာစရာကောင်းပါတယ်။

တချို့သားသမီးတွေများ အံ့ဩလောက်အောင်ပါပဲ။ အဖေ အမေတို့ဆီက ကျင်ငယ်၊ ကျင်ကြီးနံ့ လူအိုနံ့လေးများရရင် နှာခေါင်းလေးတရှုပ်ရှုပ်နဲ့ အမူအရာကို တွေ့ရပါတယ်။ ကိုယ်ငယ်ငယ်တုန်းက အမေ့ရင်ခွင်ထဲမှာ ပါချခဲ့တဲ့ အီအီးတွေ၊ ပေါက်ချခဲ့တဲ့ ရှူရှူးတွေကို စိတ်နဲ့မှန်းပြီး ပုံးတွေ၊ ခွက်တွေနဲ့ စုကြည့်စမ်းပါ။ အမေ့ရင်ခွင်ထဲမှာ အီးပါချလို့၊ ရှူးပေါက်ချလို့ စိတ်ဆိုးတဲ့အမေရှိပါသလား။ ပြုံးပျော်ပြီး သုတ်သင်ပေးနေတဲ့ အမေတွေဟာ မြင်တတ်၊ ကြည့်တတ်ရင် နေရာတိုင်းမှာ တွေ့နိုင်ပါတယ်။ ဘုန်းဘုန်းတို့နဲ့ အတူနေခဲ့တဲ့ ရဟန်းတော်တစ်ပါးဆိုရင် သူ့မယ်တော်ကြီး သေသွားချိန်အထိ ထမီ၊ အင်္ကျီ ကိုယ်တိုင်လျှော်ဖွတ်ပြီး အနီးကပ်ပြုစုပေးခဲ့တာ။

အမေသေသွားတဲ့အခါမှာတောင် အမေ့အတွက် သီးသန့် ဆောက်ထားတဲ့ အဆောင်လေးကို အမေ့အတွက် ရည် မှန်းပြီး ကျောင်းတိုက်ကြီးတစ်တိုက်မှာ ရေစက်ချပြီး လှူပြစ်လိုက်တာပါပဲ။ ဒါကြောင့် ဘုန်းဘုန်းဟာ အမေ အကြောင်းတွေ ဟောတိုင်း၊ ရေးတိုင်း၊ ဒီရဟန်းတော်ကို သတိတရနဲ့ အကြိမ်ကြိမ် သာဓုခေါ်ပြီး ကြည်ညိုနေမိ ပါတယ်။

ဘုန်းဘုန်း အမေရိကားရောက်သွားတော့ ဒီလိုဘဝမျိုး ရင်ဆိုင်နေကြရတဲ့ မိအို ဖအိုကြီးတွေ အတော်လေး တွေ့ခဲ့ ရပါတယ်။ ညနေချိန် ပင်လယ်ကမ်းစပ်ဘက်လမ်းလျှောက် ထွက်တဲ့အခါ အဘိုးကြီး အဘွားကြီးတွေ အဆောင်ကြီးရဲ့ အပြင်ဘက်မှာ ထိုင်ခုံလေးတွေနဲ့ တန်းစီပြီးထိုင်နေကြတာ အရေအတွက် အတော်များများပဲ။ ဒါနဲ့ အဖော်ပါလာသူ တွေကိုမေးကြည့်တော့ ထင်ထားတဲ့အတိုင်းပါပဲ။ သားတွေ သမီးတွေက ပြုစုဖို့ အချိန်မပေးနိုင်လို့ လခနဲ့ လာပို့ထား ကြတာတဲ့။ အဲဒီနေရာကို Nursing home လို့ခေါ်တယ်။ သက်ကြီးရွယ်အိုတွေကို အခကြေးငွေနဲ့ စောင့်ရှောက် ပေးတဲ့နေရာပေါ့။ ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရတယ်။ လခယူပြီး ပြုစုတဲ့လက်တွေ ဘယ်လောက်သိမ်မွေ့နူးညံ့ ပါစေ၊ ကိုယ့်သားသမီးရဲ့ မေတ္တာပါတဲ့၊ သိမ်မွေ့တဲ့ လေ သံလေးနဲ့ "**အဖေ နေကောင်းလား၊ အမေ နေကောင်း လား**"လို့ အားပေးပြီး ဆုတ်နယ်ပေးတဲ့ လက်အစုံ

လောက် အဖေတို့ အမေတို့ ကြည်နူးပါ့မလား။ အဲဒီ လက်တွေရဲ့နေရာမှာ ကိုယ့်သားသမီးရဲ့ လက်အစုံများ ဆိုလျှင် အဖေတို့ အမေတို့နှလုံးသား ဘယ်လောက် အားရှိလိုက်မလဲ။

စင်ကာပူမှာဆိုရင် ဒီထက် ပိုဆိုးပါသေးတယ်။ မိအို ဖအိုတွေကိုပြုစုဖို့ အချိန်မပေးနိုင်လို့တဲ့ Nursing home မှာ လခနဲ့သွားအပ်ထားကြတာ။ တချို့သားသမီးတွေက တစ်နှစ်၊ နှစ်နှစ်လောက်တော့ လခမှန်မှန် ပေးကြသေး တယ်။ နောက်ပိုင်းတော့ လိပ်စာဖျောက်ပြီး အဆက် အသွယ်ဖြတ်သွားလို့ လူအိုရုံခများ လခတောင် မရတော့ ပါဘူး။ လခမရတော့ ပြုစုမှုလည်း လျော့ကြသွားပြီပေါ့။ သူတို့ဆီမှာကလည်း ဘာသာမဲ့ဝါဒီတွေ များတယ်။ ဘာသာ၊ ယဉ်ကျေးမှုမရှိဘူးဆိုရင်တောင် မိဘနှစ်ပါး ဆိုတာ ကိုယ့်ဘဝမှာ လက်တွေ့၊ မျက်တွေ့ ကျေးဇူးပြုခဲ့ ကြတဲ့ ပုဂ္ဂိုလ်တွေပဲ။ ဒီကျေးဇူးကို ကိုယ်တိုင် ခံစားခဲ့ရ တာပဲ။ ဒီလောက်ကြီးကတော့ လွန်လွန်းတာပေါ့။ ဒါကြောင့် ညီငယ်၊ ညီမငယ်တွေ ဒီလိုသားသမီးမျိုးထဲမှာ ကိုယ်မပါစေဖို့ အထူးသတိထားရပါမယ်။

တချို့က ပြောကြသေးတယ်။ "**ဘုန်းဘုန်းရယ် တတ်နိုင် သလောက်တော့ လုပ်ပေးတာပဲ**"တဲ့။ သူတို့ကပြောထွက် ပေမယ့် ကြားရတဲ့ကိုယ်က အတော်စိတ်မကောင်း ဖြစ်မိ ပါတယ်။ **ကိုယ့်ကိုမွေးခဲ့တဲ့ အမေဟာ တတ်နိုင်လို့**


**မွေးခဲ့တာလား၊ တတ်နိုင်အောင် ကြိုးစားပြီးမွေးခဲ့တာလား စဉ်းစားနော်။ ဒီကိုယ်ဝန် လွယ်စဉ်ကတည်းက အမေ ဘယ်လောက် ကြိုးစားခဲ့ရသလဲ၊** ဘယ်လောက် ခက်ခဲကျပ်တည်းပါစေ။ သွားချင်၊ လာချင်၊ စားချင်၊ သောက်ချင် စတဲ့ ဆန္ဒမျိုးစုံကို သည်းခံပြီး ကြိုးစားခဲ့ရတာ အမေပါ။ အပူ၊ အစပ်၊ အခါး၊ အငန် စတဲ့ အရသာမျိုးစုံကိုရှောင်ပြီး ဒီရင်သွေးလေးကို ခြေလက်အင်္ဂါ ပြည့်ပြည့်စုံစုံနဲ့ လူစဉ်မီတဲ့ သားသမီးတစ်ယောက်ဖြစ်လာဖို့ မေတ္တာတရားတွေ အမေ့ရင်မှာ ဘယ်လောက်အားကြီးခဲ့လဲ။ **မွေးပြီးတော့ရော လူလားမြောက်ဖို့ အဖေ အမေတို့ ဘယ်လောက် ပြုစုခဲ့ရသလဲ၊ လူလားမြောက်လာတော့ရော တာဝန် မဲ့နေခဲ့သလား၊ ဒီသားသမီး လူရာဝင်တဲ့ သားသမီးဖြစ်ဖို့ ပညာတတ်တဲ့ သားသမီးဖြစ်ဖို့ အဖေနဲ့အမေ ဘယ်လောက်ရုန်းကန်ခဲ့ရသလဲ** မိဘနှစ်ပါးရဲ့ ကျေးဇူးဂုဏ်တွေဟာ အာရုံပြုပြီး တွေးကြည့်ရင် မကုန်နိုင်ဘူးဆိုတာ ထင်ထင်ရှားရှားပါ။

ဒါ့ကြောင့် ဘုရားစကားကိုလည်း လိုက်နာကျင့်သုံးရာရောက်၊ အဖေ အမေတို့ရဲ့ မိမိအပေါ်မှာ အားကိုးမျှော်လင့်ခဲ့တဲ့ မျှော်လင့်ချက်ကိုလည်း ဖြည့်ဆည်းရာရောက်အောင် ကျွေးမွေးမပျက်ဆိုတဲ့ မျှော်လင့်ချက်ကို ဖြည့်ဆည်းပြီး အမွေခံထိုက်တဲ့ သားသမီး ဖြစ်ကြပါစေ။ မိဘနှစ်ပါး သက်ရှိထင်ရှားရှိတုန်းမှာ ပြုစုလုပ်ကျွေးမှု

မပြုခဲ့ဘဲ ဘာသိဘာသာနေခဲ့ရင် မိဘနှစ်ပါးမရှိချိန် ကိုယ်ကလည်း မိဘကျေးဇူးကို နားလည်ခံစားတတ်ပြီ ဆိုတဲ့အခါ အဘိုးအို အဘွားအိုမြင်တိုင်း မျက်ရည်ဝိုင်း နေရတတ်တယ်။ မသိခဲ့လို့ပဲဖြစ်ဖြစ် သတိမမူခဲ့လို့ပဲ ဖြစ်ဖြစ် ရှေ့ကတာဝန်မကျေခဲ့ရင်တောင်မှ ခုချိန်မှာ ပြုပြင်ချိန် ရပါသေးတယ်။ အမှန်ကိုသိပြီး သိတဲ့အတိုင်း လိုက်နာကျင့်သုံးတာဟာ သူတော်ကောင်းတွေရဲ့ လမ်းစဉ် ပါ။ ဒါ့ကြောင့် အမွေခံထိုက်တဲ့ သူတော်ကောင်း သားသမီး လေးတွေ ဖြစ်ကြပါစေလို့ ဆန္ဒပြုပါတယ်။ ဖြစ်အောင် ကြိုးစားကြပါလို့လည်း တိုက်တွန်းချင်ပါတယ်။

■

"မြတ်ဗုဒ္ဓက အသက်ကြီးလာတဲ့
သူ့ရဲ့ခန္ဓာကိုယ်ကို လှည်းအိုကြီးနဲ့တူတယ်လို့
နှိုင်းနှိုင်းထားတယ်။ မှန်တယ်နော်။
လှည်းအိုကြီးဆိုတာ နိုင်းတာများတာရယ်။
နှစ်ကာလကြာညောင်းတာရယ်ကြောင့်
တည်ဆောက်ခါစလို မခိုင်ခံ့တော့ဘူး။
ဟိုကချောင်၊ ဒီကကျိုးနဲ့
အမြင်လည်းမတင့်တယ်တော့ဘူး . . ."





# ဆောင်ရွက်စီမံ

ဘယ်သူပဲဖြစ်ဖြစ် အသက်ကြီးလာရင် စိတ်သွားတိုင်း ကိုယ်မပါနိုင်ကြတော့ပါဘူး။ စိတ်က သွားချင်၊ လာချင်၊ လုပ်ချင်၊ ကိုင်ချင်ပေမယ့် ခန္ဓာကိုယ်က စိတ်နောက်မပါနိုင်တော့ပါဘူး။ ဘာကြောင့်လဲဆိုတော့ အသက်အရွယ်ကြီးလာတာနဲ့အမျှ ခန္ဓာကိုယ်ကလည်း ယိမ်းယိုင်ချည့်နည့်လာတယ်။ အင်အားတွေ နည်းလာတယ်။ လေးလံထိုင်းမှိုင်းလာတယ်။ အရိုးတွေက ခန္ဓာကိုယ်ကို မသယ်ဆောင်နိုင်တော့ဘူး။ မြတ်ဗုဒ္ဓက အသက်ကြီးလာတဲ့သူရဲ့ ခန္ဓာကိုယ်ကို လှည်းအိုကြီးနဲ့တူတယ်လို့ ခိုင်းနှိုင်းထားတယ်။ မှန်တယ်နော်။ လှည်းအိုကြီးဆိုတာ ခိုင်းတာများတာရယ်။ နှစ်ကာလကြာညောင်းတာရယ်ကြောင့် တည်ဆောက်ခါစလို မခိုင်ခံ့တော့ဘူး။ ဟိုကချောင်၊ ဒီကကျိုးနဲ့ အမြင်လည်းမတင့်တယ်တော့ဘူး။ ပြီးတော့ လှည်း

ဘီးတွေ ဝင်ရိုးတွေကလည်း ချောင်လာလို့ သွားလိုက်ရင် ဟိုဘက်ဒီဘက် ယိမ်းထိုးနေတာပါ။

လူလည်း အသက်ကြီးလာရင် လှည်းအိုကြီးလိုပဲ။ သန်သန်မာမာ ဖျတ်ဖျတ်လတ်လတ် မရှိတော့ဘူးပေါ့။ အဖေတို့ အမေတို့ဟာ ငယ်ငယ်ရွယ်ရွယ်က ကိစ္စအဝဝကို ဦးစီးလုပ်ကိုင် ဆောင်ရွက်ခဲ့ကြပေမယ့် အသက်ကြီးလာတဲ့အခါ မလုပ်ကိုင်နိုင်ကြတော့ဘူး။ ဒီသဘာဝတွေ၊ သင်္ခါရသဘောတရားတွေကို သိထားတဲ့ အဖေတို့ အမေတို့ရဲ့ ရင်ထဲမှာ မျှော်လင့်ချက်တစ်ခု ပေါ်ခဲ့ပြန်တယ်တဲ့။

ဒါ့ကြောင့် ဘုရားရှင်က **"မင်းတို့ငယ်ငယ် မင်းတို့ အမေရင်ခွင်ထဲမှာ နို့ချိုတွေအားပါးတရသောက်စို့နေတဲ့ အချိန်၊ မင်းတို့အဖေနဲ့ အမေရဲ့ မျက်ဝန်းအစုံဟာ မင်းကို ကြည့်ပြီး ဟော့ဒီ ငါ့ရင်ခွင်ထဲက ငါ့သားကြီး၊ ငါ့သမီးကြီး ကြီးလာတဲ့အခါ ငါတို့လည်း လူအိုတဝကို တဖြည်းဖြည်း နဲ့ရောက်ရမှာ။ သဘာဝမှုကို မလွန်ဆန်နိုင်ပေမယ့် အားငယ်စရာ မရှိတော့ဘူးတဲ့။ ငါတို့ အိုလာရင် ငါ့သား ကြီးက ငါ့သမီးကြီးက ငါတို့ရဲ့ အလုပ်တာဝန်တွေ အားလုံးကို ငါတို့ကိုယ်စား ပခုံးပြောင်း ဆောင်ရွက်ပေး မှာလို့ အဖေ အမေတို့က ယုံကြည်အားကိုးစွာနဲ့ မျှော်လင့် ခဲ့တယ်"** တဲ့။ ဘုရားရှင်က ဒီလိုမိန့်ခဲ့တယ်။

ကဲ. . .အဖေတို့ အမေတို့ရဲ့ ဒီမျှော်လင့်ချက် နံပါတ် နှစ်ကိုရော သင် ဘယ်လောက်ဖြည့်ပြီးပြီလဲ။ စဉ်းစား

လိုက်ပါဦး။ တော်တော်များများ သားသမီးတွေဟာ မဖြည့်ဆည်းကြတာ များပါတယ်နော်။ တရားပွဲတိုင်းမှာ မေးကြည့်ရင် ပြုံးနေတာပဲ တွေ့ရတယ်။ ရဲရဲကို ပြန်မဖြေနိုင်ဘူး။ **"တပည့်တော် မိဘတွေကိုယ်စား ဆောင်ရွက်နေပါတယ် ဘုရား"**လို့ ပြောတဲ့အသံများ မကြားဖူးပါဘူး။ ဘုန်းဘုန်းက ဒါကို အပြစ်မတင်သေးပါဘူး။ ပုထုဇဉ်သဘာဝ ဖြစ်တတ်ပါတယ်။ ဒါပေမယ့် သိလိုက်ပြီ၊ သတိဝင်လိုက်ပြီဆိုရင်တော့ ပြင်ရမယ်၊ လိုက်နာရမယ်၊ ကျင့်သုံးရမယ်နော်။ ဒါမှ အမွေခံထိုက်တဲ့ သားသမီးလည်းဖြစ်မယ်။ သူတော်ကောင်းလမ်းစဉ်ကို လိုက်နာကျင့်သုံးသူလည်း ဖြစ်မယ်ပေါ့။

ဒါ့ကြောင့် အဖေ အမေတို့ အသက်ကြီးလာလို့ လုပ်ငန်းကိစ္စတွေ မဆောင်ရွက်နိုင်တော့တဲ့အခါ သားသမီးတွေက ကိုယ်စား ဝင်ရောက်ဆောင်ရွက်ပေးရမယ်။ သားကလည်း အဖေ့တာဝန်၊ သမီးကလည်း အမေ့တာဝန်ပေါ့။ ကိုယ်နဲ့ဆိုင်တဲ့ ကိုယ်နဲ့လိုက်ဖက်တဲ့ တာဝန်လေးတွေကို ကူညီရမယ်နော်။ သမီးတွေ ငယ်တုန်းကတော့ အမေက အရွယ်ကောင်းတုန်း ချက်နိုင်၊ ပြုတ်နိုင်တုန်းပဲ။ သားသမီးတွေ အရွယ်ရောက်တဲ့အခါ အမေလည်း အရွယ်အကျပိုင်း ရောက်သွားပြီ။ ဒီတော့ အမေ့ကိုယ်စား သမီးတွေက ထမင်းဟင်း ဝင်ချက်ပေးရမယ်။ အဝတ်အစားလျှော်ဖွတ်ပေးရမယ်။ သာရေး၊ နာရေးကိစ္စတွေမှာ အမေ

မသွားနိုင်ရင် အမေ့ကိုယ်စားသွားပေးရမယ်။ ဒါမှ အမေ့တာဝန်တွေကို ကူညီဆောင်ရွက်ရာရောက်မှာပေါ့။

ဒီလိုအသေးအဖွဲ့ ကိစ္စလေးတွေကအစ အမေတို့ကိုယ်စား သမီးတို့က ဆောင်ရွက်ပေးရမယ်။ အဲဒီလို မဟုတ်ဘဲ အမေက တုန့်တုန့်ယင်ယင်နဲ့ ထမင်းချက်နေမယ်။ အဝတ်အစားတွေ လျှော်နေရမယ်ဆိုရင် ဘယ်ကောင်းပါ့မလဲ။ မိမိတို့ တာဝန်မဲ့ရာကျပါတယ်။ ရှက်သာရှက်တတ်ရင် အမေချက်တဲ့ အဲဒီ ထမင်းဟင်းမျိုး စားရက်စရာတောင် မရှိပါဘူး။ မြိုကျဖို့တောင် မလွယ်ပါဘူး။ မရှက်တတ်ရင်တော့လည်း စားမှာပေါ့၊ မြိုကျမှာပေါ့။ တချို့က ကူချက်ဖို့နေနေသာသာ ကိုယ်စားပြီးသား ပန်းကန်တောင်မှ မဆေးကြလို့ အမေကဆေးရတာရှိသေးတယ်။ အဲဒီ သားသမီးမျိုးကျတော့ ကူဖော်တော့မဖြစ်ဘူး။ လောင်ဘက်ပဲ ရတယ်။

ဘုန်းဘုန်းက ရင်းနှီးတဲ့ မိသားစုထဲက ကလေးမတွေကို ရယ်စရာပြောဖူးတယ်။ တက္ကသိုလ်က ဘွဲ့တောင် ရပြီးနေပြီ။ ထမင်းဟင်းချက်တတ်အောင် အမေ့ကို ကူညီပါလား။ ဘွဲ့ရပြီးရင် တော်ကြာ ယောကျ်ားရဦးမှာ။ အဲဒီအခါကျမှ အရိုက်ခံနေရဦးမယ်လို့ စတဲ့အခါ လွယ်လွယ်ပဲ ပြန်ပြောခဲ့ကြတယ်။ "**ဘုန်းဘုန်းရယ်၊ ဆိုင်ကနေ ချိုင့်လေးဆွဲပြီး နှစ်ယောက်အတူ စားမှာပေါ့**"တဲ့။ ဩော် သနားစရာ ကောင်းလိုက်ပါဘိ။ သံဝေဂဖြစ်ရပါရဲ့။

အဖေဆိုလည်း ဒီအတိုင်းပါပဲ။ အဖေက ငွေရေးကြေးရေးကိစ္စ၊ လူမှုရေး၊ စီးပွားရေးကိစ္စတွေမှာ စိတ်ဆန္ဒပဲ အားမာန်တင်းနိုင်တော့တယ်။ ရုပ်ခန္ဓာကိုယ်က ထင်တိုင်း မပေါက်တော့ဘူး။ ဒါကြောင့် အဖေ့ဘဝတစ်လျှောက်လုံး ဆောင်ရွက်ခဲ့တဲ့ အဲဒီကိစ္စတွေမှာ အဖေ မသွားနိုင်ရင် အဖေ့ကိုယ်စား သားတွေကသွားပေးရမယ်။ ဆောင်ရွက်ပေးရမယ်။ တတ်နိုင်အောင် ကြိုးစားပြီးတော့ကူညီပေးရမယ်။ အဖေက စိတ်ချရတဲ့ သားကောင်းတစ်ယောက်ဖြစ်အောင် ကြိုးစားအားထုတ်ရမယ်။ စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ၊ ဘာသာရေးကိစ္စ၊ မိသားစုကိစ္စတွေ အားလုံးမှာ သားငယ်တွေရော၊ သမီးငယ်တွေပါ မိဘနှစ်ပါးအားကိုးရတဲ့ သားကောင်း၊ သမီးလိမ္မာတွေဖြစ်အောင် ကြိုးစားကြစမ်းပါ။

တစ်ခါတစ်ခါ တုန်ချည့်တုန်ချည့်နဲ့ အဘိုးကြီး အဘွားကြီးတွေ ကားပေါ်မှာ တွေ့ဖူးကြမှာပါ။ သူတို့ကို ကားသမားတွေကလည်း မတင်ချင်ကြဘူး။ မတော်တဆ ပြုတ်ကျခဲ့ရင် သူတို့တာဝန်ရှိမှာ စိုးရိမ်လို့ဖြစ်မှာပေါ့။

တစ်ခါတုန်းက တွေ့ရတဲ့ အဲဒီ အဘိုး အဘွားတွေကို ဘုန်းဘုန်းကမေးကြည့်တော့ ပင်စင်ရုံးမှာ ပင်စင်သွားထုတ်မလို့တဲ့။ ကြားလိုက်ရတာ အတော့်ကို စိတ်မကောင်းဖြစ်မိတယ်။ တကယ်ဆိုရင် အဖေတို့ အမေတို့ အစိုးရဝန်ထမ်းဘဝနဲ့ သားသမီးတွေကို ကျွေးမွေးစောင့်ရှောက်လာခဲ့တာ အသက်(၆၀)ပြည့်လို့ နိုင်ငံတော်ကတောင်

ပင်စင်ပေးခဲ့ပြီးပြီ။ ဒီအရွယ်၊ ဒီအချိန်အထိ ရတဲ့ပင်စင်ငွေလေးကို ကိုယ်တိုင်ထုတ်ပြီးတော့ သားသမီးတွေကို ပေးနေရသေးတယ်ဆိုရင် သင့်တော်ပါ့မလား။ စဉ်းစားကြည့်ပါဦး။

တကယ်ဆိုရင် သားသမီးတွေက အဖေ့ကိုယ်စား၊ အမေ့ကိုယ်စား ပင်စင်လစာ သွားထုတ်ပါတော့လား။ နိုင်ငံတော်အစိုးရကတောင် အသက်(၆၀)ပြည့်လို့ ပင်စင်ပေးခဲ့ပြီးပြီ။ ပင်စင်ပေးတယ်ဆိုတဲ့ သဘောကိုက မင်းအသက်ကြီးပြီ၊ မျက်စိတွေမှုန်လာပြီ၊ နားတွေထိုင်းလာပြီ၊ ခါးတွေကိုင်းလာပြီ၊ ခြေလက်တွေ လေးတွဲလာပြီ၊ အေးအေးချမ်းချမ်း နားပါတော့ဆိုတဲ့ သဘောပဲ။ အဲဒီလို အေးအေးဆေးဆေးနေနိုင်ဖို့ အစိုးရက ပင်စင်အနားပေးတာတောင် သားသမီးတွေက အနားမပေးကြသေးဘူး။ အဖေနဲ့ အမေကို ပင်စင်မပေးကြသေးဘူး။ ဟိုနားလည်း အဖေ သွားလိုက်ပါ။ ဒီနားလည်း အမေသွားလိုက်ပါ။ သွားပါဦး။ လုပ်ပါဦးဆိုပြီး ခိုင်းနေကြသေးတယ်။

အဲဒီလိုမှ သွားပေးစရာမရှိရင် သူတို့ မွေးထားတဲ့ ကလေးတွေကို ထိန်းခိုင်းကြတယ်၊ ကြည့်ခိုင်းကြတယ်။ မြေးတွေရဲ့ ကျောင်းလွယ်အိတ်ကို မနိုင့်တနိုင် လွယ်ခိုင်းပြီးတော့ ကျောင်းကြို့ကျောင်းပို့ လုပ်ခိုင်းတယ်။ ဒါဟာ အဖေ အမေတို့ကိုယ်စား မိမိတို့က ဆောင်ရွက်ပေးရမှာကို အဖေ အမေတို့က မိမိတို့ကိုယ်စား ဆောင်ရွက်ပေးနေရ

တာပဲ ဖြစ်တယ်။ အဖြစ်က ပြောင်းပြန်ပါပဲ။ သားတွေ သမီးတွေ စဉ်းစားကြပါ။ အစိုးရဝန်ထမ်းတွေရဲ့ သား သမီးတွေ ကျင့်သုံးသင့်ကြသလိုမျိုးပဲ။ ကုန်သည်ပွဲစား၊ တောင်သူလယ်သမား မိဘတွေရဲ့ သားသမီးတွေလည်း ကျင့်သုံးရမှာပါပဲ။ အဖေ အမေ အသက်(၆၀)ကျော်လာ ရင်တော့ လုပ်ငန်းခွင်ကနေ အနားပေးပြီး ဘုရားသွား၊ ကျောင်းတက် စတဲ့ ဘာသာရေးကိစ္စတွေကို လုပ်နိုင် အောင် စီစဉ်ပေးရမှာပဲ။

ဘုန်းဘုန်းကတောသားပါ။ တောစရိုက်ကို ကောင်း ကောင်းသိတယ်။ တောမှာဆိုရင် အခု ပိုတောင်ဆိုးသေး တယ်။ သား တော်တော်များများဟာ ဗွီဒီယို၊ ဘော်လီ ဘော၊ ဘောလုံး၊ ဟိုဝိုင်း ဒီဝိုင်းတွေနဲ့ပဲ တစ်နေ့လုံး အချိန်ကုန်ပြီး အဖေအိုကြီးတွေက တူရွင်းပေါက်တူး ထမ်းပြီး လယ်ထဲယာထဲ သွားနေကြရရှာတာ တစ်ပတ် တစ်ရက် ဥပုသ်စောင့်ဖို့တောင် မိဘတိုင်း မလွယ်လှဘူး။ ဘုရားမှန်မှန် ရှိခိုးတာတွေကို ထားလိုက်ပါဦး။ မိဘ နှစ်ပါးနဲ့ပတ်သက်တဲ့ ကိစ္စလောက်ကိုပဲ ငရဲမကြီးအောင်၊ ကုသိုလ်ရအောင် ပြုပြင်ရမယ့် သားသမီးတွေဟာ တော မှာရော မြို့မှာပါ အများကြီး ရှိနေပါသေးတယ်။ ဒါ့ ကြောင့် အသက်(၆၀)ကျော်လာပြီဖြစ်တဲ့ အဖေ အမေ တို့ကို ငါတို့ ပင်စင်ပေးပြီးပြီလားလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်စမ်းပါ။ မေးပြီးရင် ရဲရဲပြန်ဖြေကြည့်စမ်းပါ။

ငါတို့ဟာ အဖေ အမေတို့ကိုယ်စား ဘာတွေလုပ်ပေးသလဲဆိုတာကို စဉ်းစား၊ မလုပ်ပေးရသေးရင် လုပ်ပေးနိုင်အောင် ကြိုးစားပါ။ အဖေ အမေတို့ကို အနှားမပေးရသေးရင် အနားပေးနိုင်အောင် ဆောင်ရွက်ပေးကြပါလို့ တိုက်တွန်းလိုပါတယ်။ ပျက်အစဉ် ပြင်ခဏပါ။

■



# မွေခံထိုက်စေ

အဖေ အမေတို့ရဲ့ တတိယမျှော်လင့်ချက်က “**မွေခံထိုက်စေ**”တဲ့။ ဒီစကားလေးကို ဘုန်းဘုန်း ကြိုက်လွန်းလို့ ဒီစာအုပ်ကို “**အမွေခံထိုက်သူ ဖြစ်ပါစေ**”လို့ ခေါင်းစဉ် ရွေးထားတာပါ။ တရားဟောတုန်းကလည်း ဒီခေါင်းစဉ်ပါပဲ။ ဘုရားရှင်ကလည်း မိဘနှစ်ပါးရဲ့ ဒီ မျှော်လင့်ချက်ကို အတိအလင်း မိန့်တော်မူခဲ့ပါတယ်။ **“ငါတို့တွေ နေပူမိုးရွာမရှောင် အရပ်ဒေသ နိုင်ငံမရှောင် အလုပ်မျိုးစုံကို လုပ်ပြီးတော့ ချွေးတွေ၊ သွေးတွေရင်းပြီး ရအောင်ရှာထားတဲ့ လောကီစည်းစိမ်ဥစ္စာ ရတနာတွေနဲ့ အဲဒီလောကီစည်းစိမ် ဥစ္စာတွေကိုရင်းပြီး အရယူနိုင်ခဲ့တဲ့ ဘုရား၊ ကျောင်း၊ ကန်၊ ဇရပ်၊ တန်ဆောင်း၊ ပိဋကတ်စာပေ**

**စတဲ့ လောကုတ္တရာ အလှူဝတ္ထုပစ္စည်း စတဲ့ လောကီအမွေ၊ လောကုတ္တရာ အမွေတွေ ငါတို့ သေသွားတဲ့အခါ မြောက်များစွာ ချန်ထားနိုင်ခဲ့လိမ့်မယ်။ ငါတို့ သေသွားတဲ့အချိန်မှာ ငါတို့ထားခဲ့တဲ့ အဲဒီလောကီအမွေ၊ လောကုတ္တရာအမွေတွေကို ငါ့ရင်ခွင်ထဲမှာ နို့ချိုတွေ သောက်စို့နေတဲ့ ဟောဒီ ငါ့သားကြီး ငါ့သမီးကြီးက အမွေဆက်လက်ခံယူလိမ့်မယ်"** လို့ အမွေခံ သားသမီးတွေ အဖြစ်နဲ့လည်း အားကိုးမျှော်လင့်ခဲ့တယ်တဲ့။

အဖေ အမေတို့ရဲ့ ဒီမျှော်လင့်ချက်ကိုလည်း ဆင်ခြင်ကြည့်ပါဦး။ မညာတမ်း၊ မညာတမ်း ဆင်ခြင်သုံးသပ်ရမှာနော်။

အစဥ်အလာအရဖြစ်ဖြစ်၊ ဥပဒေအရဖြစ်ဖြစ် အဖေ အမေ ကွယ်လွန်ရင် အဖေ အမေပိုင် ပစ္စည်းဥစ္စာတွေကို သားသမီးတွေက ပိုင်ဆိုင်ရတာပါ။ ဒါပေမယ့် အမွေကို ခံယူထိုက်တဲ့ သားသမီးတော့ ဖြစ်ရပါ့မယ်။ တချို့ဆိုရင် အဖေ အမေ အသက်ထင်ရှားရှိနေသေးတာတောင် အတင်းအမွေခွဲခိုင်းကြတယ်။ ဒီလိုအခါမှာလည်း မိသားစုအတော်များများမှာ မိဘတွေကပဲ အလျှော့ပေးပြီး ထိုက်သင့်သလို ခွဲဝေပေးကြတာပါပဲ။ ဒါတောင် မကျေနပ်လို့ အဖေ အမေကို တရားစွဲတဲ့ သားသမီးတွေ ရှိကြသေးတယ်။ အဖေ အမေ မရှိရင်တော့ ပိုဆိုးပြီပေါ့။ ညီအစ်ကိုမောင်နှမ အချင်းချင်း စိတ်ဝမ်းကွဲကြ၊ ရန်ဖြစ်ကြ၊ တရားရုံး

ရောက်ကြနဲ့၊ သွားလေသူ အဖေနဲ့ အမေသာသိရင် ယူကြုံးမရ ဖြစ်နေကြမှာပဲ။ ဒါက လောကီအမွေတွေ လုကြတာကို ပြောတာပါ။ လောကီအမွေတွေ လုကြ သလိုမျိုး အဖေ အမေတို့ဆောက်ခဲ့တဲ့ ကျောင်း၊ ဇရပ်၊ တန်ဆောင်း၊ စေတီ၊ ပိဋကတ်စာပေတွေ ဟောင်းနေလို့၊ ပျက်နေလို့ သားသမီးတွေ အလုအယက်ပြင်ကြ၊ ဆောက် ကြတာ ရှိပါသလား၊ ရှိရင်တောင် အလွန်နည်းပါလိမ့်မယ် မရှိသလောက်ပါပဲ။

မိဘ အမွေဆိုတာ လောကီပစ္စည်းဥစ္စာ အမွေတင် မဟုတ်ပါဘူး။ မိဘတွေ လက်ခံယုံကြည်ခဲ့တဲ့ ဘာသာ တရားဟာလည်း အမွေပါပဲ။ ဘာသာတရားကို ယုံကြည်တဲ့ အတိုင်း လှူဒါန်းထားခဲ့တဲ့ အရာအားလုံးဟာလည်း အမွေ ပါပဲ။ ဓမ္မအမွေ၊ လောကုတ္တရာအမွေပေါ့။ မိဘတွေဟာ ကုသိုလ်ကောင်းမှုတွေ များစွာပြုလုပ်ခဲ့ကြတယ်။ ဘုရား တည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ ရဟန်းခံခြင်း စတဲ့ ကုသိုလ်ကောင်းမှုတွေပါပဲ။ သားသမီးဆိုတာ မိဘတွေ ပြုလုပ်ခဲ့တဲ့ ကောင်းမှုကုသိုလ်တွေကိုလည်း အမွေအဖြစ် ဆက်ခံကြရတယ်။ မိဘတွေမရှိတဲ့နောက်မှာ ဆက် လက်ပြီး တာဝန်ယူကြရမှာပဲ။ မိဘတွေလုပ်ခဲ့တဲ့၊ မိဘတွေ ဆောက်ခဲ့တဲ့ ဘုရား၊ တန်ဆောင်း၊ ကျောင်းကန်၊ ဇရပ် တွေပျက်စီးရင် ပြုပြင်ပေးကြရမယ်။ မိဘတွေ လက် ထက်က ပစ္စည်းလေးပါးနဲ့ ထောက်ပံ့ လှူဒါန်းခဲ့တဲ့

ဆရာတော်၊ သံဃာတော်များကိုလည်း မိဘများမရှိပေမယ့် ဆက်လက် ထောက်ပံ့လှူဒါန်းနေရမှာ ဖြစ်ပါတယ်။

စည်းစိမ်ဥစ္စာဆိုတာ လောကီအမွေပါ။ ကုသိုလ်ကောင်းမှုတွေက လောကုတ္တရာအမွေပါ။ လောကီအမွေသာမက လောကုတ္တရာအမွေပါဆက်ခံမှ အမွေခံထိုက်သူ ဖြစ်ပါမယ်။ တချို့ ဘုရား၊ စေတီတွေ၊ ဇရပ်၊ တန်ဆောင်းတွေမှာ မူလကောင်းမှုရှင် အဆက်အသွယ်တွေကို မနည်းရှာဖွေနေကြရတယ်။ အဲဒါတွေကို ကျွန်တော် ကျွန်မတို့ ပြင်ပါ့မယ်၊ အမွေဆက်ခံပါမယ်လို့ ဘယ်သားသမီးမှ အလိုလို လာမပြောကြဘူး။ ရှိဦးတော့ အလွန်နည်းပါတယ်။ တချို့သူတွေလောက်တော့ ရှိတတ်ပါတယ်။ သားသမီးတွေ ဆက်လက် အမွေမခံယူလို့ တခြားအလှူရှင်တွေကို တာဝန်ယူခိုင်းရတာတွေလည်း ရှိပါတယ်။

မိဘအမွေဆိုတာ လောကုတ္တရာ အမွေပဲဖြစ်ဖြစ်၊ လောကီအမွေပဲဖြစ်ဖြစ် တိုးတက်အောင်၊ မပျက်စီးအောင် ထိန်းသိမ်းဖို့ သားသမီးတွေမှာ တာဝန်ရှိတယ်။ လောကီအမွေတွေချည်းပဲ အာရုံစိုက်နေရင် မပြည့်စုံပါဘူး။ လောကုတ္တရာအမွေကိုလည်း သတိတရနဲ့ ထိန်းသိမ်းစောင့်ရှောက်ရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ မိဘတွေလှူဒါန်းခဲ့တဲ့ သာသနိကအဆောက်အအုံတွေဆိုတာလည်း မိဘတွေကိုယ်တိုင် ကံအား ဉာဏ်အား ဝီရိယအားကို စိုက်ထုတ်ပြီး ရရှိလာတဲ့ငွေကြေးနဲ့ လှူဒါန်းခဲ့လို့ပါပဲ။

ဒီနေရာမှာ စပ်မိလို့ ဘုန်းဘုန်းရဲ့ ကိုယ်တွေ့ကြုံခဲ့ရတဲ့ အကြောင်းလေးပြောပြပါဦးမယ်။ ဘုန်းဘုန်း တရားပြ၊ တရားဟောတတ်စကပါ။ ဆရာတော်ကြီးတစ်ပါးက တရားစခန်းလေး ဖွင့်ချင်တယ်ပြောတာနဲ့ စီစဉ်ပေးခဲ့တယ်။ ကျောင်းဆောင်လေးကျဉ်းနေလို့ အဆောင်ချဲ့ချင်တဲ့ အကြောင်း ဆရာတော်ကြီးကို လျှောက်ပြတော့ **"မောင်ကောရယ်၊ ဖျက်ပြီး စိတ်ကြိုက်သာ ပြင်ပါ။ ဒါပေမယ့် မူလအလှူရှင်တွေရဲ့ ကောင်းမှုရှင် ကျောက်ပြားပဲ ပြန်ကပ်ပါ။ သူတို့သားသမီးတွေက လူချမ်းသာတွေပဲ။ သူတို့မိဘအလှူကို သူတို့ဆက်ယူမှာပေါ့"** လို့ ဆရာတော်ကြီးက မိန့်တော်မူတယ်။ ဘုန်းဘုန်းလည်း ဝမ်းသာအားရနဲ့ စိတ်တိုင်းကျပြင်ပြီး မူလကျောင်း အလှူရှင်များရဲ့ သားသမီးမိသားစုတွေကို ဖိတ်ကြားလိုက်တာပေါ့။ မုန့်ဟင်းခါးလေးတောင် ချက်ထားလိုက်သေးတယ်။

သားသမီးတွေစုံတဲ့အချိန် ကျောင်းပြင်ရတဲ့ ရည်ရွယ်ချက်နဲ့ မိဘရဲ့ အမွေခံယူသင့်ပုံ အကြောင်းတွေ၊ ခံယူရတဲ့ အမွေခံကျောင်းကလည်း ခုဆိုရင် တရားစခန်းဝင် ယောဂီတွေတရားအားထုတ်တဲ့ ဓမ္မာရုံတော်ကြီးဖြစ်သွားလို့ အလွန်အကျိုးများတဲ့အကြောင်းတွေကို ရှန်းရှန်းဝေအောင် ပြောပြီးတော့မှ ကျောင်းပြင်တဲ့အတွက် အလှူငွေသုံးသိန်းကုန်ကျကြောင်း၊ မိမိစိုက်ထုတ်ထားကြောင်း ပြောပြလိုက်တယ်။ အားလုံး ငြိမ်နားထောင်ပြီးတော့ ပြုံးနေကြတာပါပဲ။

အတော်လေးကြာတော့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး သူတို့ထဲက အကြီးဆုံးသားကြီးက အားပါးတရ ပြန်လျှောက်လိုက်တာများ အားရစရာပါပဲ။ **"အရှင်ဘုရားရယ် ကျေးဇူးလည်းတင်ပါတယ်။ သာခုလည်း အကြိမ်ကြိမ် ခေါ်ပါတယ်။ တပည့်တော်တို့ ဆွေမျိုးတွေနဲ့ အရှင်ဘုရားနဲ့ ဘဝရေစက် ဆုံခွင့်ရကြမှာပေါ့ ဘုရား။ တပည့်တော်တို့ကို ပြန်ခွင့်ပြုပါဦး"** တဲ့။

ကျောင်းပြင်တဲ့ ကုန်ကျစရိတ် တစ်ပြားမှ လှူမသွားပါဘူး။ ဒါပေမယ့် ရက်ရက်ရောရော သာခုတော့ အားရပါးရ သုံးကြိမ်ခေါ်သွားပါတယ်။ တချို့စာရေးဆရာတွေ ရေးသလိုမျိုး ရေးရရင်ဖြင့် အံ့ဩပါဘိတောင်း။ နိုင်ငံကျော် ဓမ္မကထိကလည်း အပွဲပွဲ နွှဲလာတာ ဒီပွဲမှာတော့ ပလန်လက် ပက်လက်လန်ပါရော။

မိမိတို့ဝတ်ဆင်ထားတဲ့ ရတနာတွေ၊ မိမိတို့ စီးနေတဲ့ ကားတွေကိုမှအားမနာ မိဘနှစ်ပါးပေးခဲ့တဲ့ အမွေပစ္စည်းကို ရင်းနှီးပြီး တိုးတက်ပြည့်စုံနေတဲ့ဘဝကို ရနေကြတာတောင်မှ မိဘနှစ်ပါးရဲ့ လောကုတ္တရာအမွေကျတော့ သူ လှူသင့်တာလိုလို၊ ကိုယ်လှူသင့်တာလိုလိုနဲ့ မသိကျိုးနွံ နေနိုင်ရက်ပါပေ့။ သူတို့အတွက်လည်း စိတ်မကောင်းဖြစ်မိပါရဲ့။ ကိုယ့်အဖြစ်ကိုလည်း ရယ်ချင်ပါရဲ့။ ဘုန်းဘုန်းက ထင်ထားတာ မိသားစုငါးစု၊ တစ်စုတစ်သိန်း လှူရင် ငါးသိန်းတောင်ရမှာ။ ငါးသိန်းများလှူခဲ့ရင် နှစ်သိန်း

တောင် တခြားကိစ္စတွေ သုံးလို့ရဦးမယ်လို့ တွက်ထားတာ အထင်နဲ့အမြင် တက်တက်စင်လွဲပါရော။

ဒီလောကမှာ အဲဒီလိုသားသမီးတွေ အတော်များများ ရှိကြပါတယ်။ ဒါဟာ အလွန် သတိထားဆင်ခြင်ရမယ့် ကိစ္စပါပဲ။ မြတ်စွာဘုရားရှင်က ရဟန်းတွေဟာ ဒကာ၊ ဒကာမတွေ လှူတန်းတဲ့ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေး ပစ္စည်းလေးပါးကို သုံးဆောင်တဲ့အခါမှာ ၂၄-နာရီအတွင်း ပစ္စဝေက္ခဏာ မဆင်ခြင်ခဲ့ရင် ဣဏပရိဘောဂကြွေးတင်တဲ့ သုံးစွဲခြင်း၊ သုံးဆောင်ခြင်းဖြစ်တယ်။ သံတွေ၊ သံခဲ မီးကျည်းရဲရဲကို မြိုစားနေတာနဲ့တူတယ်လို့ မိန့်တော် မူပါတယ်။ ၂၂၇-သွယ်သော သိက္ခာပုဒ်တွေကို ဆင်မြန်း တော်မူနေတဲ့ ရှင်ရဟန်းတော်တွေတောင်မှ ရလာတဲ့ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ မဆင်ခြင်ဘဲ တရား လက်လွှတ် သုံးဆောင်ခဲ့ရင် ကြွေးတင်တဲ့သုံးဆောင်ခြင်း ဖြစ်ခဲ့ရင် **အဖေတို့ အမေတို့ရဲ့ သွေး၊ ချွေးတွေ ရင်းပြီး ရှာထားခဲ့တဲ့ လောကီအမွေတွေကို မြိန်မြိန်ကြီး သုံးဆောင် ခံစားပြီး လောကုတ္တရာ မွေအမွေကျတော့ မသိကျိုးကျွံ ပြုနေကြတဲ့ အဲဒီသားသမီးတွေ ထမင်းစားနေပေမယ့် အဆိပ်ကို စားနေတာနဲ့ တူမနေဘူးလား၊ စည်းစိမ်ပုံပေါ် ငြိမ့်နေပေမယ့် မီးပုံပေါ်မှာ နေနေတာနဲ့ တူမနေဘူးလား** စဉ်းစားနော်။ မိမိဟာ အမွေခံထိုက်တဲ့သားသမီး ဖြစ်ပြီ လားလို့ ကိုယ့်ကိုယ်ကိုယ် မေးကြည့်စမ်းပါ။


အမွေခံတဲ့ နေရာမှာလည်း ဘုရားရှင် မိန့်တော်မူတဲ့ စကား မိဘတွေရဲ့ မျှော်လင့်ချက်ကိုလည်း လိုက်နာသူ လည်းဖြစ်အောင်၊ ဖြည့်ဆည်းရာရောက်အောင် လောကီ အမွေရော လောကုတ္တရာအမွေကိုပါ ခံယူကြတဲ့ သား ကောင်းရတနာ၊ သမီးလိမ္မာလေးတွေဖြစ်စေချင်ပါတယ်။ ဖြစ်အောင်လည်း ကြိုးစားကြပါလို့ တိုက်တွန်းပါတယ်။

အမွေဆိုတာလည်း ခံထိုက်မှ ခံရတာပါ။ လိမ်လိမ် မာမာနေမယ်။ မိဘစကား နားထောင်မယ်။ မိဘ စိတ်ချမ်းသာအောင်နေမယ်။ မိဘကို ရိုသေလေးစားမယ်။ ကျွေးမွေးစောင့်ရှောက်မယ်ဆိုရင် အမွေခံထိုက်တဲ့ သား သမီးမျိုး ဖြစ်မယ်။ အဲဒီလိုမဟုတ်ဘဲ နေချင်သလိုနေ၊ မိဘစကားကိုလည်း နားမထောင်ရင် မိဘ စိတ်ဆင်းရဲ အောင်ပြုလုပ်ရင်တော့ အမွေခံထိုက်မှာ မဟုတ်တော့ဘူး။ ဒီလို သားသမီးတွေကို အမွေပြတ် စွန့်လွှတ်တာတွေ သတင်းစာတွေမှာ မကြာခဏ တွေ့နေရတာပဲ။ ဒါကြောင့် သားသမီးတွေအားလုံး အမွေခံထိုက်တဲ့ သားသမီးလေး တွေဖြစ်ဖို့ လိုပါတယ်။

အမွေခံထိုက်သူဖြစ်ပါစေ တရားတော်ကို ဟောကြား ပြီးတဲ့ နောက်ပိုင်းမှာ ဒီတရားကို နာကြားရလို့ သတိ တရားရပြီး ကွယ်လွန်သွားပြီးတဲ့ မိဘနှစ်ပါးတို့ ဆောက် လုပ်ခဲ့တဲ့ ဘုရား၊ ကျောင်း၊ ကန်၊ စေတီ၊ ပုထိုးများကို ပြုပြင်ဖြစ်ကြတဲ့ သားသမီးတွေ ဘုန်းဘုန်းဆီကို လာပြီး

ကျေးဇူးတင်ကြောင်း လျှောက်ထားကြတာ အရေအတွက် တော်တော်များများပါပဲ။ တချို့ဆိုရင် အရာရှိကြီးတွေရဲ့ ဇနီးသည်တွေ၊ အငြိမ်းစားကျောင်းဆရာမကြီးတွေတောင် လာလျှောက်ကြပါတယ်။ နယ်ဘက်တွေကို တရားဟော ကြွတဲ့ အခါမှာလည်း ညီငယ် ညီမငယ်လေးတွေ သူတို့ ရဲ့ ခံစားချက်လေးတွေကို လာရောက် လျှောက်ထား ကြပါတယ်။ ဒါဟာ အလွန်မွန်မြတ်တဲ့ အတုယူရမယ့် စိတ်ထားကောင်းတွေပါပဲ။ တရားနာရခြင်းရဲ့ အကျိုး ကျေးဇူးပဲပေါ့။

■



“ဒီမျှော်လင့်ချက်ကို မိန့်ကြားခဲ့တဲ့
ဘုရားရှင်ရဲ့ စကားတော်ကို အာရုံပြုကြည့်ရအောင်။
မင်းတို့ရဲ့ အဖေနဲ့ အမေတို့ဟာ
သူတို့ ဒီဘဝအသက်ရှင်စဉ်ကာလမှာသာ
မင်းတို့ကို အားကိုးမျှော်လင့်ခဲ့ကြတာမဟုတ်ဘူး။
သေဆုံးပြီးတဲ့နောက် ဘဝသံသရာ ခရီးအတွက်လည်း
မျှော်လင့်သွားခဲ့ကြတယ်. . .”



# လှျုမျှဝေ၍

မိဘနှစ်ပါးရဲ့ နံပါတ်လေး မျှော်လင့်ချက်ကတော့ လှျုမျှဝေ၍တဲ့။ ဒီအချက်က တမလွန်ဘဝနဲ့ ပတ်သက်နေပါတယ်။ လူဆိုတာ ပစ္စုပ္ပန်ဘဝတည့်တည့် တစ်ခုတည်းကိုပဲ မကြည့်ဘဲ ဘဝရှေ့ရေးခေါ်တဲ့ အနာဂတ်ဘဝကိုပါ ထည့်သွင်းစဉ်းစားရပါမယ်။ ပါရမီမပြည့်သေးသ၍တော့ ဘဝသံသရာဆိုတာ နိမ့်ချည်မြင့်ချည်နဲ့ လည်နေဦးမှာပါပဲ။ ဘဝကူးကောင်းတယ်ဆိုတာ သေခါနီးမှာ နှလုံးသွင်းကောင်းဖို့ လိုအပ်တယ်။ သေခါနီး နှလုံးသွင်းမှားသွားရင် ဘယ်လိုကုသိုလ်ရှင်ကြီးဖြစ်ပါစေ။ မကောင်းတဲ့ဘဝတွေ ရောက်သွားနိုင်တယ်ဆိုတာ ဗုဒ္ဓဘာသာရဲ့ ယုံကြည်ချက်ပဲ။ အဲဒီဘဝက ကျွတ်ပြီးမှသာလျှင် လူ့

ဘဝတုန်းက မိမိပြုခဲ့တဲ့ ကုသိုလ်ကံရဲ့ အကျိုးတရားကို ခံစားခွင့်ရမှာ ဖြစ်ပါတယ်။

အဖေနဲ့ အမေတို့ဟာ သားတွေ သမီးတွေအပေါ် အားကိုးအားထားပြုတယ်ဆိုတာ ဒီအချက်က ပေါ်လွင်နေတယ်။ လူ့စိတ်ဆိုတာမသိနိုင်ဘူးလေ။ ရှေ့ကစိတ်နှလုံးဘယ်လောက်ကောင်းခဲ့ပေမယ့် သေခါနီးမှာ အာရုံပြုမှားချင်မှားသွားနိုင်တယ်။ ဒီလို အခြေအနေရောက်ရင် တခြားသူတွေက သူတို့ကို အမျှအတန်းပေးဝေဖို့ သတိရချင်မှရမယ်။ သားသမီးတွေကတော့ သတိရကြမှာပဲ။ ကုသိုလ် အမျှပေးဝေကြမှာပဲ။ အဲဒီ ကုသိုလ်အမျှကို သာဓုခေါ်နိုင်ရင် မကောင်းတဲ့ နိမ့်ကျတဲ့ ဘဝတွေက လွတ်မြောက်နိုင်မှာပဲဆိုတာ အဖေ အမေတို့ ယုံကြည်မျှော်လင့်ထားခဲ့ကြတာပါ။

ဒါကလည်း ဘုရားရှင်တရားတော်အတိုင်း ယုံကြည်မျှော်လင့်ခဲ့ကြတာပါ။ ကိလေသာကင်းပြီးတဲ့ ပုဂ္ဂိုလ်တွေမှ တစ်ပါး သတ္တဝါ တစ်ဦးတစ်ယောက် လက်ရှိရထားတဲ့ ဘဝကနေ သေဆုံးသွားရင် ရောက်ရမယ့်ဘဝ ငါးမျိုးရှိပါတယ်လို့ ဘုရားရှင်ကိုယ်တိုင် မိန့်ကြားခဲ့ပါတယ်။ စာစကားနဲ့ပြောရရင် ဂတိငါးမျိုးပေါ့။ လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ သုဂတိဘဝ နှစ်မျိုးနဲ့ ငရဲမှာ ခံစားရတဲ့ဘဝ၊ တိရစ္ဆာန်ဘဝနဲ့ ပြိတ္တာဘဝဆိုတဲ့ ဒုဂ္ဂတိဘဝသုံးမျိုး၊ ဒီဘဝငါးမျိုးကို ရောက်ရပါတယ်။

ဒီဘဝမှာ ပြုထားတဲ့ ကုသိုလ်ကံ စွမ်းအားကလည်း ကောင်း၊ သေခါနီးမှာလည်း နှလုံးသွင်းကောင်းကောင်းနဲ့ သေခဲ့ရင် လူ့ဘဝ၊ နတ်ဘဝဆိုတဲ့ သုဂတိဘဝကိုရမှာပဲ။ ဒီဘဝမှာပြုထားတဲ့ ကုသိုလ်ကလည်း အားကိုးစရာမရှိ။ အကုသိုလ်ကလည်း ဒုနဲ့ဒေး၊ သေခါနီးမှာလည်း နှလုံးသွင်းမကောင်းခဲ့ဘူးဆိုရင်တော့ စဉ်းစားမနေနဲ့တော့။ ငရဲနဲ့ တိရစ္ဆာန်ဘဝဟာ သေချာပြီးသားပါပဲ။

ဒီဘဝ(၄)မျိုးကို ရောက်သွားခဲ့ရင်တော့ ရည်မှန်းအမွေလည်း မရနိုင်တော့ပါဘူး။ ဘာ့ကြောင့်လဲဆိုရင် လူ့ဘဝ၊ နတ်ဘဝ ရောက်သွားရင်လည်း သူ့အတွက် အဆင်ပြေသွားပြီ။ လူ့ဘဝကပေးမယ့် အမွေလက်ဆောင် မျှော်စရာ မလိုတော့ဘူး။ ငရဲနဲ့ တိရစ္ဆာန်ဘဝ ရောက်ပြီဆိုရင်တော့ ပိုရှင်းပါတယ်။ ငရဲဆိုရင်လည်း ပင်ပန်းစွာခံစားနေလို့ ဘယ်လိုမှ စိတ်မညွတ်နိုင်တော့ပါဘူး။ တိရစ္ဆာန်ဆိုရင်လည်း ဒီအတိုင်းပါပဲ။ မသိနိုင်တော့ပါဘူး။

ခြွင်းချက်ရှိတာဆိုလို့ ပြိတ္တာဘုံဘဝတစ်ခုပဲရှိပါတယ်။ လူ့ဘဝမှာ ကောင်းမှုတွေ ဘယ်လောက်များများ သေခါနီးမှာ သက်မဲ့ဝတ္ထုတွေဖြစ်တဲ့ အိုးအိမ်တိုက်တာ၊ ရတနာပစ္စည်း၊ မော်တော်ကား စတာတွေနဲ့ သက်ရှိဖြစ်တဲ့ ဇနီးမယား၊ လင်ယောကျ်ား၊ သားသမီး၊ မြေးမြစ်တွေကို သံယောဇဉ် နှောင်ဖွဲ့ပြီး သေသွားရင်တော့ သေခါနီး

ဖြစ်ပေါ်လာတဲ့ အဲဒီ အာသန္နကံရဲ့ စွမ်းအားဟာ ဘယ်သူ့ကိုမဆို ပြိတ္တာဘဝရောက်နိုင်ပါတယ်။ ပြိတ္တာဘဝမှာတောင် သာခုခေါ်နိုင်တဲ့ ပြိတ္တာဘဝနဲ့ သာခုမခေါ်နိုင်တဲ့ ပြိတ္တာဘဝဆိုတာ ကွဲပါသေးတယ်။ သာခုခေါ်နိုင်တဲ့ ပြိတ္တာဘဝမျိုး ရောက်ခဲ့ရင်တော့ အကြောင်းအကျိုး ညီညွတ်ရင် သာခုခေါ်ခွင့်၊ ကျွတ်တမ်းဝင်ခွင့် ရနိုင်ပါတယ်။

ဒီမျှော်လင့်ချက်ကို မိန့်ကြားခဲ့တဲ့ ဘုရားရှင်ရဲ့ စကားတော်ကို အာရုံပြုကြည့်ရအောင်။ **"မင်းတို့ရဲ့ အဖေနဲ့ အမေတို့ဟာ သူတို့ ဒီဘဝအသက်ရှင်စဉ်ကာလမှာသာ မင်းတို့ကို အားကိုးမျှော်လင့်ခဲ့ကြတာမဟုတ်ဘူး။ သေဆုံးပြီးတဲ့နောက် ဘဝသံသရာ ခရီးအတွက်လည်း မျှော်လင့်သွားခဲ့ကြတယ်။**

**"ငါတို့ဟာ သင်္ခါရသဘောတရားအတိုင်း တစ်နေ့နေ့ တစ်ချိန်ချိန်မှာ မုချသေကြရမှာ။ သေချင်တဲ့အချိန်မှာ သေပါစေ။ ငါတို့ဟာ လောကကြီးထဲကနေ အထီးကျန်ဆန်ဆန်နဲ့ ထွက်ခွာသွားရမှာ မဟုတ်ဘူး။ ဟောဒီ ငါ့ရင်ခွင်ထဲမှာ အားကိုးရမယ့် ငါ့သားကြီးရှိတယ်။ ငါ့သမီးကြီး ရှိတယ်။ ငါတို့ သေသွားတဲ့အချိန် အကယ်၍များ မကျွတ်မလွတ်တဲ့ဘဝရောက်ခဲ့ရင်တောင် ပူစရာ ဘာလိုလဲ။ လူ့ဘဝမှာ ကျန်ခဲ့မယ့် ဟောဒီငါ့သား၊ ငါ့သမီးက ငါတို့ကို ရည်မှန်းပြီး ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်တွေ**

**ပြုပြီးတော့ သူတို့ရတဲ့ အဲဒီကောင်းမှု ကုသိုလ်တွေကို တမလွန်ဘဝက ငါတို့ကို ရည်မှန်းပြီး အမေရေ· · · အမျှ· · ·အမျှ· · · အမျှ· · · အဖေရေ··· အမျှ··· အမျှ· · ·အမျှလို့ အမျှဝေလိမ့်မယ်။ အဲဒီအခါမှာ ငါတို့တွေ ဝမ်းမြောက်ဝမ်းသာ သာဓု ခေါ်ခွင့်ရလို့ ကျွတ်တမ်းဝင် ချမ်းသာတဲ့ဘဝကိုရကြမှာ"** လို့ သေသွားပြီးတဲ့နောက် ဘဝအတွက်တောင် အားကိုးမျှော်လင့်ခဲ့တယ်တဲ့။ မိဘနှစ်ပါးရဲ့ပါးစပ်က မပြောရက်လို့ ပြောမထွက်ခဲ့တဲ့ အဲဒီစကားကို ဘုရားရှင်က ကိုယ်စား မိန့်ကြားပေးခဲ့တာပါ။

ဒီတော့ ဒီနံပါတ်လေး မျှော်လင့်ချက်ကိုလည်း ပြန်စဉ်းစားကြည့်စမ်းပါ။ ဒီနေရာမှာတော့ ပုဂ္ဂိုလ်အမျိုးမျိုး ကွဲပြားလိမ့်မယ်။ တချို့ အဖေ သေဆုံးသွားပြီး အမေသာ ရှိတယ်။ တချို့ကျတော့ အမေ သေဆုံးသွားပြီး အဖေသာ ရှိတယ်။ တချို့ကျတော့လည်း မိဘနှစ်ပါးလုံး သေဆုံးသွားကြတာမျိုးလည်း ရှိချင်ရှိမယ်ပေါ့။ မိဘနှစ်ပါးလုံး သက်ရှိထင်ရှားရှိကြတဲ့ ပုဂ္ဂိုလ်မျိုးတွေလည်း အများကြီးပါ။ ပုဂ္ဂိုလ်မျိုးစုံရှိတာပေါ့လေ။ ဘုန်းဘုန်းပင် ခမည်းတော်ကြီး ဆုံးသွားတာ ခြောက်နှစ်ရှိခဲ့ပါပြီ။ သေဆုံးသွားလို့ တစ်ဘဝစီခြားသွားကြပေမယ့် အဖေ အမေတို့ကို မေ့ထားလို့ မရပါဘူး။ ဒီတော့ ငါဟာ အဖေတို့ အမေတို့ကို မေ့နေသူလား၊ သတိတရ ရှိသူလားဆိုတာ ကိုယ်တိုင် စဉ်းစား

ကြည့်ပါ။ သေဆုံးသွားတဲ့ အမေ့ကို ဒါမှမဟုတ်ရင် အဖေ့ကို ရည်မှန်းပြီး ကုသိုလ်အမျှ ငါ ဘယ်နှစ်ခါ ဝေခဲ့ပြီးပြီလဲလို့ ပြန်တွေးကြည့်ကြစမ်းပါ။

ဒါ စဉ်းစားရမှာနော်။ မေ့မေ့လျော့လျော့နဲ့များ အမျှ မဝေဖြစ်ခဲ့မိရင် မိဘတွေကလည်း မကျွတ်မလွတ်တဲ့ ဘဝများ အကယ်၍ ရောက်နေခဲ့ရင် "**ရက်စက်လိုက်တဲ့ သားရယ် သမီးရယ်။ အဖေကတော့ အားကိုးတကြီးနဲ့ မျှော်လင့်လိုက်ရတာ။ အမေကတော့ အားကိုးတကြီးနဲ့ မျှော်လင့်လိုက်ရတာ**"လို့ တမလွန်ဘဝကနေ ဝမ်းနည်း မျက်ရည်ကျရင်း ပြောနေမယ့် အဖေ့ရဲ့အသံ၊ အမေ့ရဲ့ အသံနဲ့ အသွင်အပြင်ကို မှန်းကြည့်ရင်တောင် သနား စရာပါ။ ခံစားတတ်မယ်ဆိုရင် ကိုယ်တိုင်လည်း ရင်နင့်စွာ ခံစားမိမှာပါ။

ဒါကြောင့် သားသမီးတွေကလည်း အဖေ အမေတွေ အားကိုးထိုက်သူဖြစ်အောင် ကြိုးစားတဲ့အနေနဲ့ အဖေ အမေတို့ ကွယ်လွန်ပြီးတဲ့အခါ သူတို့ကိုရည်စူး ကုသိုလ် တွေပြုပြီး အမျှအတန်းပေးဝေရပါမယ်။ တစ်လပြည့်၊ တစ်နှစ်ပြည့်တဲ့အထိ စောင့်နေစရာမလိုပါဘူး။ ကောင်းမှု တစ်ခု နေ့စဉ် ပြုဖြစ်အောင်ပြုပြီးတော့ နေ့စဉ် အမျှပေး ဝေနေရမှာပါ။ ဘုန်းဘုန်းဆိုရင် ညစဉ် တရားပွဲပြန်ချိန် ည ၁၁–နာရီလောက်မှာ ကိုယ့်ရဲ့ တစ်နေ့တာကုသိုလ် တွေကို ကွယ်လွန်သွားပြီးဖြစ်တဲ့ အဖေနဲ့ ကျေးဇူးရှင်

တွေကို သီးသီးခြားခြားရည်မှန်းထားပြီး ကုသိုလ်အမျှတွေ နေ့တိုင်း ပေးဝေပါတယ်။ ပရိတ်၊ ပဋ္ဌာန်းတရားတွေ ရွတ်ဖတ် ပူဇော်တိုင်းလည်း ကွယ်လွန်သွားပြီးဖြစ်တဲ့ အဖေနဲ့ ကျေးဇူးရှင် ဆရာသမားတွေ၊ ဒကာ၊ ဒကာမ တွေကို ဖိတ်ပြီးတော့မှ ရွတ်ဖတ်ပူဇော်တယ်။ ပြီးသွား ရင်လည်း အဲဒီကုသိုလ်အတွက် အဖေနဲ့ အားလုံးကို အမျှပေးဝေပါတယ်။ တစ်နေ့ကို အနည်းဆုံး သုံးကြိမ် လောက်တော့ အမျှပေးဝေဖြစ်ပါတယ်။

ဒါ့ကြောင့် အားလုံးသော သားသမီးတွေကိုလည်း တိုက်တွန်း ပြောကြားတာပါ။ ဘုရားရှင်ရဲ့ သားတော်၊ သမီးတော်တွေပီပီ ဘုရားစကားတော်ကိုလည်း လိုက်နာ သူဖြစ်အောင် မိဘနှစ်ပါးရဲ့ မျှော်လင့်ချက်ကိုလည်း တကယ်ဖြည့်ဆည်းပေးတဲ့ သားသမီး အလိမ္မာလေးတွေ ဖြစ်အောင် ရက်လည်တွေ၊ လပြည့်တွေ၊ နှစ်ပြည့်တွေ စောင့်မနေပါနဲ့။ ကုသိုလ်ဆိုတာ အချိန်တိုင်း ပြုလို့ ကောင်းတဲ့အရာပါ။ ကောင်းမှုတစ်ခု နေ့စဉ်ပြုလို့ ကျေးဇူး ကြီးလှ မိနှင့်ဖကို အမျှ. . . အမျှ. . .အမျှ. . . အခါခါ ပေးဝေပြီး ကျေးဇူးပေးဆပ်ကြပါလို့ တိုက်တွန်းပါတယ်။

■

"လူမျိုးပျောက်ရင် ဘာသာ၊ ယဉ်ကျေးမှု
စတာတွေလည်း တဖြည်းဖြည်း
ပျောက်ကွယ်သွားမှာပါပဲ။
ဒါကြောင့် သားကောင်း၊ သမီးမြတ်တိုင်း
မိမိတို့ မိဘမျိုးရိုးနဲ့ ဘာသာတရား
မတိမ်ကောအောင်
တာဝန်ကျေကြရမှာဖြစ်ပါတယ် . . ."





# စောင့်လေမျိုးနွယ်

အဖေတို့ အမေတို့ရဲ့ မျှော်လင့်ချက် နံပါတ်ငါး ကတော့ စောင့်လေမျိုးနွယ်တဲ့။ ဒီမျှော်လင့်ချက်ကိုလည်း အဖေ အမေတို့ရဲ့ကိုယ်စား ဘုရားရှင်က မိန့်ကြားပေးခဲ့ တာပါ။ ပါဠိတော်မှာ အထင်အရှားရှိပါတယ်။ **“ငါတို့တွေ သေဆုံးသွားတဲ့ နောက်ပိုင်းမှာ ငါတို့ မျိုးနွယ်ဟာ လောကအလယ်မှာ တင့်တယ်စွာနဲ့ ဆက်လက်တည်ရှိနေ လိမ့်မယ်။ ငါ့ရင်ခွင်ထဲက ငါ့သားကြီး၊ ငါ့သမီးကြီးဟာ ငါတို့အမျိုးရဲ့အညွန့်၊ ငါတို့ရဲ့ မျိုးဆက်သစ်အဖြစ်နဲ့ ငါတို့ မျိုးနွယ်ကို စောင့်ရှောက်လိမ့်မယ်”** လို့ မင်းတို့ မိဘ နှစ်ပါးဟာ မျှော်လင့်ခဲ့ကြသေးတယ်လို့ ရှင်တော်မြတ် ဘုရားက မိန့်ကြားခဲ့ပါတယ်။

ဒီမျှော်လင့်ချက်ကတော့ မိဘနှစ်ပါးရဲ့ လေးနက်တဲ့ ရည်ရွယ်ချက်၊ ကြီးမားတဲ့ မျှော်လင့်ချက်ပါပဲ။ ဘယ်လူမျိုး၊ ဘယ်ဘာသာဝင်မဆို မိမိလူမျိုး၊ မိမိဘာသာကို ကမ္ဘာ့အလယ်မှာ အမြဲတမ်း တင့်တယ်ထင်ရှားနေတာကို လိုလားမှာပါပဲ။ ရှေးရှေးမြန်မာတို့ရဲ့ အမျိုးဂုဏ်၊ ဘာသာဂုဏ် စောင့်ထိန်းခဲ့မှုဟာ ဒီကနေ့ ရွှေမြန်မာတို့ ကမ္ဘာ့အလယ်မှာ တင့်တယ်စွာတည်ရှိခွင့်ရရှိခြင်း အကျိုးဆက်ပါပဲ။ ရှေးက ဘိုးဘွား မိဘတွေ အမျိုးနွယ်ဂုဏ် စောင့်ထိန်းမှုတာဝန် ကျေပွန်ခဲ့သလိုပဲ။ မိမိတို့ကလည်း အနာဂတ်ကာလ များစွာအတွက် တာဝန်ကျေအောင် ဆက်လက် စောင့်ထိန်းရမှာပါ။ ဒါဟာ သမိုင်းပေးတာဝန်တစ်ရပ်လို့ကို နှလုံးသားထဲမှာ ခံယူထားရမှာပါ။ ဒါ့ကြောင့် အမျိုးဂုဏ် စောင့်ထိန်းမှုဟာ မြန်မာတစ်ဦးချင်းရဲ့ မဖြစ်မနေ ကျင့်သုံးရမယ့် အဓိက တာဝန်တစ်ရပ်ပါ။

တရားဟော ပုဂ္ဂိုလ်တွေ ဘယ်လောက်ဟောဟော၊ စာပေတွေ ဘယ်လောက်ရေးရေး၊ မြန်မာအမျိုးသား အမျိုးသမီးလေးတွေရဲ့ အမျိုးချစ်စိတ်၊ ဘာသာတရားကို တန်ဖိုးထားစိတ် ပြင်းပြင်းထန်ထန်နဲ့ လက်တွေ့ကျင့်သုံးဖို့ အလွန် အရေးကြီးပါတယ်။

အဖေနဲ့ အမေဟာ မိမိတို့မျိုးရိုးနဲ့ ကိုးကွယ်တဲ့ ဘာသာတရားကို ချစ်မြတ်နိုးသူများ ဖြစ်ကြပါတယ်။ ဒါကြောင့် မိမိတို့မျိုးရိုး မတိမ်ကောဖို့၊ မျိုးဆက်သစ်တွေ တိုးပွားဖို့

အတွက် သားသမီးတွေကို အိမ်ထောင်ချပေးထားခြင်း ဖြစ်ပါတယ်။ သားသမီးတွေဟာ မိဘတို့ရဲ့ မျိုးရိုးမပျောက်ပျက်သွားအောင်၊ မျိုးရိုးသန့်ရှင်းနေအောင် သတိပြုနေထိုင်ကြရမှာပါ။ မြန်မာလည်း မြန်မာလူမျိုး တည်မြဲနေအောင်၊ ကရင်လည်း ကရင်လူမျိုး တည်မြဲနေအောင်၊ မွန်လည်း မွန်လူမျိုး တည်မြဲနေအောင် စသဖြင့် လူမျိုးတိုင်းဟာ မိမိတို့ ဖြစ်တည်ရာ မျိုးနွယ်ကို ကာကွယ်စောင့်ရှောက်ပေးရမှာ ဖြစ်ပါတယ်။

မိမိက မြန်မာလူမျိုးဖြစ်ပါလျက် အခြားလူမျိုးခြား၊ ဘာသာခြားနဲ့ အိမ်ထောင်ပြုမယ်ဆိုရင် မွေးဖွားလာတဲ့ကလေးက မြန်မာလူမျိုး မစစ်နိုင်တော့ပါဘူး။ အခြားလူမျိုးသွေး ရောနှောပါဝင်နေတဲ့အတွက် အမျိုးအနွယ်ပျက်စီးသွားပါတယ်။ ဒီခေတ်မှာ ပိုအရေးကြီးပါတယ်။ လူမျိုးပေါင်းစုံ ရောနှောနေထိုင်ကြတယ် မဟုတ်လား။ တချို့ဆို ငွေကြေးမျက်နှာပဲ ကြည့်ပြီး မိဘမျက်နှာမထောက်တဲ့အတွက် မျိုးနွယ်ဇာတ်ပျက်သွားတတ်ကြပါတယ်။ ဘိုးဘေးစဉ်ဆက် မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်လာတဲ့ အမျိုးအနွယ်ကို မိမိလက်ထက်မှာဖျက်ဆီးပစ်မယ်ဆိုရင် အမွေခံထိုက်တဲ့ သားသမီးတွေမဖြစ်ကြတော့ပါဘူး။

ရှေးတုန်းက သာကီဝင်မင်းမျိုးတွေဟာ မိမိတို့ အမျိုးချင်းပဲ အိမ်ထောင်ပြုလေ့ရှိကြတယ်။ အမျိုးပျောက်မှာ

စိုးလို့တဲ့။ မြန်မာနိုင်ငံမှာ ရှေးက ပျူလူမျိုးဆိုတာရှိခဲ့တယ်။ ပုဂံခေတ်ကျောက်စာတွေအရ ပျူစာလည်း အထင်အရှား ရှိခဲ့တယ်။ ဒါပေမယ့် ယနေ့ မြန်မာ့မြေပေါ်မှာ ပျူလူမျိုး ရှာလို့မတွေ့တော့ပါဘူး။ ဘာကြောင့်လဲဆိုရင် ပျူလူမျိုး တွေဟာ အခြားလူမျိုးတွေနဲ့ လက်ဆက်ပါများတော့ တဖြည်းဖြည်း ပျောက်ကွယ်သွားခဲ့ပုံပါပဲ။ "**ကမ္ဘာမှာ မြန်မာ**"လို့ ပြောနိုင်တာဟာ ရှေးရှေးမြန်မာတွေရဲ့ မျိုးချစ်စိတ်ဓာတ်တွေကြောင့်ပါ။ အမျိုးဆိုတာ တစ်ဦး တစ်ယောက်ချင်းကအစ ထိန်းသိမ်းစောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ တစ်ယောက်ကအစ အားလုံးဖောက်ဖျက်ရင် မြန်မာဆိုတာ ကမ္ဘာပေါ်မှာ မကြာခင် ကွယ်ပျောက်သွားမှာ ပါပဲ။ လူမျိုးပျောက်ရင် ဘာသာ၊ ယဉ်ကျေးမှု စတာ တွေလည်း တဖြည်းဖြည်း ပျောက်ကွယ်သွားမှာပါပဲ။ ဒါကြောင့် သားကောင်း၊ သမီးမြတ်တိုင်း မိမိတို့ မိဘ မျိုးရိုးနဲ့ ဘာသာတရား မတိမ်ကောအောင် တာဝန်ကျေကြ ရမှာဖြစ်ပါတယ်။

ဘာသာဆိုတာကတော့ ဗုဒ္ဓဘာသာပေါ့။ ကမ္ဘာ ပေါ်မှာရှိတဲ့ ဘာသာတွေထဲမှာ ဗုဒ္ဓဘာသာဟာ အမှန် ဆုံးပါ။ အားကိုးထိုက်ဆုံးပါလို့ ရဲရဲဝံ့ဝံ့ ပြောလို့ရပါတယ်။ ဘက်ပေါင်းစုံကနေ မှတ်ကျောက်အတင်ခံရဲတဲ့ ဘာသာပါ။ မိမိတို့တစ်တွေ ဗုဒ္ဓဘာသာဝင် ဖြစ်ကြရတာ သိပ် ကံကောင်းပါတယ်။ ဒီတော့ အမှန်တရားဖြစ်တဲ့ ဗုဒ္ဓ

ဘာသာကိုလည်း မကွယ်ပအောင် စောင့်ရှောက်ရမှာ ဖြစ်ပါတယ်။ အဖေနဲ့အမေတို့က ဗုဒ္ဓဘာသာဝင်တွေ ဖြစ်ပါရက်နဲ့ မိမိတို့က အခြားဘာသာတရားကို လက်ခံ ကိုးကွယ်မယ်ဆိုရင် အဖေ အမေတို့ မျှော်လင့်ချက်ပျက်ပြီး မိမိတို့လည်း တာဝန်မဲ့ရာကျတာပေါ့။ ဘာကြောင့်လဲ ဆိုရင် အဖေတို့ အမေတို့ ကိုးကွယ်ယုံကြည်တဲ့ ဘာသာ သာသနာကို ဆက်လက် ယုံကြည်ကိုးကွယ်ရမှာ မဟုတ် လား။ တချို့ဆိုရင် နှလုံးသား ခံစားချက်ကိုပဲ ရှေ့တန်း တင်ပြီး ဦးနှောက်နဲ့ ဆင်ခြင်မှုမရှိတော့ အမျိုးဘာသာကို ခြေစုံကန်ထွက်သွားကြတယ်။ တချို့ဆိုရင် အမျိုးဘာသာ မတူသူနဲ့ယူထားတော့ မိမိ ယုံကြည်ကိုးကွယ်တဲ့ ဘာသာ တရားကို အားရပါးရ လုပ်ခွင့်မရကြဘူး။ တချို့များဆို ကိုယ့်ဗုဒ္ဓဘာသာကို စွန့်လွှတ်လိုက်ရတဲ့ ဘဝအထိ ရောက်သွားကြတယ်။ ဒါ့ကြောင့်လည်း ရှေးပညာရှင် များက "**အိမ်ထောင်မှုဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး၊ ဤသုံးခု ချက်မပိုင်ရင် နှောင်ပြင်နိုင်ခဲသည့် အမျိုး**"လို့ စပ်ဆိုခဲ့ဟန်တူပါတယ်။

ဒါတွေဟာ ဖောက်ပြန်မှုရဲ့ အကျိုးဆက်တွေပါ။ အမွေခံထိုက်သူဖြစ်တယ်ဆိုတာ မိမိတို့ အမျိုးအနွယ်ကို စောင့်ရှောက်မြတ်နိုးသူလည်း ဖြစ်ရတယ်။ ဘာသာ သာသနာကို သက်ဝင်ယုံကြည်ပြီး မစွန့်လွှတ်သူလည်း ဖြစ်ရပါမယ်။ ရတနာသုံးပါးရဲ့ ဂုဏ်တော်တွေကို တစ်ခု

ချင်းသိအောင် လေ့လာသင်ယူထားပြီး ဂုဏ်တော်များရဲ့ ကြီးကျယ်မြင့်မြတ်မှုတွေကို သိထားရမယ်။ ဘုရားမှန်မှန် ရှိခိုးရမယ်။ ဒါနသီလ ဘာဝနာကောင်းမှုတွေ ပြုကြရမယ်။ ဒါတွေဟာ ငယ်ငယ်လေးကတည်းက အဖေတို့ အမေတို့ပေးခဲ့တဲ့ ဓမ္မအမွေတွေပဲ။ အဲဒီဓမ္မအမွေတွေကို မပယ်စွန့်ဘဲ ဆက်လက် စောင့်ထိန်းလိုက်နာကျင့်သုံးတဲ့ သားသမီးတွေမှ အမွေခံထိုက်ကြမှာပါ။ ဓမ္မအမွေရကြမှာပါ။

ဒါကြောင့် မိမိတို့ မြန်မာလူမျိုးရဲ့ဂုဏ်၊ ဗုဒ္ဓဘာသာရဲ့ ကြီးကျယ်မြင့်မြတ်မှုကို တန်ဖိုးထား စောင့်ရှောက်ပြီး မိဘနှစ်ပါးရဲ့ မျှော်လင့်ချက်ကို လက်တွေ့ ဖြည့်ဆည်းပေးကြပါလို့ ဘုန်းဘုန်း တိုက်တွန်းချင်ပါတယ်။

■



# အကျေပေးဆပ် ကျေးဇူးမြတ်

လောကမှာ တာဝန်ကျေတယ်ဆိုတဲ့စကား၊ ပြီးပြည့်စုံတယ်ဆိုတဲ့စကားကို ရာခိုင်နှုန်းနဲ့ ပြောဆိုတဲ့အခါမှာ ၁၀၀% ရှိမှ တာဝန်ကျေသူ၊ ပြီးပြည့်စုံသူလို့ သတ်မှတ်ကြတာပါ။ ရဟန်းလည်း ရဟန်းတာဝန်၊ ဝန်ထမ်းလည်း ဝန်ထမ်းတာဝန်၊ ကျောင်းသားလည်း ကျောင်းသားတာဝန်၊ တာဝန်ကိုယ်စီရှိကြပါတယ်။ ရဟန်းကောင်းဆိုရင်လည်း သီလ သိက္ခာပုဒ်တွေမပျက်အောင် စောင့်ထိန်းပြီး ဂန္ထဓူရ (စာပေသင်ကြားပို့ချခြင်း)၊ ဝိပဿနာဓူရ (တရားပြ၊ တရားကျင့်ခြင်း)တစ်ခုခုကို တာဝန်ကျေအောင် ထမ်းဆောင်နေရင် သူ့လုပ်ငန်းတာဝန်ကို ၁၀၀% ကျေနေတာပါပဲ။ ဒီလိုပဲ ဝန်ထမ်း၊ ကျောင်းသားတွေလည်း မိမိ ကျေပွန်ရမယ့် အလုပ်ကိစ္စတွေကို တာဝန်ကျေပွန်မယ်ဆိုရင်

၁၀၀% ကျေတယ်ပြောရမှာပါပဲ။ တာဝန်ကျေသူကို အားလုံးက ကြည်ညိုလေးစား တန်ဖိုးထားကြတာပါပဲ။ အကြောင်းကောင်းရဲ့ အကျိုးကောင်းပဲပေါ့။ ဘာသာရေး ဆန်တဲ့ စကားလုံးနဲ့ပြောရင် လူသာစုခေါ်၊ နတ်သာစု ခေါ်ပေါ့။

မိဘကျေးဇူးကို အကျေပေးဆပ်ကြမယ့် သားသမီး တွေအတွက်လည်း စံနှုန်း သတ်မှတ်မယ်ဆိုရင် ရှေ့က တင်ပြခဲ့ပြီးတဲ့ မိဘနှစ်ပါးရဲ့ မျှော်လင့်ချက်ငါးမျိုးကို ပြန်လည် ပေးဆပ်ကြရင် ၅၀% ကျေပွန်သွားပြီလို့ သတ်မှတ်ရင် ရပါပြီ။ ဒါဆိုရင် ငါးဆယ်ဟာ တစ်ရာမှ မပြည့်သေးဘဲ တစ်ရာပြည့်ဖို့ ငါးဆယ်လိုသေးတာပေါ့။ ဘုန်းဘုန်းက စာဖတ်သူကို ငွေတစ်ရာနဲ့ ငွေငါးဆယ် ဘယ်ဟာယူမလဲလို့ မေးခဲ့ရင် ဘယ်လိုဖြေမလဲ။ စဉ်းစား နော်။ ဘယ်သူမဆို အရာရာမှာ တစ်ရာရာခိုင်နှုန်းပြည့်ပဲ လိုချင်မှာပါ။ နှစ်ခုစလုံးယူမယ်ဘုရားလို့တောင် ပြောချင် ပြောဦးမယ်။

ဒါ့ကြောင့် မိဘနှစ်ပါးရဲ့ ကျေးဇူးကို အကျေဆပ် နိုင်ဖို့၊ ရာနှုန်းပြည့် ကျေးဇူးဆပ်တဲ့ သားသမီးဖြစ်နိုင်ဖို့ ဘုရားရှင်မိန့်ကြားတဲ့ မိဘကျေးဇူး အကျေဆပ်နည်းကို ဆက်ရေးပါဦးမယ်။ ဒီနေရာမှာ တစ်ခု သတိပေးချင်ပါ တယ်။ **"မိဘကျေးဇူးဆိုတာ ဘယ်လိုဆပ်ဆပ် မကျေ နိုင်ဘူး။ ဘုရားရှင်တောင်မှ နို့တစ်လုံးဖိုးပဲကျေတယ်"**

ဆိုတဲ့စကား ဘုန်းဘုန်းတို့ ငယ်ငယ်ကတည်းက ကြားဖူးနေတာ။ ဘယ်သူစပြောခဲ့တဲ့ စကားဆိုတာတော့ မသိပါဘူး။ ရှေးလူကြီးတွေရဲ့ ဆုံးမစကားထင်ပါရဲ့။ တကယ်တမ်းကျတော့ ဘယ်စာပေကျမ်းဂန်မှာမှ မရှိပါဘူး။ စာပေကျမ်းဂန်မှာ မိဘကျေးဇူး အကျေဆပ်နည်းပဲရှိတာပါ။

ဘုရားရှင်က အဖေ့ချွေးဖိုးနဲ့ အမေ့နို့ဖိုးကျေအောင် ကျေးဇူးဆပ်တဲ့နည်းကို မိန့်တော်မူခဲ့ပါတယ်။ အဲဒါကတော့ မိဘကျေးဇူးကို ဓမ္မနဲ့ ကျေးဇူးဆပ်ခြင်းပါ။ ပစ္စည်းဥစ္စာနဲ့ ကျေးဇူးဆပ်တာထက် ဓမ္မနဲ့ကျေးဇူးဆပ်တာက ပိုအကျိုးများပါတယ်။ ဒီနေရာမှာ ဘယ်ဓမ္မတွေနဲ့ ဘယ်လိုကျေးဇူးဆပ်ရမလဲဆိုတာ ပြောပြပါဦးမယ်။ ဓမ္မက လေးမျိုးရှိပါတယ်။ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဆိုတဲ့ ဓမ္မတွေပါပဲ။ ဘယ်လို ဆပ်ရမှာလဲဆိုရင် . . .

၁။ သဒ္ဓါတရားမရှိတဲ့ မိဘတွေကို သဒ္ဓါတရားရှိလာအောင်၊


၂။ သီလတရားမရှိတဲ့ မိဘတွေကို သီလရှိလာအောင်၊

၃။ စာဂတရားမရှိသေးတဲ့ မိဘတွေကို စာဂရှိလာအောင်၊

၄။ ပညာမရှိသေးတဲ့ မိဘတွေကို ပညာရှိလာအောင် တိုက်တွန်းပေးရမယ်၊ နှိုးဆော်ပေးရမယ်၊ အားပေး

ကူညီရမယ်၊ လိုအပ်တဲ့ ကိစ္စတွေမှာ တာဝန်ယူရပါမယ်။

■



# သဒ္ဓါ

သဒ္ဓါဆိုတာ ယုံကြည်ချက်ကလေးပါပဲ။ ယုံကြည်တဲ့ သဘောလေးပါပဲ။ ဘာကို ယုံကြည်တာလဲဆိုတော့ ဘုရားကို ယုံကြည်တယ်၊ တရားကို ယုံကြည်တယ်၊ သံဃာကို ယုံကြည်တယ်။ ပြီးတော့ မိမိ ပြုလိုက်တဲ့ ကောင်းမှုကုသိုလ်ကံတွေဟာ မိမိရဲ့ ဒီဘဝနဲ့ နောင်ဘဝ များစွာရဲ့ ကောင်းကျိုးတွေကို ပြုပြင်စီရင် ဖန်ဆင်းပေးတယ်လို့ ယုံကြည်တယ်။ နောက် မိမိပြုတဲ့ အကုသိုလ် အလုပ်တွေက မိမိကို ဒီဘဝမှာရော၊ ဘဝသံသရာမှာပါ မကောင်းကျိုးတွေပြန်ခံရမှာလို့ ယုံကြည်တာဟာ သဒ္ဓါရဲ့ သဘောအဓိပ္ပာယ်ပါပဲ။

**ဒီသဒ္ဓါတရားလေး** နှလုံးသားထဲမှာ ကိန်းလိုက်တာနဲ့ အလုပ်ကောင်း၊ အပြောကောင်း၊ အကြံကောင်းတွေပဲ ပြုဖြစ်၊ ပြောဖြစ်၊ ကြံဖြစ်ပါတယ်။ ဒီလို ပြု၊ ပြော၊ ကြံတဲ့ ပုဂ္ဂိုလ်တွေရဲ့ ရုပ်အဆင်းအင်္ဂါတွေ ကြည်လာတတ်တယ်။ သဒ္ဓါကြောင့် စိတ်အညစ်အကြေးတွေ ကင်းသွားတာကိုး။ စိတ်သန့်ရှင်းတော့ ရုပ်ကြည်လင်တာပေါ့။

ဒါ့ကြောင့် သဒ္ဓါတရားကို စကြဝတေးကြီးရဲ့ ပတ္တမြားရတနာနဲ့တူတယ်လို့ ဥပမာပေးထားတယ်။ စကြဝတေးကြီးရဲ့ ပတ္တမြားရတနာဟာ ရေနောက်ကို ကြည်စေတယ်တဲ့။ ဘယ်လောက်နောက်ကျူနေတဲ့ ရေဖြစ်ပါစေ စကြဝတေးရဲ့ ပတ္တမြားရတနာသာ အဲဒီရေထဲထည့်လိုက် အညစ်အကြေးတွေအားလုံး အနည်ထိုင်ပြီး ကြည်လင်သွားတာပဲတဲ့။

ဒီလိုပါပဲ။ လူသားတစ်ယောက်ရဲ့ နှလုံးသားထဲမှာ ယုံကြည်တဲ့ သဒ္ဓါတရားလေး ဝင်လာပြီဆိုရင် စိတ်တွေ ကြည်လင်လာပြီး လူ့နှလုံးသားကို ပူလောင်စေတတ်တဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန စတဲ့ တရားဆိုးတွေ ငြိမ်းအေးပြီး ရုပ်ရော စိတ်ရော ကြည်လင်လန်းဆန်း သွားတာပါပဲ။

စိတ်ကြည်လင်မှ အလှူအတန်း ပြုလုပ်ရတာ၊ သီလ ဆောက်တည်ကျင့်သုံးရတာ၊ ဝိပဿနာ ဘာဝနာပွားများ အားထုတ်ရတာတွေမှာ စိတ်အားထက်သန်လာမယ်၊ ကြိုးစားချင်စိတ် ပေါ်လာမယ်လေ။ ဒါ့ကြောင့် ကောင်းမှု

အားလုံးကို ဖြစ်စေတဲ့တရားဟာ **သဒ္ဓါတရား**ပဲလို့ ပြောရမှာပါပဲ။

တချို့ မိသားစုတွေမှာ ပြောင်းပြန်ဖြစ်နေတာတွေ အများကြီးပဲ တွေ့နေရတယ်။ သားသမီးတွေက ယုံကြည်မှု သဒ္ဓါတရား သိပ်ကောင်းပြီး မိဘတွေဘက်က အလွန် ညံ့နေကြတယ်။

တချို့ မိဘတွေဆိုရင် ဘာသာရေးမှာ လေးနက်မှုမရှိကြဘူး။ ပေါ့ပေါ့ဆဆ ပျော်ပျော်ပါးပါးပဲ။ အတော့်ကို ပေါ့ပေါ့ဆဆ နေထိုင်၊ ပြောဆို၊ လုပ်ကိုင်နေကြတာ တွေ့ရပါတယ်။ အသက်တွေကသာ တဖြည်းဖြည်း ကြီးလာတာ ဘုရားသွားရမှန်းလည်း မသိဘူး။ ကျောင်းသွားရမှာလည်း နားမလည်ဘူး။ တရားနာရမှာ တရားအားထုတ်ရမှာလည်း စိတ်မဝင်စားကြဘူး။ မိဘတွေက ရှေ့ဆောင်လမ်းပြအနေနဲ့ လုပ်ရမယ့် ဆွမ်းကပ်၊ ရေချမ်းကပ်၊ ဘုရားရှိခိုးတာတောင် မှန်မှန် မလုပ်ချင်ကြဘူး။ တီဗွီဆိုရင် သူတို့က ရှေ့ဆုံးကပဲ။

အဲဒီလိုမိဘတွေက သဒ္ဓါတရားခေါင်းပါးကြပေမယ့် သားသမီးတွေကျတော့ သဒ္ဓါတရား အားကောင်းနေတတ်ကြတယ်။ ဘယ်တော့မှ အပျော်အပါး မလိုက်စားကြဘူး။ သီလလည်း ဆောက်တည်ကျင့်သုံးကြတယ်၊ အလှူအတန်းလည်း ဝါသနာပါကြတယ်၊ တရားလည်း အားထုတ်ကြတယ်။ အခုခေတ် ဓမ္မပူဇာသဘင်တွေမှာဆိုရင် လူလတ်

ပိုင်း၊ လူငယ်ပိုင်းအရွယ်တွေ ဦးဆောင်ပြီး အားတက်သရော လုပ်ကိုင်နေကြတာ တွေ့ရတယ်။ ဝမ်းသာစရာ သာဓုခေါ်စရာပါပဲ။ ဒါပေမယ့် မိဘတွေကိုကျတော့ သူတို့က မိဘပဲဆိုတဲ့ စကားနဲ့ပစ်ထားတတ်ကြတယ်။ အဲဒီလို မလုပ်ရဘူး။ အဲဒီလိုနေလိုက်ရင် အမွေခံထိုက်တဲ့ သားသမီးတွေ မဖြစ်နိုင်တော့ဘူး။ "**သဒ္ဓါတရားမရှိတဲ့ မိဘနှစ်ပါးရဲ့ နှလုံးသားမှာ သဒ္ဓါတရားတွေ ပေါ်လာအောင်၊ တည်မြဲအောင်၊ ခိုင်ခံ့အောင် စီမံပေးရမယ်။ အဲဒီလို စီမံဆောင်ရွက်လိုက်လို့ အဖေ အမေတို့ နှလုံးသားမှာ သဒ္ဓါတရားတွေ တည်သွားနိုင်ပြီဆိုရင် အဖေ့ချွေးဖိုးနဲ့ အမေ့နို့ဖိုးကို ပထမဆုံး ပေးဆပ်နည်းနဲ့ အကျေပေးဆပ်လိုက်တာပဲ**"လို့ ဘုရားရှင်က မိန့်ထားတယ်လေ။

ဒါ့ကြောင့် ဘုရားမှန်းမသိ၊ တရားမှန်းမသိ၊ သံဃာမှန်းမသိ၊ ကံနဲ့ ကံရဲ့အကျိုးကိုလည်း ယုံကြည်မှု အားနည်းတဲ့ မိဘမျိုးတွေနဲ့ အတူနေရတယ်ဆိုရင် စိတ်ဓာတ်လည်း မကျနဲ့၊ ပစ်လည်းမထားနဲ့။ "**ငါ ကံကောင်းလိုက်တာ မိဘကျေးဇူးကို အကျေဆပ်ခွင့်ရတော့မယ်လို့**" ကိုယ့်ကိုယ်ကိုယ် သတိပေးပြီး လုပ်ဖြစ်အောင်လုပ်လိုက်ပါ။ တကယ့်သားကောင်း၊ သမီးမြတ်ဖြစ်ချင်ရင် အဲဒီလို မိဘတွေကို ဘာသာရေးမှာ စိတ်ဝင်စားလာအောင် တိုက်တွန်းပေးရပါမယ်။ သူတို့အနေနဲ့ ကုသိုလ်ကိုယ်တိုင် လုပ်နိုင်အောင် စီစဉ်ပေးရမယ်။ တရားပွဲတွေ သွားနိုင်အောင်

ပြောပေးရမယ်။ တရားအားထုတ်နိုင်အောင် စီစဉ်ပေးရမယ်။ မိဘတွေရဲ့ နေရေး၊ ထိုင်ရေး၊ လှုပ်ရေး၊ တန်းရေးတွေကို တာဝန်ယူကြရမယ်။ သားတို့ သမီးတို့ မအားလပ်လို့ ဆွမ်းကပ်ပေးပါ။ ဆွမ်းလောင်းပေးပါ။ ရေချမ်းကပ်ပေးပါဆိုပြီး ပရိယာယ်သုံးပြီး မသိမသာ တိုက်တွန်းပေးရင်း ဆွဲဆောင်ရမယ်နော်။

ဒီလို သားသမီးတွေက တိုက်တွန်းတာများလာရင် သဒ္ဓါတရားမရှိတဲ့ မိဘတွေ သဒ္ဓါတရားရှိလာနိုင်ပါတယ်။ တဖြည်းဖြည်း စိတ်ပါလာနိုင်ပါတယ်။ ဘာသာရေးလုပ်ငန်းကို မေ့မေ့လျော့လျော့နေကြတဲ့ မိဘတွေလည်း သားသမီးတွေ မျက်နှာထောက်လို့ စိတ်ပြောင်းလာနိုင်ပါတယ်။ ဘာမှပူပန်ရတာမရှိလို့ တရားနာရတာ၊ တရားအားထုတ်ရတာ ပျော်ရွှင်လာနိုင်ပါလိမ့်မယ်။ ဒီလိုမှ မဟုတ်ဘဲ ဘာမှ အခွင့်အရေးမပေးဘဲ ပစ်ထားမယ်ဆိုရင် နဂိုအတိုင်း ဘာသိဘာသာနေကြမှာပါပဲ။ သဒ္ဓါတရားမရှိတဲ့ မိဘတွေရင်ထဲမှာ သဒ္ဓါတရား ကိန်းဝပ်သွားပြီဆိုရင်တော့ တာဝန်ကျေတဲ့ သားသမီးတွေဖြစ်ကြပြီပေါ့။ အဲဒါကိုပဲ မွေးနဲ့ကျေးဇူးဆပ်တယ်လို့ ခေါ်ပါတယ်။

■

“လောကမှာ တစ်ဟာ ဘယ်နေရာမှာပဲရေးရေး
တစ်ပဲ ဖတ်ရပါတယ်။ ဘယ်တော့မှ
နှစ် ဖြစ်မသွားပါဘူး။ ဒီလိုပဲပေါ့။
မိဘနဲ့ သားသမီးဆိုပေမယ့် အသိဉာဏ်ပညာ၊
အတွေးအခေါ်၊ အလုပ်အကိုင်တွေ
ကွာခြားသွားတဲ့အခါ ဆန့်ကျင်ဘက်တွေ
ဖြစ်တတ်တယ်။ ဘာတွေဖြစ်နေနေ
အမေဟာ အမေ၊ အမေဟာ အမေပါပဲ။
သူတို့မွေးပေးလို့ ကိုယ် လူဖြစ်ခွင့်ရလာတာပါ။
ဒါ့ကြောင့် တစ်ဟာ တစ်ပါပဲ။
ဘယ်တော့မှ နှစ် ဖြစ်မသွားပါဘူး။
ဖြစ်လည်း မဖြစ်ပါစေနဲ့. . .”



# သီလ

သီလဆိုတာ စောင့်ထိန်းခြင်းပါပဲ။ ဘာကိုစောင့်ထိန်းတာလဲဆိုရင် ကိုယ်နဲ့နှုတ်က လွန်ကျူးမယ့် အကုသိုလ်အလုပ် ပြုမူပြောဆိုမှုတွေကို မလွန်ကျူးအောင် စောင့်ထိန်းခြင်းပါ။ တစ်နည်းပြောရရင် . . .သီလဆိုတာ စောင့်ထိန်းရမယ့် ကိုယ်ကျင့်တရားပါ။ လူတစ်ဦးစီရဲ့ အဆင့်အတန်းကို ကိုယ်ကျင့်တရား ကြည့်တာနဲ့ သိနိုင်ပါတယ်။ တချို့မိဘတွေဆို သူတစ်ပါးအသက်သတ်တဲ့၊ လိမ်ညာပြောတဲ့ အလေ့ရှိကြတယ်။ ကိုယ် အရက်သောက်ဖို့ သားသမီးတွေကို အရက်ဝယ်ခိုင်းတဲ့ အဖေမျိုးတွေ ရှိပါတယ်။ အပျော်အပါးလိုက်စားတဲ့ မိဘတွေလည်းရှိတယ်။ သီလစောင့်ထိန်းဖို့ နေနေသာသာ ဥပုသ်နေ့လို နေ့ထူးနေ့မြတ်တွေမှာတောင် ကိုယ်ကျင့်တရားတွေ ပျက်စီးနေကြတာ ရှိတတ်ပါတယ်။

ဒီနေရာမှာ ညီငယ် ညီမငယ်တွေကို သတိပေးစကားလေး ပြောချင်ပါတယ်။ ပုထုဇဉ်သဘာဝ မှားတတ်

တာလေးပေါ့။ ကိုယ်က ကောင်းတဲ့လမ်းကြောင်းပေါ် ရောက်နေတဲ့အခါ ကိုယ့်မိဘတွေကိုလည်း ဒီလိုဖြစ်စေချင်တဲ့ ဆန္ဒတွေ သိပ်ပြင်းပြလွန်းလာရင် အားမလို အားမရဖြစ်ပြီး အနည်းဆုံး နှုတ်နဲ့တော့ ပြောဆိုပြစ်မှားမိတတ်ပါတယ်။ သတိထားပါ။ လောကမှာ တစ်ဟာ ဘယ်နေရာမှာပဲရေးရေး တစ်ပဲ ဖတ်ရပါတယ်။ ဘယ်တော့မှ နှစ် ဖြစ်မသွားပါဘူး။ ဒီလိုပဲပေါ့။ မိဘနဲ့ သားသမီးဆိုပေမယ့် အသိဉာဏ်ပညာ၊ အတွေးအခေါ်၊ အလုပ်အကိုင်တွေ ကွာခြားသွားတဲ့အခါ ဆန့်ကျင်ဘက်တွေဖြစ်တတ်တယ်။ ဘာတွေဖြစ်နေနေ အဖေဟာ အဖေ၊ အမေဟာ အမေပါပဲ။ သူတို့မွေးပေးလို့ ကိုယ် လူဖြစ်ခွင့်ရလာတာပါ။ ဒါ့ကြောင့် တစ်ဟာ တစ်ပါပဲ။ ဘယ်တော့မှ နှစ် ဖြစ်မသွားပါဘူး။ ဖြစ်လည်း မဖြစ်ပါစေနဲ့။

နယ်ဘက်ကို တရားဟောကြွသွားတုန်းက သမီးအကြီးဆုံးက မောင်နှမ အားလုံးကို မိဘလို ဦးဆောင်ပြီး ဘဝတိုးတက်အောင် ကြိုးစားနေတဲ့ မိသားစုတစ်စုက စာရေးပြီးတော့ လျှောက်ထားဖူးတယ်။ သူလျှောက်တဲ့ အကြောင်းအရာက သူတို့အဖေဟာ သားသမီးတွေ အပေါ်မှာ တာဝန်မကျေရုံတင်မကဘဲ အဖေ့ရဲ့ လူမှုရေးအရှုပ်တွေကိုပါ သားသမီးတွေကပဲ လိုက်ရှင်းနေရကြောင်း၊ မောင်နှမတွေအချင်းချင်း စိတ်အနှောင့်အယှက် ကြီးကြီးမားမား ဘာမှမရှိကြဘဲ အဖေ့အတွက်ကြောင့်ပဲ ဖြေရှင်း

ရတာတွေ၊ အရှက်တကွဲ ဖြစ်ရတာတွေ ကြုံနေရတဲ့ အတွက် အဖေ့ကိုစိတ်နာကြောင်း၊ အိမ်ကိုတောင် မလာ စေချင်ကြောင်း အဲဒီလောက်အထိ ခံစားနေရချိန်မှာ အရှင်ဘုရားဟောတဲ့ **အမွေခံထိုက်သူဖြစ်ပါစေ** တရားကို နာကြားရတော့ အဖေ့ကို ခွင့်လွှတ်ချင်ပေမယ့် ခွင့်လွှတ်လို့ မရဖြစ်နေတဲ့အတွက် စိတ်ကို ဘယ်လိုထားရမယ်ဆိုတာ အကြံဉာဏ်ပေးဖို့ လျှောက်ထားကြပါတယ်။

နောက်အဖြစ်အပျက်လေးတစ်ခုက မိဘနှစ်ပါးက စွန့်ပစ်ထားခဲ့ခြင်းခံရတဲ့ အမျိုးသားလေးတစ်ယောက်က လာလျှောက်ထားတဲ့ အကြောင်းလေးပါ။ မိဘနှစ်ပါး အိမ်ထောင်ရေး အဆင်မပြေချိန် သူ့အသက်ကလည်း လေးနှစ်ပြည့်စအရွယ်မို့ ကလေးကို သူတာဝန်ယူ၊ ကိုယ် တာဝန်ယူဖို့ ပြောနေတာကိုလည်း သူ မှတ်မိကြောင်း၊ နောက်ဆုံး အမေဟာ အိမ်ကထွက်သွားပြီး အဖေနဲ့ပဲ ကျန်ခဲ့ကြောင်း၊ အမေထွက်သွားပြီး မကြာခင်ရက်မှာပဲ အဖေနဲ့ ရန်ကုန်မြို့ တန်ခိုးကြီးဘုရားတစ်ဆူကို သွားဖူး ရင်း အဖေနဲ့ လူကွဲသွားကြောင်း၊ အဲဒီအချိန်ကစပြီး မိဘမဲ့ဂေဟာရဲ့ အစောင့်အရှောက်နဲ့ သူ့ဘဝ ကြီးပြင်း လာခဲ့ရကြောင်း၊ ယခု ကြီးလာချိန် ပြန်တွေးလိုက်တဲ့ အခါမှာ သူ့အဖေကလည်း သူ့တာဝန်ကို မယူချင်လို့ ပစ်ထားခဲ့တာပဲလို့ သူ ခံစားရကြောင်း၊ ဒီလို မိဘမျိုး တွေနဲ့ကြုံရတဲ့ တပည့်တော်တို့လို လူမျိုးတွေအတွက်

သားသမီးဘက်က စဉ်းစားပေးစေလိုကြောင်း လျှောက်ထားပြန်တယ်။

သူတို့ပြောတာတွေဟာ အမှန်တွေပါပဲ။ ဒီလိုမျိုး မိသားစုတွေဟာ အများကြီးမဟုတ်ပေမယ့် ရှိကြပါတယ်။ သူတို့လို ကိုယ်တိုင် လာရောက်မလျှောက်ထားပေမယ့် ဒီလိုအဖြစ်မျိုး ကြုံတွေ့ခံစားနေရတဲ့ သားသမီးတွေလည်း ရှိကြဦးမှာပါပဲ။ ဘုန်းဘုန်း ပြောချင်တာကတော့ မိဘတွေကို ကိုယ် နှုတ် စိတ် ဘာနဲ့မှ မပြစ်မှားမိကြဖို့ပါပဲ။ မိမိတို့ရဲ့ အတိတ်ဝဋ်ကြွေး၊ ကံကြွေးပေးဆပ်ရတယ်လို့ပဲ ခံယူစေချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မိဘတိုင်းလောက်နီးပါး သားသမီးတွေအပေါ်မှာ ကြီးမားတဲ့ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားတွေ ရှိကြပါလျက်နဲ့ အရေအတွက် အလွန်နည်းတဲ့၊ တာဝန်မကြေတဲ့ ဒီလိုမိဘမျိုးနဲ့ ကိုယ့်ကျမှ တွေ့ကြုံရတယ်ဆိုတာ အတိတ်က အကုသိုလ်ကံဆိုတာ ရှင်းရှင်းလေးပါပဲ။ ၉၈-၉၉ ရာခိုင်နှုန်းသော မိဘတွေက ဒီလိုမိဘမျိုးတွေမှမဟုတ်ဘဲ အဲဒီလို မိဘမျိုးတွေကိုလည်း သတိပေးချင်ပါတယ်။ **လူ့ဘဝ သက်တမ်း တိုတိုလေးမှာ လောကကောင်းကျိုး၊ ဘာသာ၊ သာသနာကောင်းကျိုးတွေ မပြုဖြစ်ခဲ့ရင်တောင် တာဝန်မကျေတဲ့ မိဘမျိုး၊ သားသမီးကို အကုသိုလ်ဖြစ်စေမယ့် မိဘမျိုးတော့ မဖြစ်သင့်ကြပါဘူး။ အရွယ်ရှိတုန်းမှာ စိတ်အလိုနောက်ကို**

**လိုက်ခဲ့သမျှတွေဟာ အရွယ်လွန်ချိန်မှာ စိတ်ရော၊ ရုပ်ရော ဆင်းရဲမှုတွေ ခံစားရတာတ်ပါတယ်။** ဒါကြောင့် မိဘတွေကလည်း မှားမှန်းသိရင် ပြင်လိုက်ပါ။ အားလုံး အဆင်ပြေသွားပါလိမ့်မယ်။

ဘုရားရှင်လက်ထက်ကတည်းက ဒီလိုမျိုးဇာတ်လမ်းတွေက အများကြီးပါ။ အမ္ဗပါလီထေရီမကြီးဆိုရင် ငယ်ရွယ်နုပျိုစဉ်က ပြည့်တန်ဆာမဘဝနဲ့ ဘဝရပ်တည်ခဲ့ရတာပါ။ လိစ္ဆဝီမင်းတွေ သိပ်သဘောကျတာပေါ့။ အကြောင်းကံတွေဟာ သိပ်ဆန်းပြားပါတယ်။ သူမွေးတဲ့သူ့သားကျတော့ ရဟန္တာကြီးဖြစ်နေတယ်။ ရဟန္တာကြီးရဲ့လုပ်ရပ်ကလည်း ဘယ်လောက် အတုခိုးဖို့ကောင်းလဲ။ အမေ့ရဲ့ ဆံကေသာ အလှကစပြီး အလှတရား အားလုံးရဲ့ မမြဲတဲ့သဘောတွေပေါ်အောင် ကျေးဇူးဆပ်တရား ဟောတော်မူလိုက်တာ အမေဟာ ဓမ္မသံဝေဂတွေရပြီး လောကီကိစ္စတွေ အကုန်စွန့်၊ လူဝတ်ကြောင်ဘဝကိုပါ စွန့်ခွာပြီး ဘုရားရှင်ရဲ့သာသနာမှာ ဘိက္ခုနီမကြီးအဖြစ် ခံယူပြီးတော့ တရားဓမ္မတွေအားထုတ်လိုက်တာ ရဟန္တာထေရီမကြီးဘဝကို ရသွားခဲ့တယ်။

သားလည်း အမွေခံထိုက်တဲ့သား ဖြစ်သွားသလို သားရဲ့မှန်ကန်တဲ့ ကျေးဇူးဆပ်မှုကရော အမေ့ဘဝကို ဘယ်လောက် တန်ဖိုးကြီးမားသွားစေလဲ။ အဲဒါ အတုခိုးရမယ့် နမူနာပါပဲ။ တကယ်လို့သာ သားရဟန္တာကြီးက

ပြည့်တန်ဆာအမေကို ကိုယ်ကျင့်တရားမကောင်းလို့ဆိုပြီး ပစ်ထားခဲ့မယ်ဆိုရင် သားရော၊ အမေရော ဘယ်လောက် အကျိုးယုတ်လိုက်မလဲနော်။ ဒါကြောင့် ညီငယ်၊ ညီမတွေ မိဘတွေ ကိုယ်ကျင့်တရားပျက်စီးပေမယ့် သားသမီး တွေက မပြစ်မှားကောင်းဘူးနော်။ စော်ကားတဲ့စကားတွေ မပြောမိကြပါစေနဲ့။ ပြောရင် အပြစ်ဖြစ်မယ်။ **ဒီလိုမိဘက ဗလချာ၊ သားသမီးက အလိမ္မာရတနာ ဖြစ်နေရင်လည်း ငါတို့ကံကောင်းတယ်လို့ မှတ်လိုက်ပါဦး။** ဘာဖြစ်လို့လဲ ဆိုရင် ဒီလို ကိုယ်ကျင့်တရားခေါင်းပါးတဲ့ မိဘတွေကို ကိုယ်ကျင့်တရားကောင်းအောင် ကျေးဇူးဆပ်ခွင့်ရလို့ပေါ့။

သူတစ်ပါး အသက်သတ်ရင် ဘယ်လို ဆိုးကျိုးတွေ ရနိုင်တယ်ဆိုတာ နားချပေးရမယ်။ ကိုယ်ကျင့်တရား ပျက်သူတွေရဲ့ အပြစ်ခံရပုံ ဇာတ်ဝတ္ထုတွေ၊ ဘာသာရေး စာပေတွေ ဖတ်ရှုသိရှိအောင် ကြိုးစားပေးရမယ်။ ဥပုသ် နေ့မြတ်တွေမှာ ဘုရားသွား၊ ကျောင်းတက်ကာ ဥပုသ် စောင့်နိုင်အောင် စီစဉ်ပေးရမယ်။ အဖေနဲ့အမေ ကိုယ်ကျင့် တရား မပြည့်စုံရင် အသက်တိုမယ်၊ အများကဲ့ရဲ့မယ်၊ ငွေကြေးဥစ္စာတွေကုန်မယ်၊ သားသမီးတွေ အရှက်ရမယ်၊ မျက်နှာငယ်မယ်။ ဒါတွေကိုလည်း နားဝင်အောင် ပြောပေး ရမှာ ဖြစ်ပါတယ်။ **ဒီလို ပြောဆိုပေးတာကို မိဘကို ပြန်ပြောတယ်၊ ဆရာလုပ်တယ်လို့ မိဘတွေကလည်း မထင်ပါနဲ့ မခံယူမိပါစေနဲ့၊ သားသမီးတွေကလည်း**

**အဲဒီလို ပုံစံပေါက်အောင် မပြောမိစေနဲ့ပေါ့။ ပုထုဇဉ် ဆိုတာ ကိုယ့်အမှားကို မမြင်ကြတာ များတယ်လေ။ ဒါ့ကြောင့် သတိလွတ်နေတဲ့လူကို သတိပေးပြောရတဲ့ သဘောပေါ့။** မိဘဘက်က ပေါ့လျော့လို့ သီလမပြည့် စုံတာရှိသလို၊ သားသမီးတွေဘက်က မလိုက်လျောလို့၊ စီမံမပေးလို့ မိဘတွေ သီလမပြည့်စုံရတာလည်း ရှိတတ် တယ်။ ဒီအချက်တွေကိုလည်း သားသမီးတွေ အလေး ထားပြီး ဖြည့်ဆည်းပေးပါလို့ သတိပေးပါတယ်။

တချို့မိဘတွေဆိုရင် ဘုရား၊ ကျောင်းကန်သွားပြီး သီလစောင့်ချင်ပေမယ့် မစောင့်နိုင်ကြဘူး။ အိမ်မှာ ဘယ်သူမှ မရှိလို့၊ သားအတွက်၊ သမီးအတွက် စီးပွားရေး ရှာနေရလို့၊ သူတို့ကလေးတွေကို ထိန်းပေးနေရလို့ စတဲ့ လို့ပေါင်းများစွာကြောင့် သီလနဲ့လွဲကြရတဲ့ မိဘတွေလည်း မြောက်များစွာပါပဲ။ အဲဒီလိုမဖြစ်ရအောင် သားသမီးတွေက မိဘတွေကို အနည်းဆုံးတော့ ဥပုသ်နေ့တွေမှာ ဘာကိစ္စ မှမခိုင်းဘဲ ဥပုသ်စောင့်ထိန်းနိုင်အောင် စီစဉ်ပေးရပါမယ်။ အဖေတို့ အမေတို့ စိတ်လွတ်ကိုယ်လွတ် ဥပုသ်ကျောင်း သွားနိုင်အောင် စီမံဆောင်ရွက်ပေးရပါမယ်။ အမြဲတမ်း စီမံဆောင်ရွက်ပေးနိုင်ရင်တော့ အကောင်းဆုံးပေါ့။

ဒီလိုဆိုရင် ကိုယ်ကျင့်သီလမရှိတဲ့ မိဘတွေဟာ ကိုယ်ကျင့်တရားကောင်းလာနိုင်ပါတယ်။ ဥပုသ်သီတင်း ကျင့်သုံးချင်လာပါလိမ့်မယ်။ ဒီအခါ တာဝန်ကျေတဲ့၊

လိမ္မာတဲ့ သားကောင်း၊ သမီးကောင်းတွေဖြစ်ပြီပေါ့။ အဲဒါ ဓမ္မနဲ့ ကျေးဇူးဆပ်တာပဲပေါ့။ ဒါ့ကြောင့် သီလ မပြည့်စုံတဲ့ မိဘနှစ်ပါးရဲ့နှလုံးသားမှာ ကိုယ်ကျင့်သီလတွေ တည်အောင်၊ မြဲအောင်၊ ခိုင်အောင် စီမံဆောင်ရွက်ရင်း အဖေ့ရဲ့ချွေးဖိုးနဲ့ အမေ့ရဲ့နို့ဖိုးကို အကျေပေးဆပ်ပါ။ အမွေခံထိုက်တဲ့ သားသမီးတွေဖြစ်အောင် ကြိုးစားပါလို့ တိုက်တွန်းပါတယ်။

■

# စာဂ

စာဂဆိုတာ ပေးကမ်းစွန့်ကြဲမှု၊ ထောက်ပံ့လှူဒါန်းမှုပါ။ ပေးကမ်းတယ်၊ လှူဒါန်းတယ်ဆိုတာ ကိုယ့်ထက် သီလ၊ သမာဓိကြီးမြတ်တဲ့ ပုဂ္ဂိုလ်တွေကိုမှ ပေးကမ်း လှူဒါန်းရမှာ မဟုတ်ဘူး။ မရှိဆင်းရဲသားတွေ လှူလည်း စာဂပါပဲ။ သီလ၊ သမာဓိမရှိတဲ့ ပုဂ္ဂိုလ်မဆိုထားနဲ့ အဟိတ်တိရစ္ဆာန်တွေကို ကျွေးမွေးတာလည်း စာဂပါပဲ။ ဘုရားရှင်ဟာ ပါရမီဖြည့်ခဲ့စဉ်တုန်းက အယုတ် အလတ် အမြတ် မရွေးချယ်ဘဲ စာဂခေါ်တဲ့ ဒါနပါရမီကို ဖြည့်ခဲ့ တာပါ။

လောကမှာ သဒ္ဓါတရားနည်းပြီး ပေးကမ်းစွန့်ကြဲမှု၊ ထောက်ပံ့လှူဒါန်းမှုမှာ စိတ်မဝင်စားတဲ့ မိဘမျိုးတွေလည်း

ရှိတတ်ပါတယ်။ မဖြစ်သာလို့ ပေးကမ်းရရင်လည်း စေတနာမပါဘူး။ ဝတ်ကျေတန်းကျေ သဘောလောက် ပါပဲ။ တချို့ဆိုရင် ကိုယ်မွေးထားတဲ့ သားသမီးအပေါ်၊ ကိုယ်နဲ့သွေးသားတော်စပ်တဲ့ ဆွေမျိုးတွေအပေါ် ကျွေးမွေး ပေးကမ်း ရတာကိုတောင် နှမြောနေတတ်ကြတယ်။

အဲဒီလို စာဂ ဝါသနာမပါတဲ့ မိဘတွေကိုလည်း စာဂရှိလာအောင် တိုက်တွန်းပေးရပါမယ်။ အိမ်မှာ အလှူအတန်းတွေ မကြာခဏ လုပ်ပေးရမယ်။ သီလနဲ့ ပြည့်စုံတဲ့ပုဂ္ဂိုလ်မျိုးတွေကို ပေးကမ်းလှူဒါန်းရင် ဘယ်လို အကျိုးတွေရနိုင်ကြောင်း၊ ဆင်းရဲသူတွေကို ပေးကမ်းရင် ဘယ်လိုအကျိုးတွေရနိုင်ကြောင်း၊ ယုတ်စွအဆုံး တိရစ္ဆာန် တစ်ကောင်ကျွေးရင်တောင် သူနဲ့ထိုက်တန်တဲ့အကျိုးကို ရနိုင်ကြောင်းတွေကိုလည်း ပြောပေးရမယ်။ ကပ်စေး နည်းတုန်းက အလွန်ကပ်ပေမယ့် အကျိုးတရားကိုသိလို့ ရက်ရက်ရောရော လှူဖြစ်သွားကြတဲ့ မိဘတွေလည်း အများကြီးပါ။ ဒီလိုပဲ လမ်းကြောင်းရှာပြီး စာဂလမ်းပေါ် တင်ပေးရပါတယ်။

တချို့မိဘတွေက နောင်ရေးကို သိပ်စိတ်ပူတတ်တယ်။ ပေးကမ်း၊ လှူဒါန်းချင်တဲ့ စာဂစိတ်တော့ရှိတယ်။ ဒါပေ မယ့် အလှူဖြစ်ရုံပဲ။ အဲဒီလို မိဘမျိုးကို တစ်သိန်းလှူပါ လားလို့ပြောခြင်းထက် အဖေရေ၊ အမေရေ လမ်းပြင် နေတဲ့အလှူမှာ တစ်သောင်းလောက် လှူပါလားလို့၊

တစ်သောင်းလောက်လို့ပြောပြီး သောင်းဂဏန်းက ဆွဲခေါ်ရတယ်။ နောက်တော့မှ ကျောင်း၊ ဇရပ်၊ စေတီ၊ ရေတွင်း၊ ရေကန် စသည်ဖြင့် တစ်မျိုးပြီးတစ်မျိုး လှူဖြစ်အောင် စည်းရုံးရတာပေါ့။ နှမြောတွန့်တိုတဲ့သူဆိုရင် ကိုယ်က စိတ်ရှည်ရတယ်၊ စိတ်ရှည်ရှည်နဲ့ ဆွဲခေါ်ရတယ်။

ဘုန်းဘုန်းနဲ့ ရင်းနှီးတဲ့ ဒကာကြီးတစ်ယောက် ရှိတယ်။ ရှေးသိပ်ဆန်တယ်။ သူ့ပိုက်ဆံလေးတွေဆိုရင် အထုပ်လေးတွေထုပ်ပြီး ဟိုနားညှပ်၊ ဒီနားညှပ်နဲ့ သိပ်နှမြောတာ။ သူ့ဆီက ပိုက်ဆံချေးရင် သူ မကြည်တော့ဘူး၊ စကားမပြောတော့ဘူး။ ဒါပေမယ့် သူ နှမြောတာက ငွေကိုပဲ နှမြောတာ။ အဲ· · · သူ့ဆီကနေပြီး ဆန်တို့၊ ဆီတို့ အလှူခံရင်တော့ ကျေကျေနပ်နပ်ပဲ လှူတယ်။ သူ့သားသမီးတွေ မြေးတွေက ဒါကို သိထားတော့ ဘယ်လိုလုပ်လဲဆိုရင် ဆန်အိတ်လိုက်တောင်း၊ ဆီပုံးလိုက်တောင်း ပြီးတော့မှ အဲဒီ ဆန် ဆီကို ပြန်ရောင်းစားကြတာ ဆိုးတော့မဆိုးပါဘူး။ အဲဒီ ဆန် ဆီရောင်းလို့ရတဲ့ငွေလေးနဲ့ သူတို့အဖေအတွက် အလှူပြန်လုပ်ကြပါတယ်။ အရေးကြီးတာက အဖေ အလှူဖြစ်ဖို့ပဲလေ။ အလှူလုပ်ပြီး အမှန်ပြောတော့လည်း ကျေနပ်တာပဲ။ အရေးကြီးတာက သူ့ရှိတဲ့ပိုက်ဆံ ထုတ်မပေးရရင် ပြီးတာပဲဆိုတဲ့ သဘောပေါ့။ ဒါ့ကြောင့် မိဘတွေရဲ့ အထာကိုလည်း သားသမီးတွေက သိထားရမယ်။

**"သားမွေးနေ့မှာ ဒါမှမဟုတ် သမီးတွေဆိုရင်လည်း သမီးမွေးနေ့မှာ ဘုရားသွားပြီး ရွှေသင်္ကန်း ကပ်လှူ ချင်တယ်။ ပန်း၊ ရေချမ်း၊ ဆီမီးတွေ ကပ်လှူချင်တယ်။ ဘုန်းကြီးကျောင်းမှာ သံဃာတွေကို ဆွမ်းသွားကပ်ချင်တယ်။ ဆေးရုံမှာ အလှူလုပ်ချင်တယ်။ အမေ လိုက်ပို့ပေးပါ။ အဖေလိုက်ပို့ပေးပါ။ အမေ ရေစက်ခွက်ကိုင်ပြီး ရေစက် ချပေးပါ။ အဖေ ရေစက်ခွက်ကိုင်ပေးပါ။ လှူပေးပါ"**လို့ ပြောဆိုပြီး လိမ္မာပါးနပ်တဲ့ စကားလုံးလေးတွေနဲ့ ပြောဆို စည်းရုံးရတယ်။

ဒီနေရာမှာ အင်မတန် လိမ္မာတဲ့ သမီးတစ်ယောက် အကြောင်း ပြောပြပါ့မယ်။ အဲဒီသမီးဟာ အလှူအတန်း ဝါသနာပါတော့ ကျောင်းတိုက်တစ်တိုက်မှာ အများ ကောင်းမှု သိမ်ကျောင်းဆောင်ကြီး ဆောက်လုပ်နေတဲ့ အထဲကို သိမ်အလှူအဖြစ် သူပိုင်ငွေတွေ လှူပါတယ်။ အမှန်တကယ်လှူလိုက်တာက ၁၂၇-သိန်းပါ။ ဒါပေမယ့် သူ့မိဘတွေကို ပြောထားတာက ၂၇-သိန်းပဲ လှူတာလို့ ပြောထားတယ်တဲ့။ ဘာဖြစ်လို့ အဲဒီလို လုပ်ရတာလဲလို့ ဘုန်းဘုန်းကမေးတော့ သူ့အဖြေ အရမ်းကောင်းပါတယ်။


သူ့မိဘတွေလည်း အလှူအတန်း ဝါသနာပါကြပါ တယ်တဲ့။ ဒါပေမယ့် လှူတာ သိပ်များသွားရင် အဖေက သဒ္ဓါတရား ပျက်တတ်တယ်။ ဒီတော့ မိမိဆန္ဒလည်းပြည့်၊ မိဘတွေလည်း သဒ္ဓါတရားမပျက်အောင် ၂၇-သိန်းပဲလို့

ပြောတာပါတဲ့။ ဒါ မှတ်သားစရာပါ။ ဒီမိန်းကလေးဟာ သူ့မိဘတွေ အကုသိုလ်ဖြစ်မှာစိုးတဲ့သူပဲ။ မိဘတွေ သဒ္ဓါတရား ပျက်စေမယ့်ကိစ္စကိုရှောင်ပြီး စာဂတရားဖြစ်ပွားအောင် ကျေးဇူးဆပ်ခြင်းပါ။

သူတော်ကောင်းတွေ စဉ်းစားကြည့်စမ်းပါ။ မိမိတို့ဘယ်နှစ်ခါ မိဘတွေ စာဂတရားပွားအောင် ကြိုးစားခဲ့ကြဖူးပါသလဲ။ တိုက်တွန်းခဲ့ကြဖူးပါသလဲ။ ကိုယ့်အစီအမံနဲ့ မိဘတွေကို အလှူရေစက်ခွက် ဘယ်နှစ်ခါ ကိုင်ခိုင်းဖူးကြသလဲဆိုတာကိုပေါ့နော် စဉ်းစားပါဦး။ **သူတို့ပိုင်တာပဲ၊ သူတို့ရှာထားတာပဲ၊ လှူချင်လည်းလှူ မလှူချင်လည်း မလှူနဲ့ပေါ့**ဆိုပြီး တာဝန်မဲ့မနေမိပါစေနဲ့။ မိဘတွေရှာထားတာမှန်ပေမယ့် စွန့်ကြဲပေးကမ်းဖြစ်အောင် သားသမီးတွေက စီမံဆောင်ရွက်ပေးရမှာပဲ၊ မလုပ်ပေးဖြစ်ရင်တော့ "**ငါ အမွေခံထိုက်ပါ့မလား**"လို့ နောင်တပူပန်နေရတတ်တယ်။ ဒါ့ကြောင့် အဖေ အမေတို့လည်း သူတို့ချွေးနီးစာတွေနဲ့ ပေးကမ်းစွန့်ကြဲပြီး အကျိုးများအောင်၊ မိမိတို့လည်း ဘုရားရှင်မိန့်တော်မူတဲ့ တရားတော်နဲ့အညီ မိဘကျေးဇူး အကျေဆပ်တဲ့ အမွေခံထိုက်သူတွေဖြစ်အောင်၊ စာဂတရားလို့ခေါ်တဲ့ ပေးကမ်းစွန့်ကြဲမှုမရှိတဲ့ မိဘနှစ်ပါးကို ပေးကမ်းစွန့်ကြဲဖြစ်အောင် စီမံဆောင်ရွက်ပေးပြီး အမွေခံထိုက်သူတွေဖြစ်ကြပါစေ။

■

"သောတာပန်ဖြစ်မယ်ဆိုမှပဲ
တရားအားထုတ်ရတော့မလို၊
နိဗ္ဗာန် ချက်ချင်းရောက်မှပဲ
တရားအားထုတ်ရမှာလို ဖြစ်နေတယ်။
ပါရမီနုသေးလို့ သောတာပန်မဖြစ်၊
နိဗ္ဗာန်ကို မရဘူး ထားဦး။
စနစ်တကျအားထုတ်ရင် သောကအပူကင်းပြီး
လက်ငင်း ကိုယ်စိတ်အေးချမ်းမှုရလိမ့်မယ်။
ဝိပဿနာဉာဏ်တွေရအောင် အားထုတ်နိုင်ခဲ့ရင်
အပါယ်လေးပါးတော့ မကျတော့ဘူး။
ပြီးတော့ မဆုံးသေးတဲ့
သံသရာခရီး အတွက်လည်း
ဝိပဿနာ ပါရမီကုသိုလ်တွေ တိုးတာပေါ့..."



# ပညာ

အဖေ့ချွေးဖိုးနဲ့ အမေ့နို့ဖိုးကို ကျေအောင်ဆပ်တဲ့ နောက်ဆုံးနည်းကတော့ ပညာနဲ့ ကျေးဇူးဆပ်ခြင်းပါပဲ။ ပညာလို့ဆိုပေမယ့် လောကီပညာမဟုတ်ဘူး။ ဝိပဿနာဉာဏ်ပညာနဲ့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပညာကို ဘုရားရှင်က ရည်ညွှန်းတော်မူတာပါ။

လောကီပညာဘွဲ့တွေ၊ အတတ်ပညာ အသိပညာတွေ၊ အတွေးအခေါ်တွေဟာ ဘဝတစ်ခုအတွက်၊ ပတ်ဝန်းကျင်အတွက် ထိုက်သင့်တဲ့ အကျိုးကျေးဇူးရှိကြတာ အမှန်ပါ။ သားက ဆရာတော်၊ ဆရာဝန်၊ အင်ဂျင်နီယာ၊ မိဘက လယ်သမားဖြစ်နေတဲ့ မိသားစုတွေလည်း လောကမှာ အများကြီးရှိတာကိုး။ ဒီတော့ သားသမီးလို ပညာ ဗဟုသုတမျိုးမရှိကြတဲ့ မိဘတွေ အများကြီးပါပဲ။ ဒီနေရာမှာ အရေးကြီးတာက ပညာမာန်တွေတက်ပြီး မိဘကို ကိုယ့်အောက်မှာထားပြီး မမြင်မိဖို့၊ မဆက်ဆံမိဖို့ အရေးကြီးပါတယ်။ မိမိသိထားတဲ့ အဲဒီ ပညာ အသိအမြင်တွေ

ရရှိအောင် သားသမီးတွေက မိဘကိုပြောပေး ဆိုပေးရတာ ရှိပါတယ်။ ဒါဟာလည်း လောကီရေးရာပညာနဲ့ ကျေးဇူး ဆပ်တာပါပဲ။ ဒါပေမယ့် အဲဒီ လောကီရေးရာပညာနဲ့ ကျေးဇူးဆပ်တာထက် ပိုကောင်းတာကတော့ လောကုတ္တရာ ပညာနဲ့ ကျေးဇူးဆပ်ခြင်းပဲ။

လောကုတ္တရာပညာနဲ့ ကျေးဇူးဆပ်ချင်ရင် မိဘတွေ တရားနာနိုင်အောင်၊ တရားအားထုတ်နိုင်အောင်၊ ရိပ်သာ ဝင်နိုင်အောင် စီစဉ်ပေးရမှာပဲ။ ဒါမှ ခန္ဓာငါးပါး၊ ရုပ်နာမ် တရားအပေါ်မှာ လက်တွေ့ရှုမှတ်ခွင့်ရပြီး အခြေခံဖြစ်တဲ့ ဝိပဿနာဉာဏ်စဉ်တွေ၊ အဆင့်မြင့်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ပညာတွေ ရကြမှာပါ။ အိမ်မှာ စီးပွားရေး မပြည့်စုံတဲ့ အတွက် တချို့မိဘတွေဟာ အလုပ်လုပ်ရင်းနဲ့ အချိန်ကုန်ကြ ရတယ်။ ဝိပဿနာတရားအားမထုတ်နိုင်ဘူးပေါ့။ ဒီတော့ စီးပွားရေးကို ကိုယ်က မိဘအစား တာဝန်ယူပေးရမယ်။ အိမ်အတွက် အပူပင်မရှိအောင် ဆောင်ရွက်ပေးရမယ်။

**ပုတီးကိုချ၊ မြေးကိုမ၊ သောကမကင်းပြီ၊**

**သမီးကချူ၊ မြေးကပူ၊ အယူမဖြောင့်ပြီဆိုတဲ့** လင်္ကာ လေးဟာ အကြောင်းအမျိုးမျိုးကြောင့် တရားအလုပ်မလုပ် နိုင်တဲ့ မိဘတွေကို ရည်ညွှန်းတာပါ။ တချို့ဆို ပုတီးစိပ်၊ ဘုရားရှိခိုး စတဲ့ ကောင်းမှုတွေ လုပ်ခွင့်မရှာကြဘူး။ ပုတီးစိပ်ရမယ့်အစား မြေးတွေကို ထိန်းနေရတယ်။ မြေး တွေကလည်းဆိုးတော့ စိတ်ဆင်းရဲတာပေါ့။ အသက်

အရွယ်က စကားပြောလာပြီလေ။ အသက်ကြီးလာပြီဆိုရင် အေးအေးဆေးဆေးပဲ နေချင်ကြတာ။ နားပူတာတွေ၊ ပူပင်ရတာတွေ၊ စိုးရိမ်ရတာတွေ မခံချင်တော့ဘူး။ ငယ်ငယ်တုန်းကလို လူတွေနဲ့ ရောနှောပျော်ပါးချင်တော့တာ မဟုတ်ဘူး။ ဒီကြားထဲ မြေးတွေတစ်ခုခု ဖြစ်ပြီဆိုရင် **အဖေက ဂရုမစိုက်ဘူး။ အမေက ဂရုမစိုက်ဘူး။ ကြည့်မထားဘူးဆိုပြီး** သမီးက ဆူပူကြိမ်းမောင်းတာကိုလည်း ခံရပြန်တယ်။ အဲဒီတော့ ဒီမိဘတွေရဲ့စိတ် ဖြောင့်နိုင်ပါဦးမလား။ စိတ်ချမ်းသာနိုင်ပါဦးမလား။ သေခါနီးမှာ အယူမဖြောင့်ဘဲရှိရင် အပါယ်ငရဲ ကျသွားနိုင်တယ်နော်။ သတိထားကြပါ။ ကိုယ့်အတွက်နဲ့ မိဘတွေ အပါယ်ငရဲ မကျကြပါစေနဲ့။

တချို့က တရားအားထုတ်တာကို အပိုအလုပ်လို့ ထင်ကြတယ်။ တရားအားထုတ်တာကို ရှက်စရာလို့ ယူဆကြပြန်တယ်။ ရိပ်သာသွားဖို့ မလိုဘူး။ အိမ်မှာ တရားအားထုတ်လည်းရတာပဲလို့ အကြောင်းပြကြတယ်။ ဒီထက်ဆိုးတဲ့စကားက တရားအားထုတ်လို့ သောတာပန်ဖြစ်မှာမို့လို့လား။ ချက်ချင်း နိဗ္ဗာန်ရောက်သွားမှာမို့လားလို့တောင် ပြစ်တင်စကား ပြောကြတယ်လို့ ကြားဖူးတယ်။ တချို့တရားဟောတဲ့ ပုဂ္ဂိုလ်တွေကတောင် ဟောတယ်လို့ သိရပါတယ်။ အံ့ဩစရာ၊ စိတ်မကောင်းစရာပါပဲ။ သောတာပန်ဖြစ်မယ်ဆိုမှပဲ တရားအားထုတ်ရတော့မလို၊ နိဗ္ဗာန်

ချက်ချင်းရောက်မှပဲ တရားအားထုတ်ရမှာလိုဖြစ်နေတယ်။ ပါရမီနုသေးလို့ သောတာပန်မဖြစ်၊ နိဗ္ဗာန်ကို မရဘူး ထားဦး။ စနစ်တကျအားထုတ်ရင် သောကအပူကင်းပြီး လက်ငင်း ကိုယ်စိတ်အေးချမ်းမှုရလိမ့်မယ်။ ဝိပဿနာ ဉာဏ်တွေရအောင် အားထုတ်နိုင်ခဲ့ရင် အပါယ်လေးပါး တော့ မကျတော့ဘူး။ ပြီးတော့ မဆုံးသေးတဲ့ သံသရာခရီး အတွက်လည်း ဝိပဿနာ ပါရမီကုသိုလ်တွေတိုးတာပေါ့။ ဒီအကျိုးတရားတွေရတာနဲ့ကိုပဲ ဝမ်းသာစရာ ကောင်းလှ ပါပြီ။

ဘာပဲဖြစ်ဖြစ် အိမ်မှာတရားအားထုတ်ရတာက ရိပ်သာလောက်တော့ မကောင်းပါဘူး။ အိမ်မှာဆို ကလေး တွေရှိတယ်။ အိမ်မှုကိစ္စတွေလည်း ဝင်မလုပ်ရင်မကောင်း ပြန်ဘူး။ အနည်းဆုံး တယ်လီဖုန်းမြည်တဲ့အချိန် ကိုင်မယ့် သူမရှိရင် တယ်လီဖုန်း ကိုင်ရတာလေးလောက်တော့ လုပ်ရဦးမှာပဲ။ ရိပ်သာဆိုတော့ ရဟန်းတော်တွေလည်း ဖူးမြော်ရတယ်။ အချိန်မရွေး ဓမ္မမိတ်ဆွေချင်းလည်း တရားဆွေးနွေးနိုင်တယ်။ ကိစ္စတွေလည်း နည်းတာပေါ့။ ဒါ့ကြောင့် ဝိပဿနာဉာဏ်တွေ အမြန်ဆုံး တွေ့ဖို့က ဆိတ်ငြိမ်ရာ အရပ်ဖြစ်လေ ကောင်းလေပါပဲ။ ရှေးဆရာ တော်ကြီးတွေက မိန့်ထားတယ်။

**တောနှင့်သစ်ပင်၊ ကျောင်းခန်းဝင်၊ အသင်ကြိုက်ရာသွား၊ ဆိတ်ငြိမ်ရာတွင်၊ ချဉ်းကပ်ဝင်၊ အလျှင်ရှုကာပွား တဲ့။**

ဒါ့ကြောင့် ဝိပဿနာတရား အားမထုတ်ဖြစ်သေးတဲ့ မိဘနှစ်ပါးကို တရားအားထုတ်ဖြစ်အောင် တိုက်တွန်းပေးပါ။ ရိပ်သာရောက်အောင် စည်းရုံးခေါ်ဆောင်ပေးပါ။ ဒါမှ မိဘနှစ်ပါးလည်း တရားတွေရှုမှတ်ပြီး ဝိပဿနာဉာဏ်တွေ ရမယ်၊ အပါယ်တံခါးပိတ်မယ်၊ နိဗ္ဗာန်တံခါးပေါက်ပွင့် မယ်ပေါ့။ ဝိပဿနာဉာဏ်စဉ်တွေရအောင် ကြိုးစားရင် စူဠသောတာပန်လို့တောင် ဘုရားရှင်က မိန့်ထားတယ်။ ဘာ့ကြောင့် စူဠသောတာပန်ခေါ်ရတာလဲဆိုရင် သောတာပန် ပုဂ္ဂိုလ်စစ်တွေဟာ ဘယ်တော့မှ အပါယ်လေးပါး မကျ ရောက်တော့ဘူး။ သောတာပန်တွေ အပါယ်မကျတော့ သလိုပဲ ဝိပဿနာဉာဏ်တွေတွေ့အောင် ကြိုးစားအားထုတ် ထားတဲ့ ယောဂီဟာလည်း ဘယ်တော့မှ အပါယ်မကျတော့ ဘူးတဲ့။

ဒါ့ကြောင့် အဖေ့ချွေးဖိုးနဲ့ အမေ့နို့ဖိုးကျေအောင် အကျေပေးဆပ်တဲ့နည်းထဲမှာ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ပညာနဲ့ ကျေးဇူးဆပ်ခြင်းဖြစ်တဲ့ ဒီနောက်ဆုံး နည်းကတော့ တကယ့်ကို ကြည်နူးကျေနပ်စရာပါ။

အဖေ့ချွေးဖိုးနဲ့ အမေ့နို့ဖိုးကျေအောင် ဓမ္မနဲ့ ကျေးဇူး ဆပ်ခြင်းဆိုတဲ့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာ မရှိသေးတဲ့ မိဘနှစ်ပါးကို ဒီတရားတွေ နှလုံးသားမှာ တည်အောင်၊ မြဲအောင်၊ ခိုင်အောင် ကျေးဇူးဆပ်နိုင်တဲ့ သားသမီးတိုင်း ဟာ ရာနှုန်းပြည့် ကျေးဇူးဆပ်လိုက်လို့ ဘဝသံသရာ

တစ်ကွေ့မှာ ခဏတာဆုံတွေ့ခွင့်ရတဲ့ မိဘနှစ်ပါးရဲ့အပေါ်မှာ တာဝန်ကျေတဲ့၊ လိမ္မာတဲ့ သားသမီးတွေ ဖြစ်သွားပါပြီ။ အမွေခံထိုက်တဲ့ သားသမီးတွေ ဖြစ်သွားပါပြီ။

ဘုန်းဘုန်းဟာ မဟာစည်ရိပ်သာကြီးမှာ ပထမဆုံး တရားအားထုတ်တော့ ၁၈-ရက်လောက်ကြာမှ ရုပ်နာမ် ကွဲတဲ့ ဉာဏ်စဉ်တွေ စတွေ့ပါတယ်။ နောက်ရက်တွေမှာ ဉာဏ်စဉ်တွေ ဆက်တိုက်တွေ့လာတော့ တရားဖြုတ်ပြီး အဆောင်ပြန်ရောက်တဲ့အချိန်မှာ တကယ်ကျင့်ရင် တကယ် တွေ့တဲ့ ဒီတရားတွေကို ကိုယ် ကျောင်းထိုင်ဘုန်းကြီး ဖြစ်တဲ့အခါကျရင်တော့ တောကမိဘနှစ်ပါးကို ကျောင်းမှာ ခေါ်ထားပြီး အေးအေးချမ်းချမ်း တရားအားထုတ်နိုင်အောင် စီစဉ်ဆောင်ရွက်ပေးမယ်လို့ အဲဒီအချိန်ကတည်းက ဆုံးဖြတ် ထားတာပါ။

အိန္ဒိယကနေ ဘွဲ့တွေရပြီး ကျောင်းထိုင်ဘုန်းကြီး ဖြစ်တော့ အဖေနဲ့ အမေ့ကို ကျောင်းမှာခေါ်ထားပြီး အေးအေးချမ်းချမ်း တရားအားထုတ်ခိုင်း၊ ဆရာတော်ကြီး တွေပင့်၊ တရားတွေ နာခိုင်းပြီး ကျေးဇူးဆပ်ခွင့်ရတာကို တွေးလိုက်တိုင်း ပီတိဖြစ်ရပါတယ်။ အဖေ မသေခင် ညဘက် တရားပွဲက ပြန်လာတဲ့အချိန် အဖေ နေကောင်း လားလို့ ကပ်မေးတော့ အဖေက ခေါင်းလေးညိတ်ပြီး ဘုန်းဘုန်းရဲ့ ညာဘက်လက်ကိုဆွဲပြီးတော့ သူ့ဝမ်းဗိုက် ပေါ်တင်လိုက်ရင်း ပြောခဲ့တဲ့ အဖေ့ရဲ့ စကားသံဟာ

တစ်သက်လုံး ဝမ်းသာ၊ ဝမ်းနည်း ကြားယောင်နေမှာပါပဲ။ "**ဝမ်းဗိုက်ကို စိတ်စိုက်ပြီး ဖောင်းတာ၊ ပိန်တာကို အဖေ မှတ်နေတာ။ ဖောင်းတာကို မှတ်လို့မမိဘဲ ပိန်တာတစ်ခု တည်းပဲ ထင်ရှားနေတယ် သားရယ်**"တဲ့။ အဖေ့စကား ကြားရတဲ့အချိန် ရင်ထဲမှာ နင့်ခနဲ ခံစားလိုက်ရပေမယ့် ပြင်းထန်တဲ့ ဝေဒနာခံစားနေရတဲ့ အချိန်မှာတောင် တရား အမှတ်မပြတ်တဲ့ အဖေ့ရဲ့လုပ်ရပ်နဲ့ သဒ္ဓါစိတ်ဓာတ်ကို သိရတော့ "**ငါ အဖေ့ကို တရားနဲ့ ကျေးဇူးဆပ်ရတာ တန်လိုက်တာ၊ ဝမ်းသာစရာကောင်းလိုက်တာ**"လို့ ကျေနပ် မိပါတယ်။ အဖေပြောတာ အမှန်ပါပဲ။ အဖေ ခံစားနေရ တာက အဆုတ်ကင်ဆာရောဂါဆိုတော့ အသက်ရှူလို့ မဝဘူး၊ အဆုတ်တစ်ခုလုံး ပျက်စီးနေပြီ။ အောက်စီဂျင် နှာခေါင်းပိုက် တပ်ထားတာတောင် အဖေ အသက်ရှူမဝ တော့ပါဘူး။ ဒါ့ကြောင့် ဝင်လေ ဝါယောရုပ်ရဲ့တွန်းကန်တဲ့ သဘောကတစ်ဆင့် ဝမ်းဗိုက်ထဲက ဝါယောရုပ်ရဲ့ တွန်းကန် မှုကြောင့် ဝမ်းဗိုက်ဖောင်းလာတဲ့ ရုပ်သဘောဟာ အဖေ့ အတွက် အဲဒီအချိန်မှာ ဘယ်လိုမှ မထင်ရှားနိုင်တော့ ပါဘူး။ ပိန်မှုသဘောပဲ အဖေ တွေ့နေတာဟာ အမှန် ပါပဲ။

ဒါ့ကြောင့် "**အဖေ ဝမ်းဗိုက်ကို မမှတ်နဲ့တော့၊ ရုပ်တရားကြီး တစ်ခုလုံးကိုပဲ ဆံဖျားကနေ ခြေဖျားအထိ၊ ခြေဖျားကနေ ဆံဖျားအထိ အာရုံပြုပြီး အနိစ္စ-မမြဲတဲ့**

**ခန္ဓာကိုယ်၊ ဒုက္ခ–ဆင်းရဲတဲ့ခန္ဓာကိုယ်၊ အနတ္တ– မပိုင်တဲ့ ခန္ဓာကိုယ်လို့ စိတ်နဲ့ရှုတ်ပြီးရှုပါ''**လို့ ရှုကွက်ပြောင်းပေး ရပါတယ်။ နောက်တစ်နေ့ မနက်(၁၀)နာရီလောက် အဖေ ဆုံးသွားပါတယ်။ သတိအမှတ်နဲ့ အမြဲမှတ်နေတဲ့ အဖေဟာ အံ့ဩလောက်အောင်ပါပဲ။ မသေမီ ကိုယ်တိုင် ထိုင်ပြီးတော့ ဆရာတော်တစ်ပါးကို သင်္ကန်းကပ်၊ ကိုယ်တိုင် အမျှဝေ၊ သာဓုခေါ်ပြီး အိပ်ရာထဲလှဲလိုက်တဲ့ အချိန်(၁)မိနစ် အတွင်းမှာပဲ အဖေဟာ ငြိမ်သက်စွာပဲ ဒီဘဝက ထွက်ခွာ သွားခဲ့ပါတယ်။

အဖေ သေဆုံးသွားလို့ ခံစားရပေမယ့် အဖေ့အတွက် ပေးဆပ်လိုက်တဲ့ တရားရဲ့ကျေးဇူးကြောင့် ဒီဘဝက ချမ်းချမ်းသာသာ ထွက်သွားရပြီး ဘဝသံသရာ ခရီး အတွက်လည်း အပါယ်လေးပါးကို အဖေ ဘယ်တော့မှ မရောက်တော့ဘူးဆိုတာကို လက်တွေ့ ခံစားလိုက်ရတဲ့ အခါမှာ အဖေ့ဘဝခရီးလမ်းအတွက်ရော ကိုယ့်အတွက်ပါ ကျေနပ်စွာ ခံစားမိပါတယ်။ ဒါ့ကြောင့် အားလုံးသော သားသမီးတွေကို ဘုန်းဘုန်းလိုပဲ ကျေနပ်တဲ့ ပီတိလေး တွေခံစားရင်း အမွေခံထိုက်တဲ့ သားသမီးတွေအဖြစ် ကျန်ရစ်ကြစေဖို့ စေတနာဆန္ဒအပြည့်နဲ့ ရေးပြနေတာပါ။

■

# စံနမူနာအရှင်မြတ်

မိဘကို လောကုတ္တရာပညာနဲ့ ကျေးဇူးဆပ်တဲ့ နေရာမှာတော့အရှင်သာရိပုတ္တရာမထေရ်မြတ်ကြီးဟာ စံနမူနာအရှင်မြတ်ပါပဲ။ အရှင်မြတ်ဟာ ဗုဒ္ဓရဲ့သားတော် ရဟန်းမြတ်တစ်ပါး၊ မြတ်ဗုဒ္ဓရဲ့ လက်ျာတော်ရံ၊ တရားစစ်သူကြီးဆိုတာ ဗုဒ္ဓဘာသာဝင်တိုင်း သိပြီးသားပါ။ ဘုရားရှင်ရဲ့သာသနာတော်မှာ အရှင်မြတ်ရဲ့ဂုဏ်ထူးတွေ အဲသလောက်ကြီးမြတ်ပေမယ့် အရှင်မြတ်ကြီး ပရိနိဗ္ဗာန်စံခါနီးအထိ အမေကတော့ ရတနာသုံးပါးကို ယုံကြည်တဲ့ ဗုဒ္ဓဘာသာဝင်တစ်ယောက် မဖြစ်သေးပါဘူး။

အမေ့ကျေးဇူးတွေကို ဓမ္မနဲ့ပေးဆပ်ဖို့အတွက် အရှင်မြတ်ဟာ ပရိနိဗ္ဗာန်စံခါနီးမှာ သူဌေး၊ သူကြွယ်၊ ကုန်သည်ပွဲစားတွေ ဝန်းရံနေတဲ့ ရွှေမြို့တော်ကြီးကို စွန့်ခွာပြီး မဂဓတိုင်းက နာလကဆိုတဲ့ ရွာသိမ်ရွာငယ်လေးမှာရှိတဲ့ အရှင်မြတ်ကို မွေးဖွားခဲ့ရာ အမေ့အိမ်ကို ကြွတော်မူလာခဲ့ပါတယ်။

သားသမီး၇-ယောက်က ဘုရားရှင်ရဲ့သာသနာတွင်းမှာ ရဟန္တာ ထေရာထေရီကြီးတွေ ဖြစ်တော်မူနေကြပေမယ့် သားတို့ သမီးတို့ရဲ့အမေ သာရီပုဏ္ဏေးမကြီးကတော့ ဘုရား တရား သံဃာ ရတနာမြတ်သုံးပါးနဲ့ ကံ၊ ကံရဲ့ အကျိုးကို ယုံကြည်ခြင်းလို့ဆိုတဲ့ သဒ္ဓါတရားတောင် နှလုံးသားမှာ မတည်သေးပါဘူး။ **"အရှင်သာရိပုတ္တရာ မထေရ်ဟာ အများသူငါ သတ္တဝါတွေကိုတော့ မဂ်ဉာဏ် ဖိုလ်ဉာဏ် နိဗ္ဗာန်ရောက်ကြောင်း တရားကောင်းတွေကို သိအောင်၊ မြင်အောင်၊ တွေ့အောင် ဟောပြောပြသနိုင် ပါတယ်။ သူ့အမေကိုတော့ လျစ်လျူရှုထားတာပါ"** ဆိုပြီးတော့ ပညာရှိသူတော်ကောင်းတွေ ကဲ့ရဲ့ပြောဆို ပြစ်တင်ကြလိမ့်မယ်လို့လည်း စဉ်းစားမိခဲ့။ မိမိဟောမယ့် တရားတော်ကို မယ်တော် နားလည် လက်ခံနိုင်မယ့် ဉာဏ်စွမ်းရှိတဲ့အချိန်ကာလကိုလည်း သိတော်မူတဲ့အတွက် ကြောင့် မထေရ်မြတ်ကြီးဟာ အမွေခံထိုက်တဲ့ သားကြီး ရတနာဖြစ်စေဖို့ မိမိရဲ့ နောက်ဆုံးအချိန်မှာ အမေ့ကို ကျေးဇူးဆပ်တရားတွေ ဟောကြားပေးဖို့အတွက် အမေ့ ဆီကို ပြန်ကြွလာတာပါ။ အမေ့သားလှ ရွာအပြန်ပေါ့။

ဒါ့ကြောင့် မထေရ်မြတ်ကြီးဟာ သွေးအံတဲ့ရောဂါ ဝေဒနာကို ခံစားတော်မူနေရင်းကနေ အမေ့ကို ကျေးဇူးဆပ် တရားတွေ ဟောကြားတော်မူလိုက်တာ။ မယ်တော်ကြီးဟာ သားကြီးရဲ့ ကျေးဇူးဆပ်တရားကို နာလိုက်ရတဲ့အတွက်

တရားအခံမှာ ရတနာသုံးပါးကို ယုံကြည်ကိုးကွယ်သွား ပါတယ်။ မှန်ကန်တဲ့ အသိဉာဏ်ပညာတွေရရှိသွားပြီး သောတာပန်တည်တဲ့အထိ အကျိုးကျေးဇူးရရှိခဲ့ပါတယ်။ အမေ့ဘဝတစ်လျှောက်လုံး ယုံကြည် ကိုးကွယ်လာခဲ့တဲ့ အယူဝါဒ အမှားကြီးကိုလည်း စွန့်နိုင်ခဲ့ပါတယ်။

ဘယ်သူမဆို ယုံကြည်တာနဲ့ပြုလုပ်တာ တစ်ထပ်တည်း ကျနေသင့်ပါတယ်။ မိမိတို့ ယုံကြည်နေတာက ဗုဒ္ဓဘာသာ ပါ။ ဗုဒ္ဓရဲ့တရားတွေပါ။ ဒီလိုဆိုရင် ဗုဒ္ဓဘာသာ အစဉ် အလာတွေကိုပဲ ပြုလုပ်ရမှာပဲ။ တရားတော်လာတဲ့ အတိုင်းပဲ ကျင့်ရမှာပါ။ ဒီလိုမဟုတ်ဘဲ ယုံကြည်နေတာက ဗုဒ္ဓဘာသာ ပြုလုပ်နေတာက ဗုဒ္ဓဘာသာရဲ့ အလုပ် မဟုတ်တဲ့ မယ်တော်၊ ဘိုးတော်တွေ၊ ၃၇–မင်းနတ်တွေ စတဲ့ မကိုးကွယ်အပ်တဲ့ ပုဂ္ဂိုလ်တွေကို ပူဇော်ကိုးကွယ် နေမယ်ဆိုရင် ဗုဒ္ဓဘာသာ မစစ်တော့ဘူး။ ဗုဒ္ဓဘာသာ အဖြစ်က မပျက်စီးဘူးဆိုသော်လည်း ရတနာသုံးပါးသာလျှင် ကိုးကွယ်ရာ၊ အားထားရာရှိတဲ့ စင်ကြယ်တဲ့ ဗုဒ္ဓဘာသာ တော့ မဟုတ်တော့ပါဘူး။ သိပ္ပံခေတ်ကြီးမှာ လကမ္ဘာ ကိုတောင် လူရောက်အောင်သွားနိုင်တဲ့အထိ ရုပ်ဝါဒတွေ ထွန်းကားနေပေမယ့် ကိုးကွယ်ခြင်းနဲ့ဆိုင်တဲ့ နာမ်ဝါဒ ကတော့ နိမ့်ပြီးရင်း နိမ့်ကျနေတဲ့ ပုဂ္ဂိုလ်တွေ အများကြီး ပါပဲ။တချို့မိဘတွေ အဲဒီအယူဝါဒတွေရှိနေကြတာလည်း အခက်ပဲ။ လူငယ်ဆိုတာ မှန်ကန်တဲ့ အတွေးအခေါ်

ရှိရမယ်။ ပြတ်သားတဲ့အမြင်ရှိရမယ်။ အဲဒီလို အတွေး အခေါ်အမြင်တွေနဲ့ လမ်းမှားနေတဲ့မိဘတွေကို လမ်းမှန် ပေါ်ရောက်အောင် တွဲခေါ်ပါ။ ဒီလို တွဲခေါ်တဲ့အတွက် မိဘတွေမှာ အသိမှန်၊ အမြင်မှန် ရသွားရင်လည်း ပညာနဲ့ ကျေးဇူးဆပ်ရာရောက်ပါတယ်။

**ရာနှုန်းပြည့်ဆိုတာ**

ဒီလိုသာ သားသမီးတွေဟာ မိဘတွေရဲ့မျှော်လင့်ချက် ၅-မျိုးကို ဖြည့်ဆည်းပေးမယ်၊ သားသမီး တာဝန်တွေ ကျေပွန်မယ်ဆိုရင် ၅၀-ရာခိုင်နှုန်းရပြီလို့ မှတ်ရမယ်။ ပြီးတော့ သဒ္ဓါ၊ သီလ၊ စာဂ၊ ပညာဆိုတဲ့ ဓမ္မနဲ့ ကျေးဇူး ထပ်ဆပ်မယ်ဆိုရင် နောက်ထပ် ၅၀-ရာခိုင်နှုန်း ထပ်ရ နိုင်ပါတယ်။ အဲဒီနှစ်ခုလုံး ကျေပွန်တဲ့ သားသမီးတွေ ကျတော့ ၁၀၀-ရာခိုင်နှုန်း ရပြီပေါ့။ ရာနှုန်းပြည့်ပေါ့။ ဒါ့ကြောင့် ရာနှုန်းပြည့်ကျေးဇူး ဆပ်နိုင်တဲ့ သားကောင်း၊ သမီးကောင်းတွေဖြစ်အောင် ကြိုးစားကြပါလို့ ဘုန်းဘုန်း ထပ်ပြီး တိုက်တွန်းလိုပါတယ်။

**မိဘကျေးမွေး ရဟန်းလေး**

ဒီနေရာမှာ သားတွေ၊ သမီးတွေ၊ ညီငယ်၊ ညီမငယ်တွေ အတုယူနိုင်ဖို့ သုဝဏ္ဏသာမ ဇာတ်တော်မှာလာတဲ့ သူဌေး သား ရဟန်းတော်လေး တစ်ပါးအကြောင်း ပြောပြချင် ပါတယ်။

မြတ်ဗုဒ္ဓ ဇေတဝန်ကျောင်းမှာ သီတင်းသုံးနေချိန်ပေါ့။ သာဝတ္ထိမြို့မှာ ၁၈-ကုဋေချမ်းသာတဲ့ မိသားစုတစ်စု ရှိတယ်။ အဖေရယ်၊ အမေရယ်၊ သားရယ် သုံးဦးတည်းပါ။ တစ်ဦးတည်းသားကို အဖေနဲ့ အမေက သိပ်ချစ်ရှာတယ်။ စိတ်မချလွန်းလို့ ဘယ်ကိုမှမသွားခိုင်းဘဲ အိမ်မှာပဲ လိုအပ်တာမှန်သမျှ ဖြည့်ဆည်းဆောင်ရွက်ပေးပါတယ်။ အခြားကလေးတွေနဲ့လည်း ပေါင်းသင်းဆက်ဆံခွင့်မပေးဘူး။

တစ်နေ့မှာ သူဌေးသားလေးဟာ ပျင်းပျင်းရှိတာနဲ့ တိုက်အပေါ်ထပ်ကနေ လမ်းသွားလမ်းလာတွေကို ငေးမောပြီး ကြည့်လို့နေတယ်။ အဲဒီခရီးသွားတွေထဲမှာ လူတချို့ဟာ အမွှေးနံ့သာတွေ၊ ပန်းတွေကိုင်ပြီး အင်မတန်ပျော်ရွှင်ဝမ်းသာတဲ့ ပုံစံနဲ့သွားနေတာကို သူ တွေ့လိုက်ရတယ်။

ဟုတ်တယ် ခရီးသွားနေတာချင်းတူပေမယ့် ခံစားချက်ချင်းမတူတော့ အမူအရာတွေက ကွဲပြားနေတတ်တယ်။ လောဘကြောင့်သွားနေရသူတွေ၊ ဒေါသကြောင့်သွားနေရသူတွေရဲ့ပုံစံကတစ်မျိုး၊ ဘုရားသွား ကျောင်းတက်သူတွေရဲ့ ဟန်ပန်ကတစ်မျိုး တခြားစီပါပဲ။ ဒါ့ကြောင့် သူဌေးသားလေးဟာ သူတို့နားကပ်ပြီး ဘယ်ကိုသွားကြမှာလဲ လို့မေးတော့ ဇေတဝန်ကျောင်းတော်မှာ မြတ်စွာဘုရားရဲ့ တရားတော်သွားနာမယ့်အကြောင်းကို သူ သိလိုက်ရတယ်။

သူဌေးသားဟာ ပါရမီရှင်တစ်ဦးပါ။ ခရီးသွားတချို့ ဘုရားထံသွား တရားနာမယ်ဆိုတာ သူ သိလိုက်ရင်ပဲ သူလည်း တရားနာလိုစိတ်ဖြစ်ပေါ်လာတယ်။ ဒါကြောင့် မိဘတွေအလစ်မှာ ဘုရားထံရောက်အောင်သွားပြီး တရားနာတယ်။ ရှင်တော်မြတ်ဘုရားကလည်း ရွှေဉာဏ်တော်နဲ့ ကြည့်တော်မူပြီးမှ ဟောတော်မူတာဆိုတော့ ဒီအမျိုးကောင်းသားလေးရဲ့ ကောင်းကျိုးကိုပဲ ရည်ရွယ်တော်မူပြီး ကာမာနံအာဒီနဝကထာလို့ခေါ်တဲ့ ငါးဖြာအာရုံကာမဂုဏ်တရားတွေရဲ့ အပြစ်တွေ၊ ဒီကာမဂုဏ် တရားတွေရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ရဟန်းတရားရဲ့ ချမ်းသာ၊ ရဟန်းဘဝရဲ့ ချမ်းသာတွေကို ဟောကြားတော်မူလိုက်တာ သူဌေးသားလေးဟာ တရားလည်း နာပြီးရော အိမ်ပြန်ချင်စိတ် မရှိတော့တာနဲ့ ဘုရားထံသွားပြီး ရဟန်းဝတ်ပေးဖို့ လျှောက်တယ်။

ဘုရားရှင်က မိဘခွင့်ပြုမှ ရဟန်းပြုပေးမယ်လို့ မိန့်တဲ့အတွက် အိမ်ကို အမြန်ပြန်ပြေးပြီး မိဘနှစ်ပါးထံမှာ ရဟန်းပြုခွင့်တောင်းတာပေါ့။ တစ်ဦးတည်းသားဆိုတော့ မိဘတွေက ဘယ်ခွင့်ပြုနိုင်မှာလဲ။ ရဟန်းဘဝရဲ့ ဆင်းရဲဒုက္ခတွေ၊ သူများအပေါ် မှီခိုနေရတာတွေပြောပြီး စိတ်မပါအောင် စည်းရုံးကြတယ်။ အပြစ်ပြလို့ မရတဲ့အခါ အကျိုးနဲ့ မျှော်လင့်ချက်တွေပြောပြီး တားကြပြန်တယ်။ သားလေးဟာ အဖေ အမေတို့အမျိုးရဲ့ မျိုးဆက်သစ်လေး

ဖြစ်လို့ အမျိုးရဲ့အညွန့်ဖြစ်တဲ့သား၊ အမေ့ရဲ့ မျက်လုံးနဲ့ တူတဲ့သား၊ အမေ့ရဲ့ အသက်ဖြစ်တဲ့သားလို့ ပြောပြီး တားကြတာပေါ့။

အဖေ အမေတွေ ဘယ်လောက်ပဲ အကျိုးအပြစ်တွေ ပြောပြပြီး တားကြပေမယ့် သူဌေးသားလေးက ဆုံးဖြတ်ပြီးပြီဆိုတော့ နောက်မဆုတ်ပါဘူး။ ထမင်းခုနစ်ရက် မစားဘဲ အိပ်ရာထဲမှာပဲ နေခဲ့တယ်။ နောက်ဆုံးတော့ မိဘတွေကပဲ လိုက်လျှောရတာပေါ့။ မိဘတွေက ချစ်တာကိုး။ ရဟန်းဝတ်နဲ့ဆို မြင်ရသေးတယ်။ သေသွားရင် မြင်ရမှာ မဟုတ်တော့ဘူးလို့ စဉ်းစားမိကြလို့ပါ။ မိဘတွေဟာ သနားစရာကောင်းပါတယ်။ တစ်ခါတစ်ခါမှာ သားသမီးတွေ ဖြစ်ချင်တာကတစ်မျိုး၊ မိမိတို့ ဖြစ်ချင်တာကတစ်သွယ် ဖြစ်နေတတ်ကြတယ်။ ဘယ်လောက်ပဲ ဆန့်ကျင်နေပါစေ နောက်ဆုံးတော့ မိဘတိုင်းဟာ မိမိတို့ ဆန္ဒကို နောက်ဆုတ်ပေးလိုက်ရတာချည်းပါပဲ။

မိဘတွေထံက ခွင့်ပြုချက်ရပြီဆိုတာနဲ့ ဘုရားရှင်ထံ ရဟန်းပြုခွင့်တောင်းခဲ့ပါတယ်။ ရှင်တော်ဘုရားက သူဌေးသားလေးကို ရဟန်းပြုပေးဖို့ ရဟန်းတော်တစ်ပါးကို တာဝန်ပေးတော်မူခဲ့တယ်။ သူဌေးသား ရဟန်းလေးဟာ ငါးနှစ်ပြည့်တဲ့အထိ ဂန္ထဓူရ-စာပေသင်ကြားပြီးတဲ့အခါ ဝိပဿနာဓူရ-တရားအားထုတ်ဖို့ ကမ္မဋ္ဌာန်းနည်းပြ ဆရာထံမှာ နည်းခံယူပြီး သာဝတ္ထိမြို့နဲ့ မနီးမဝေးမှာ

ရှိတဲ့ တောတန်းလေးဆီကို တောရမှီဖို့ ကြွသွားတော်မူခဲ့ပါတယ်။

တောရဆောက်တည်တဲ့ ၁၂-နှစ်တာကာလအတွင်း မိဘတွေနဲ့ တစ်ခါမှ မတွေ့ဆုံဖြစ်တော့ပါဘူး။ ဘဝရဲ့ အချိုးအကွေ့ အပြောင်းအလဲတွေဟာ တစ်ခါတစ်ခါမှာ အံ့သြရလောက်အောင် ဖြစ်သွားတတ်ပါတယ်။ ၁၂-နှစ်ဆိုတဲ့ ဒီကာလအတွင်းမှာ တရားရှာနေတဲ့ သားရဟန်းလေးကလည်း ဘာတရားထူးမှမရ၊ အိမ်မှာကျန်ခဲ့တဲ့ မိဘနှစ်ပါးခမျာမှာလည်း ကျွန်တွေ၊ အိမ်ဖော်တွေ၊ အစေအပါးတွေ၊ မကောင်းတဲ့မိတ်ဆွေတွေက ဝိုင်းပြီး ညာချလိုက်တာ ခုခေတ်စကားနဲ့ပြောရရင် ရိုက်စားလုပ်လိုက်တာပေါ့။ ရှိတဲ့စီးပွားတွေ တစ်ခုပြီးတစ်ခု ပျက်စီးရာကဟိုဟာရောင်း၊ ဒီဟာပေါင်နဲ့ နောက်ဆုံး အိမ်ကြီးကိုပါရောင်းလိုက်ရလို့ နေစရာပါပျောက်ပြီး လမ်းဆုံလမ်းခွမှာ ခွက်လက်ဆွဲပြီး တောင်းစားရတဲ့ဘဝကို ရောက်သွားကြရှာတယ်။

တစ်နေ့မှာ ရဟန်းတော်လေး တရားအားထုတ်နေတဲ့ တောထဲကို အာဂန္တု(ဧည့်သည်)ရဟန်းတစ်ပါး ရောက်လာတယ်။ ဒီရဟန်းတော်ကလည်း တရားအားထုတ်ဖို့ တောရဆောက်တည်ဖို့ ကြွလာတာပါပဲ။ အာဂန္တုရဟန်းတော်ကို တွေ့တယ်ဆိုရင်ပဲ သူဌေးသား ရဟန်းလေးဟာ ၁၂-နှစ်တိတိ ဝေးကွာနေခဲ့တဲ့ သာဝတ္ထိမြို့ရဲ့ အခြေအနေတွေကို

မေးမြန်းပြောဆိုတော့တာပေါ့။ ဘုရားရှင်ရဲ့အကြောင်း၊ ရှင်သာရိပုတ္တရာ၊ ရှင်မောဂ္ဂလာန် စတဲ့ အဂ္ဂသာဝက၊ မဟာသာဝကကြီးတွေရဲ့ အကြောင်းတွေ စုံလို့ပေါ့။ နောက်ဆုံး သူ အသိချင်ဆုံးဖြစ်တဲ့ အဖေ အမေတို့ရဲ့ အကြောင်းကို မေးတာပေါ့။ ဒီမေးခွန်းကိုရောက်တော့ အာဂန္တု ရဟန်းကလည်း "**အရှင်ဘုရားရယ်… ဒီသူဌေး မျိုးရဲ့ အကြောင်းကိုတော့ မမေးပါနဲ့၊ ပြောပြရမှာ စိတ် မကောင်းစရာပါပဲ**"လို့ ပြောဆိုတားမြစ်လိုက်တယ်။ "**အရှင်ဘုရား ဘာ့ကြောင့်ပါလဲ ဘုရား**"လို့ ညှိုးငယ်တဲ့ မျက်နှာလေးနဲ့ မေးတဲ့အခါမှာတော့ အာဂန္တုရဟန်းက လည်း ပြောရတော့တာပေါ့။

အဲဒီ ရဟန်းဆီကတစ်ဆင့် ကြားရတဲ့ မိဘတွေ အကြောင်းကတော့ ဝမ်းနည်းစရာတွေချည်းပါပဲ။ မိဘ တွေဟာ ရွှေ၊ ငွေ စတဲ့ အတွင်းပစ္စည်းတွေ၊ ဆင်၊ မြင်း၊ ကျွဲ၊ နွား၊ လယ် စတဲ့ အပြင်ပစ္စည်းတွေ အားလုံးကုန်ခမ်း သွားလို့ သူတောင်းစားတွေလို လှည့်လည်တောင်းစားနေရ တယ်တဲ့။ ဒီစကားကြားရတဲ့အခါ ရဟန်းတော်လေး အရမ်း စိတ်ထိခိုက်ခဲ့ရပြီး ဝမ်းနည်းစိတ်ကို ဘယ်လိုမှ တားမရတဲ့အဆုံး အာဂန္တုရဟန်းရဲ့ ရှေ့မှာပဲ ချုံးပွဲချပြီး အားရပါးရ ငိုကြွေးတော့တာပေါ့။ ၁၂-နှစ်တာကာလ အတွင်း ဒီပစ္စည်းတွေ ဘာကြောင့် ဒီလောက် မြန်မြန် ကုန်သွားရတာလဲလို့ စဉ်းစားမိတယ်။ အာဂန္တုရဟန်း

ကလည်း သိစေချင်လို့သာ ပြောရတာ စိတ်ထဲမှာတော့ မကောင်းဘူးပေါ့။ ရဟန်းတော်လေးက သူဟာ အဲဒီ သူဌေးမျိုးက တစ်ဦးတည်းသောသားဖြစ်ကြောင်း၊ မိဘ များထံက ရဟန်းပြုခွင့်တောင်းပြီး ရဟန်းပြုပြီးကတည်းက ၁၂–နှစ်လုံးလုံး မိဘများနဲ့ပြန်မတွေ့ခဲ့ကြောင်း၊ တရားကို ကြိုးစားအားထုတ်ပေမယ့် ခုချိန်ထိ ဘာတရားထူးမှ မတွေ့သေးကြောင်း စတဲ့ သူ့ရဲ့အကြောင်းတွေကို အားရ ပါးရ ငိုရှိုက်ရင်းနဲ့ ပြောပြလိုက်တယ်။ အဖြစ်မှန်ကို သိသွားတဲ့ အာဂန္တုရဟန်းတော်က **"အရှင်ဘုရား… သားသမီးဆိုတာ မိဘတွေကို ပစ္စည်းနဲ့ကျေးဇူးဆပ်ခြင်း၊ တရားနဲ့ ကျေးဇူးဆပ်ခြင်းပြုမှသာ အမွေခံထိုက်သူ ဖြစ်တယ်။ မိဘနှစ်ပါးမှာလည်း အတိဒုက္ခရောက်နေ၊ အရှင်ဘုရားကလည်း ဘာတရားထူးမှ မရဆိုရင် နှစ်ဖက် စလုံးမှာ အကျိုးယုတ်နေပြီ၊ အရှင်ဘုရား မိဘတွေ ရှိရာကိုပြန်ပြီး မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးသင့်တယ်"** လို့ အာဂန္တုရဟန်းကလည်း ပြန်ပြောလိုက်တယ်။ ရဟန်း တော်လေးဟာ မိမိကိုယ်တိုင်လည်း မိဘတွေအတွက် ဘယ်လိုလုပ်ရပါ့မလဲလို့ စဉ်းစားနေချိန် အာဂန္တုရဟန်းတော် ကလည်း တိုက်တွန်းလိုက်တော့ မိဘနှစ်ပါးနဲ့ မိမိဘ၀ ရှေ့ရေးအတွက် စဉ်းစားရပြီပေါ့။

# ကိုယ့်ကိုယ်ကို သတိပြုခဲ့

ရဟန်းတော်လေးဟာ မိဘနှစ်ပါးနဲ့ သူ့ဘဝကြားက အတိတ်နေ့ရက်တွေအကြောင်းကို ပြန်စဉ်းစားမိတော့ အင်း…စဉ်းစားကြည့်တော့လည်း ဟုတ်သားပဲ။ ငါကလည်း ဒီကနေ့အထိ မိဘနှစ်ပါးကို ပစ္စည်းဓမ္မ ဘာတစ်ခုနဲ့မှ ကျေးဇူးမဆပ်သေးဘဲလို့ ဆိုပြီး ယနေ့အထိ မိဘကို မယ်မယ်ရရ ဘာမှလုပ်ကျွေးပြုစုခဲ့ခြင်း မရှိသေးတဲ့ သူ့အဖြစ်ကို ပြန်သတိပြုခဲ့မိတယ်။

ငါလည်း တောထဲမှာ ၁၂-နှစ်နေပြီး တရားအားထုတ်လာခဲ့ပေမယ့် ဘာတရားထူးမှ မတွေ့၊ အိမ်မှာကျန်ခဲ့တဲ့ မိဘနှစ်ပါးကျတော့လည်း ခွက်ကိုလက်ဆွဲလို့ အရပ်ထဲမှာ တောင်းစားနေရရှာပြီ၊ နှစ်ဖက်စလုံးမှာတော့ အရှုံးပြနေပြီ။ ဒီတိုင်းသာဆက်သွားနေရင်တော့ မိဘနှစ်ပါးဘဝဟာလည်း ဆင်းရဲတွင်း နက်သည်ထက်နက်တော့မယ်။

ငါလည်း အမွေခံထိုက်တဲ့သား မဖြစ်နိုင်တော့ဘူး။ ငါ ဘာဆက်လုပ်ရပါ့မလဲလို့ စဉ်းစားရင်းကနေ နောက်ဆုံးတော့ လူထွက်ပြီး မိဘတွေကို ကျွေးမွေးစောင့်ရှောက်တော့မယ်လို့ စိတ်ဆုံးဖြတ်ချက်ချလိုက်တယ်။ တောကျောင်းလေးကို အာဂန္တုရဟန်းကိုအပ်ပြီး နောက်တစ်နေ့ မနက်မှာပဲ တောထဲကနေ သာဝတ္ထိမြို့ကို ပြန်ကြွလာခဲ့ပါတယ်။

မိမိတောထွက်လာစဉ်က ယူဆောင်လာခဲ့တဲ့ သပိတ်ကလေးကိုလွယ်။ သာဝတ္ထိမြို့ သွားရာလမ်းလေးအတိုင်းလေးတွဲတဲ့ ခြေလှမ်းလေးတွေနဲ့လှမ်းပြီး ကြွတော်မူလာခဲ့တယ်။ အဖေတို့ အမေတို့ရဲ့အကြောင်းတွေ တွေးလိုက်ပြန်တော့လည်း စိတ်တွေက မချမ်းသာ။ အဖေနဲ့အမေဘယ်အသွင်အပြင်နဲ့များ တွေ့ရလေမလဲ။ ကျောင်းအိုကြီးဘေးနားရှိနေကြမလား၊ ဇရပ်ပျက်ကြီးပေါ်မှာရောက်နေကြမလား ဒါမှမဟုတ်ရင် လမ်းဘေးမှာပဲ အဆင်ပြေသလို ဆင်းဆင်းရဲရဲ နေနေကြရလေမလားဆိုတဲ့ အတွေးမျိုးစုံ နှိပ်စက်ခံရတဲ့အခါမှာတော့ နှလုံးရင်ဝ လှံနဲ့ထိုးဆွခံရသလို ဘယ်လိုမှ မခံစားနိုင်တော့ဘဲ မျက်လုံးအိမ်ကမျက်ရည်ပူတွေ ပါးပြင်ပေါ် တသွင်သွင်စီးဆင်းလို့ ရှိုက်ကြီးတငင်နဲ့ ငိုရပြန်ပြီ။ အတွေးလေးတွေက နှိပ်စက်လိုက်အခွေးလေးတွေနဲ့ ငိုလိုက်ပေါ့။ ဒီလိုနဲ့ တဖြည်းဖြည်းလျှောက်လှမ်းလာလိုက်တာ သာဝတ္ထိမြို့နဲ့ မလှမ်းမကမ်းနေရာလေးရောက်လာခဲ့တယ်။

ဒီအချိန်မှာ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းတော်မှာ မြတ်ဗုဒ္ဓသီတင်းသုံးနေတော်မူခဲ့တယ်။ ရဟန်းတော်လေးဟာ လျှောက်လှမ်းလာရင်း မြို့နဲ့အလွန်နီးကပ်ပြီး ဇေတဝန်ကျောင်းတိုက်ရဲ့ နောက်ကျောဘက်ရောက်ခဲ့တဲ့ အခါမှာတော့ ဇေတဝန်ကျောင်းဘက် သွားတဲ့လမ်းနဲ့ သာဝတ္ထိမြို့ဘက်သွားတဲ့လမ်း လမ်းနှစ်ခုဆုံတဲ့ လမ်းဆုံလေးပေါ်မှာ ခြေစုံရပ်ရင်း အတွေးစိတ်လေးတစ်ခု ပေါ်လာပြန်ပြီ။ "**ငါ... အဖေ အမေတို့ရှိတဲ့ သာဝတ္ထိမြို့ဘက်ဆီသွားတဲ့လမ်းကို အရင်သွားရင်ကောင်းမလား၊ ဘုရားရှင်သီတင်းသုံးတော်မူတဲ့ ဇေတဝန်ကျောင်းတော်ဘက်သွားတဲ့လမ်းကို အရင်သွားပြီး ဘုရားရှင်ကိုဖူးရင် ကောင်းမလား**" လို့ အတွေးစိတ်လေးနဲ့ ဝေခွဲမရ ဖြစ်နေရှာတယ်။

နောက်ဆုံးမှာတော့ ငါလူထွက်ပြီး မိဘတွေနဲ့ အတူနေရင် အဖေတို့ အမေတို့ကို အမြဲတွေ့နေရမှာ။ ဘဝရပ်တည်ရေးအတွက် ကြိုးစားရတဲ့အခါမှာတော့ ဘုရားရှင်ကို တစ်ခါဖူးမြင်ရဖို့၊ တရားနာရဖို့တောင် လွယ်မယ်မထင်။ ဒါ့ကြောင့် ဘုရားရှင်ကိုပဲ အရင်သွားဖူးမယ်။ မနက်မိုးလင်းမှပဲ သာဝတ္ထိမြို့ထဲသွားပြီး အဖေတို့ အမေတို့ကို ရှာတော့မယ်လို့ ဆုံးဖြတ်ပြီး ဇေတဝန်ကျောင်းဘက်သွားတဲ့ လမ်းလေးကိုပဲ ရွေးလိုက်တော့တယ်။ မှောင်ရီသမ်းတဲ့ ညချမ်းအချိန်မှာတော့ ဇေတဝန်ကျောင်းကို ရောက်ခဲ့ပြီပေါ့။

ရဟန်းတော်လေး ဇေတဝန်ကျောင်းရောက်ချိန်မှာ ဘုရားရှင်က ပရိသတ်ကို မာတုပေါသကသုတ်ကို ဟောကြားတော်မူနေပါတယ်။ သိပ်တိုက်ဆိုင်တာပါ။ မာတုပေါသကဆိုတာ **"မိဘ လုပ်ကျွေးရခြင်းအကျိုးနဲ့ မိဘရဲ့ဂုဏ်ကျေးဇူးကို ချီးမွမ်းတဲ့အကြောင်းတွေပေါ့"** အခြေအနေဆိုတာ အချိန်အခါကြောင့် ပြောင်းလဲသွားတယ် ဆိုတာ သတိပြုသင့်ကြမှာပါ။ ဘာဖြစ်လို့လဲဆိုရင် ဘုရားဖူးခွင့်၊ ဘုရားတရားတော်ကို အချိန်ပေးပြီး နာကြားခွင့် ရခဲ့တာကြောင့် ရဟန်းဘဝကို မစွန့်လွှတ်ရဘဲ မိဘတွေကို လုပ်ကျွေးနိုင်တော့မှာ ဖြစ်လို့ပါပဲ။

တရားနာကြားခွင့်ရသွားတဲ့ ရဟန်းလေးဟာ တရားအဆုံးမှာပဲ မိမိရဲ့ ကံကောင်းခြင်းကို သိသွားခဲ့တယ်။ **"ဘုရားရှင်ကို အလေးအမြတ်ထားခဲ့တဲ့ ငါဟာ ကံကောင်းလိုက်တာ၊ ငါဟာ လူထွက်ပြီးမှသာ မိဘနှစ်ပါးကို လုပ်ကျွေးခွင့်ရမယ်လို့ သိထားခဲ့တာ၊ အခု ဘုရားရှင်ရဲ့ တရားကို နာကြားလိုက်တော့ လူထွက်စရာ ဘယ်လိုတော့ မလဲ၊ ဘုရားရှင်က ရဟန်းတော်များဟာ ရဟန်းဘဝနဲ့ပဲ မိဘနှစ်ပါးတို့ကို ကျွေးမွေးပြုစုစောင့်ရှောက် ကျေးဇူးဆပ်နိုင်ကြောင်းကို မိန့်တော်မူခဲ့ပြီ။ ငါမြတ်နိုးတဲ့ ရဟန်းဘဝကို ငါ မစွန့်လွှတ်ရတော့ဘူး"** လို့ တွေးပြီး ရဟန်းတော်လေး သိပ်ဝမ်းမြောက်သွားတာပေါ့။ မိမိ မြတ်နိုးလွန်းလှတဲ့ ရဟန်းဘဝကိုလည်း စွန့်လွှတ်ပြီး လူထွက်

စရာမလို၊ ရဟန်းဘဝနဲ့ပဲ မိဘကို ပြုစုစောင့်ရှောက်ခွင့် ရှိတယ်ဆိုတာ သိခဲ့ရလို့ပါ။

ရဟန်းတော်တွေဟာ မိဘနှစ်ပါးအပေါ်မှာ ဝတ်ကြီးဝတ်ငယ်ပြုပြီး ပြုစုလုပ်ကျွေးနိုင်ကြောင်း၊ မိမိ အလှူခံရရှိတဲ့ဆွမ်း သင်္ကန်းတွေနဲ့ ကျွေးမွေးဝတ်ရုံပေးနိုင်ကြောင်း စတဲ့ မိဘနှစ်ပါးအပေါ်မှာ ရဟန်းဝတ်နဲ့ ကျေးဇူးဆပ်ခွင့်ရှိကြောင်း တရားတော်ကို ဘုရားရှင်ထံက ရဟန်းတော်လေး ကောင်းကောင်း နာကြားခဲ့ရပြီလေ။

ရဟန်းတော်လေးဟာ ဝမ်းသာလွန်းလို့ တစ်ညလုံးကို နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်နိုင်ခဲ့ဘူး။ မနက်မိုးလင်းတော့ သင်္ကန်းကိုသပ္ပါယ် မိမိရဲ့သပိတ်ကလေးကိုလွယ်ပြီး သာဝတ္ထိမြို့တွင်းကို ဆွမ်းခံကြွတော်မူဖို့ ဇေတဝန်ကျောင်းတော်ကအထွက် မတ်တတ်လေးရပ်ပြီး မိမိသပိတ်လေးပေါ် လက်ကလေးတင်ရင်းနဲ့ **"ငါ ယာဂုဆွမ်းကို အရင် အလှူခံရရင် ကောင်းမလား၊ အဖေတို့ အမေတို့ကို အရင်ရှာရင် ကောင်းမလား"** လို့ စဉ်းစားရပြန်ပြီ။ **"အဖေတို့ အမေတို့ဆီကို လက်ဗလာချည်း သက်သက်သွားမယ့်အစား ယာဂုပူပူလေးကို အလှူခံပြီး အဖေတို့ အမေတို့ကို တိုက်ကျွေးရင်း တွေ့ဆုံရတာက ငါ့အတွက် ပိုပြီး စိတ်ချမ်းသာရမယ်။ မိဘဆိုတာ သားသမီးရဲ့ အလိုက်သိတတ်တဲ့စိတ်၊ မေတ္တာစိတ်ဓာတ်လေးနဲ့ ပေးလာတဲ့ ဝတ္ထုပစ္စည်းနဲ့ စားစရာလေးတွေရရင် ဝတ္ထု**

**ပစ္စည်း နည်းသည်ဖြစ်စေ များသည်ဖြစ်စေ၊ တန်ဖိုးရှိသည်ဖြစ်စေ မရှိသည်ဖြစ်စေ အလှူဝမ်းမြောက်တတ်ကြတယ်လို့ ငါကြားဖူးတယ်။ ဒီတော့ ငါ ယာဂုဆွမ်းကို အရင်အလှူခံပြီးမှ အဖေတို့ အမေတို့ကို တွေ့အောင်ရှာတော့မယ်"** လို့ ဆုံးဖြတ်ပြီး သာဝတ္ထိမြို့ထဲကို ဆွမ်းအလှူခံကြွတော်မူခဲ့တယ်။

ယာဂုဆွမ်းတွေ အလှူခံရင်း သပိတ်ပြည့်လုနီးပါးရပြီးတဲ့အခါ သပိတ်အဖုံးလေးကို ကြိုးလေးခိုင်အောင်စည်းပြီးတော့ အဖေတို့ အမေတို့ကို ရှာဖို့ရန်အတွက်ခြေလှမ်းလေးတွေ စတင်ရပြီပေါ့။ အချိန်ကလည်းအစောကြီး နှင်းမှုန်တွေကလည်းကျ မှုန်ဝါးဝါးဖြစ်နေတဲ့လမ်းမပေါ်မှာ ဆွမ်းလောင်းလှူသူ တချို့ကလွဲရင် လမ်းသွားလမ်းလာတွေ မရှိသေးတဲ့အတွက် လမ်းပေါ်မှာ တစ်ပါးတည်း အတွေးလေးနဲ့ ဘယ်ညာကြည့်ရင်း အဖေတို့အမေတို့ကို ရှာနေရပြီပေါ့။ ဦးတည်ရာမရှိတဲ့ ခြေလှမ်းတွေနဲ့ ရှာနေရတာဆိုတော့ အဖေ အမေတွေကို မဆိုထားနဲ့ တချို့နေရာတွေမှာ လူရိပ်လူယောင်တောင်မှမမြင်ရဘူး။ တစ်လမ်းဝင် တစ်လမ်းထွက်နဲ့ လမ်းတွေတောင် အတော်များလာခဲ့ပြီ။

သူ့မိဘနှစ်ပါးဟာ အိမ်ကိုတောင်ရောင်းပြီး အရပ်ထဲမှာ လှည့်လည်တောင်းရမ်း စားသောက်နေရတယ်ဆိုတော့ ဘယ်နေရာမှာ ရှိနိုင်မယ်ဆိုတာ ခန့်မှန်းနိုင်ဖို့

မလွယ်ဘူးလေ။ ဟိုနေရာတွေ့နိုးနိုး၊ ဒီနေရာတွေ့နိုးနိုးနဲ့ အတွေးစိတ်ကူးနဲ့ပဲ ရှာနေရတာပေါ့။ ကျောင်းအိုကျောင်း ပျက်ကြီးတွေပေါ်မှာများ ရှိလေမလားဆိုတဲ့ အတွေးလေး ပေါ်လာပြန်တော့ ကျောင်းအိုကျောင်းပျက်ကြီးတွေဘက်ကို ခြေဦးလှည့်လို့ ရှာရပြန်ပြီ။ အောက်ထပ်မှာ မတွေ့ ပြန်တော့ အပေါ်ထပ်များရှိလေမလားလို့တွေးပြီး ယိုင်နဲ့နဲ့ လှေကားလေးကို ကိုင်တွယ်တက်ရင်း မျှော်လင့်ချက် မျက်လုံးအစုံက ဟိုဖွေ့ဒီဖွေ့နဲ့ လိုက်လို့ရှာတော့လည်း မတွေ့ရပြန်တော့ မျက်ရည်ဝိုင်းလာပြီး နှင်းမှုန်တွေကြား မပီဝိုးတဝါးမြင်နေရတဲ့ ခပ်လှမ်းလှမ်းက ဇရပ်အိုကြီးဆီကို မျက်လုံးအစုံက ရောက်သွားပြန်ပြီ။

**"ဒီကျောင်းအိုကြီးတွေ ပတ်ဝန်းကျင်မှာ မတွေ့ရင် ဟောဟိုဇရပ်ပျက်ကြီးပေါ်မှာ သေချာပေါက် အဖေနဲ့ အမေ အိပ်နေမှာပဲ"** လို့ အတွေးစိတ်လေးက ခွန်အားတွေ တက်လာပြီး ယာဂု အပြည့်ရှိနေတဲ့ သပိတ်လေးကို လွယ်ထားရပေမယ့် အားပါတဲ့ခြေလှမ်းလေးတွေနဲ့ ဇရပ် အိုကြီးတွေဘက်ကို လျှောက်လှမ်းလို့လာလိုက်တော နှင်းက လည်းမကွဲသေး ရာသီကလည်းအေးအေးနဲ့ မသဲမကွဲ မြင်ကွင်းလေးကိုဖြတ်သန်းရင်း အဖေနဲ့အမေ့ကို အိပ်ရက် လေးနဲ့ တွေ့ရမလား၊ ထိုင်ရက်လေးနဲ့ တွေ့ရမလားဆိုတဲ့ မျှော်လင့်ချက်လေးနဲ့ တဒိတ်ဒိတ် ခုန်နေတဲ့ ရင်ခုန်သံ လေးနဲ့အတူ လျှောက်လှမ်းလာရင်း ဇရပ်အိုကြီးနား

ရောက်တဲ့အခါ အောက်မှာရှာ၊ အပေါ်မှာရှာ ဘယ်နေရာမှ ရှာလို့မတွေ့။ မလျှော့တဲ့ဇွဲစိတ်နဲ့ ချောင်ကြိုချောင်ကြား တွေအထိ လိုက်ရှာပေမယ့် နေရာတွေသာစုံသွားတယ် လူရိပ်လူယောင်လေးတောင် မတွေ့ရဘူး။ ခဲလေသမျှ သဲရေကျဆိုသလိုပေါ့။ မျှော်လင့်ထားသလို ဖြစ်မလာတဲ့ အခါ ဝမ်းနည်းစိတ်ကလေးက ရင်ထဲမှာဆို့နင့်လာပြီး…

**"ဪ… ငါ့မိဘတွေဟာ အိမ်ကိုတောင်ရောင်းပြီး တောင်းရမ်းစားသောက်နေရတဲ့ဘဝကိုတောင် ရောက်နေ ပြီလို့ ဟိုအရှင်မြတ်က ငါ့ကိုပြောပြလိုက်တယ်။ ဒီအတိုင်း မှန်ရင် အဖေနဲ့အမေ အသက်တွေသာ ထင်ရှားရှိကြသေးရင် အခြေအနေမဲ့တွေ မှီခိုရာဖြစ်တဲ့ ဒီလိုနေရာမျိုးမှာ ရှိကို ရှိရမှာပေါ့။ အခုတော့ ငါ ရှာလာတာလည်း နေရာတွေ နှံ့နေပြီ။ လမ်းကြိုလမ်းကြား၊ ကျောင်းကြိုကျောင်းကြား၊ ဇရပ်အိုဇရပ်ပျက်တွေကြား နေရာတွေသာ စုံသွားတယ် အဖေနဲ့ အမေကို မတွေ့ရဘူး။ ငါ့အဖေနဲ့ အမေ အခု လူ့ဘဝမှာ အသက်ထင်ရှား ရှိမှရှိကြသေးရဲ့လား"**ဆိုတဲ့ ခံစားချက်လေး စိတ်ထဲပေါ်လာပြန်တော့ မျက်လုံးအိမ်က မျက်ရည်တွေ တသွင်သွင်စီးကျရင်း ဇရပ်အိုကြီးရဲ့ လှေကားအိုလေးမှာထိုင်ပြီး ငိုရပြန်ရှာပြီ။

အားရပါးရ ငိုရှိုက်ပြီးချိန် သတိတစ်ချက်ဝင်လာတဲ့ အခါ အတွေးသစ်လေးတွေကို တွေးရပြန်ပြီပေါ့။ ငါ့ အဖေနဲ့ အမေဟာ အသက်တွေ ၇၀-ကျော် ၈၀-တွင်းကို

ဝင်ရောက်လာပြီး အိုမင်းမစွမ်းအရွယ်ရောက်နေကြပြီ။ အိမ်ပိုင်မရှိတော့တဲ့ အိုးမဲ့အိမ်မဲ့ဘဝကို ရောက်နေကြပေမယ့် တို့နေခဲ့တဲ့ ရပ်ကွက်နဲ့ လမ်းကလွဲရင် တခြားအဝေးကြီးကို သွားနေမယ်မထင်ဘူး။ တို့နေခဲ့တဲ့ ရပ်ကွက်ထဲက လမ်းကြိုလမ်းကြား တစ်နေရာရာနဲ့ သစ်ပင်အောက်တွေမှာများ ရှိနေမလားဆိုတဲ့ စိတ်ကူးသစ်လေး ဝင်လာတဲ့အခါ ခွန်အားတွေ ပြန်တက်လာပြီး အားရပါးရ မတ်တတ်လေးပြန်ရပ်၊ သားမိသုံးယောက် အတူနေခဲ့ဖူးတဲ့ ရပ်ကွက်လေးဘက်ကို ခရီးဆက်ရပြန်ပြီပေါ့။

အရှေ့ဆီက ရောင်နီလေးသမ်းစ မိုးမလင်းတလင်း အချိန်ဘက်ကို ကူးလာပြီဆိုတော့ ခပ်လှမ်းလှမ်းက အရာဝတ္ထုတွေကို မသဲမကွဲမြင်နေရပြီ။ တစ်ပါးတည်း လျှောက်လှမ်းလာရင်း မိမိတို့နေခဲ့တဲ့ လမ်းထိပ်ကိုရောက်လာတဲ့ အခါ သားအမိတွေ အတူနေခဲ့ကြတဲ့ အိမ်ကြီးရဲ့ရှေ့က သစ်ပင်ရိပ်လေးမှာ လူနှစ်ယောက် ထိုင်နေတဲ့အသွင်ကို မြင်လိုက်ရတော့ ခပ်သွက်သွက် ခြေလှမ်းလေးတွေနဲ့ လျှောက်လှမ်းသွားလိုက်တာ တဖြည်းဖြည်း နီးကပ်လာလေလေ လူလုံး သဲကွဲစွာ မြင်ရလေပေါ့။ အဖေ အမေတို့နဲ့ ခြောက်ပေ၊ ခုနစ်ပေခန့်လောက်အရောက်မှာတော့ အဖေနဲ့ အမေ့ကို သဲသဲကွဲကွဲ မြင်ရပြီပေါ့။ လောကဓံဒဏ်ချက်ကြောင့် အသားအရေတွေမွဲခြောက် ပိန်ချုံးပြီး အဝတ်နွမ်းလေးတွေကို မလုံ့တလုံ ဝတ်ဆင်ထားပြီး

တောင်ဝှေးတစ်ချောင်းနဲ့ ခွက်တစ်လုံးကို အဖော်ပြုလို့ ပေးကမ်းမဲ့သူတွေ လာမယ့်လမ်းဘက်ကို မျှော်ကြည့်ရင်း ကြုံ့ကြုံ့လေးထိုင်နေရှာတဲ့ အဖေနဲ့ အမေကို မြင်လိုက်ရတော့ ရှေ့ကိုလည်း ဆက်မလျှောက်နိုင်၊ ထိုင်လည်း မထိုင်နိုင်၊ ခွန်အားအပြည့်နဲ့လှမ်းလာတဲ့ ခြေလှမ်းတွေဟာ အရှိန်ပြင်းပြင်းပြေးလာတဲ့ မြင်းတစ်ကောင်ကို တံ့ခနဲ ဇက်ကြိုးဆွဲသတ်လိုက်သလိုပါပဲ။ ကျောက်ရုပ်ကြီး တစ်ရုပ်လို မတ်တတ်ရပ်လို့ပေါ့။

အဖေလို့ အားရပါးရစိတ်ထဲကခေါ်၊ အမေလို့ အားရပါးရ စိတ်ထဲကခေါ်နေပေမယ့် ဘယ်လောက်ပဲခေါ်ခေါ် ဝမ်းနည်းစိတ်နဲ့ ဆို့နင့်နေတော့ နှုတ်ကအသံ ထွက်မလာနိုင်ရှာဘူး။ ရင်ထဲက သောကဒဏ်ချက် မျက်လုံးအိမ်ကို တက်ဆောင့်လိုက်တဲ့အတွက် မျက်လုံးအစုံက မျက်ရည်တွေကလည်း ပါးပြင်ပေါ် တသွင်သွင် စီးကျရင်း ငိုနေရှာတယ်။

ငယ်ရွယ်သေးတဲ့သားက အဖေနဲ့ အမေကို ကောင်းကောင်းမှတ်မိလို့ ပင်ပန်းစွာ ခံစားနေရပေမယ့် မျက်စိတွေ မှုန်နေပြီဖြစ်တဲ့ မိဘနှစ်ပါးက မမှတ်မိရှာလေတော့ သူတို့စိတ်ထဲမှာ ဆွမ်းခံသံဃာတစ်ပါး သူတို့ထံမှာ ဆွမ်းလာရပ်တယ်ထင်ပြီး အဘိုးကြီးက အဘွားကြီးကို "**ရှင်မရေ… ဒီနေ့ကျမှ ထူးထူးဆန်းဆန်း ရဟန်းလေးတစ်ပါး တို့ဆီမှာ**

**ဆွမ်းလာရပ်နေတယ်၊ တို့မှာကလည်း ဒီအချိန်ထိ ဘာတစ်ခုမှ တောင်းလို့ရတာမရှိသေးဘူး။ ဒါကြောင့် အနားတိုးပြီး ကန်တော့ဆွမ်းလို့လျှောက်လိုက်ပါဦး။ တော်ကြာ ဒီကိုယ်တော်လေး နောက်ကျသွားလို့ အခြားလှူမယ့်သူတွေ လောင်းတဲ့ဆွမ်းကို မရဘဲဖြစ်လိမ့်မယ်**"လို့ အဘွားကြီးကို လှမ်းပြောလိုက်တယ်။

၁၂-နှစ်ကြာအောင် မကြားခဲ့ရတဲ့ အဖေ့ရဲ့အသံကို ကြားရပြန်တော့ ဆံတွေဖြူသွားတွေကျိုး၊အသားအရေတွေ မွဲခြောက် ပိန်ချုံးနေတဲ့အသွင်အပြင်နဲ့အတူ လေသံလေး တောင်မဆက်တော့ဘဲ တုန်ယင်နေတဲ့ အဖေ့အသံကြောင့် ခံစားချက်တွေက ပိုဆိုးပြန်ပြီပေါ့။ အဖေ့အသံဆုံးတဲ့အချိန် အမေက ပိန်ချုံးချည့်နည့်နေတဲ့ သူ့ခန္ဓာကိုယ်လေးကို တုန်တုန်ချည့်ချည့်နဲ့ အားယူရင်း မတ်တတ်လေးရပ်၊ ဟောင်းနွမ်းနေတဲ့ မလုံ့တလုံ လုံချည်လေးမှာ ကပ်နေတဲ့ ဖုန်ကလေးတွေကို အသာခါ၊ ယိုင်တိုင်တိုင်လေးနဲ့ ရှေ့နားလေးတိုးလာပြီး ရဟန်းတော်လေးရဲ့ရှေ့မှာ ကုံ့ကုံ့လေး ထိုင်ရင်း "**အရှင်ဘုရား၊ တပည့်တော်တို့ ဇနီးမောင်နှံမှာ ဒီအချိန်ထိ ဘာတစ်ခုမှ လောင်းလှူစရာ မရသေးလို့ ရှိသေးစွာ ဦးနှိမ်ကန်တော့ခြင်းကိုပဲ ကန်တော့ဆွမ်းအဖြစ် လက်ခံပြီး ကြွတော်မူပါဘုရား**"လို့ မပီဝိုးတဝါး တုန်ယင်နေတဲ့လေသံလေးနဲ့လျှောက်ထားလိုက်တယ်။ ၁၂-နှစ်ကြာ ဝေးကွာခဲ့ရတဲ့ သဒ္ဒါထက်တဲ့ အမေ့ရဲ့ အေးမြတဲ့ အသံ

လေးဟာ နှလုံးရင်ဝကို အပ်နဲ့ထိုးဆွနေသလို ဘယ်လိုမှ မခံစားနိုင်အောင် သောကဒဏ်ချက် နှိပ်စက်ခံရပြန်ပြီပေါ့။ အစကတည်းက မတ်တတ်ရပ်ရင်း ငိုနေရတဲ့ ရဟန်းတော်လေးဟာ အဖေ အမေတို့ရဲ့ အသွင်အပြင်ရော အသံကိုပါ မြင်လိုက်၊ ကြားလိုက်ရတဲ့ အခါမှာတော့ ရှိုက်သံထွက်လုနီးပါး ငိုရပြန်ပြီပေါ့။

အမေလျှောက်ထားပြီးတဲ့အချိန်မှာ ရှေ့ဆက်မကြွတော့ အဖေကြီးက ရဟန်းလေး မကြားဘူးထင်ပြီး ရှေ့နားအနည်းငယ်တိုးပြီး ဒုတိယအကြိမ်ထပ်လျှောက်ဖို့ ခိုင်းပြန်တယ်။ အမေကလည်း ဒုတိယအကြိမ် ထပ်လျှောက်ပြန်တယ်။ ဒါလည်း ရဟန်းလေးက ဆက်မကြွ၊ ဒါနဲ့ တတိယအကြိမ် ထပ်လျှောက်ပြန်တယ်။ ဒီလိုနဲ့ သုံးကြိမ်သုံးခါ လျှောက်ထားပေမယ့် ရဟန်းတော်လေး ရှေ့ဆက်မကြွတဲ့အခါမှာတော့ သွေးကစကားပြောလာပြီ၊ အဖေကြီးရဲ့စိတ်ထဲမှာ လွန်ခဲ့တဲ့ ၁၂-နှစ်တုန်းက ရဟန်းဝတ်တောထွက်သွားတဲ့ သား ရဟန်းလေးကို စိတ်ထဲမှာ မြင်ယောင်လာပြီး **"ရှင်မရေ…ကိုယ်တော်လေးက ငါတို့ကို ဘာမှလည်း ပြန်မပြောဘူး။ ဆက်လည်းမကြွဘူး။ ဒါဆိုရင်တော့ လွန်ခဲ့တဲ့ ၁၂-နှစ်တုန်းက ရဟန်းဝတ်ပြီး တောထွက်သွားတဲ့ တို့သားလေးများဖြစ်လေမလား။ တို့ကိုများ မမှတ်မိဖြစ်နေတာလားမသိ။ အနားကပ်ပြီး သေသေချာချာ ဖူးပါဦး"**လို့ အဖေကြီးက ပြောလည်းပြော၊ ကိုယ်

တိုင်လည်း မျက်လုံးပေါ်မှာ လက်ဝါးလေးနဲ့ကာပြီး ကြည့်နေရှာတယ်။

သွေးက စကားပြောတယ်ဆိုတာ ဒါပါပဲ။ ဘယ်သူမှန်း မသိရသေးပေမယ့် သားဖြစ်နေမလားလို့ ထင်တာဟာ သွေးကတောင်းဆိုတာပါ။ သွေးဆိုတာ ရဟန်းလေး ခန္ဓာကိုယ်မှာ သီးခြားဖြစ်နေပေမယ့် အဲဒီသွေးဟာ အဖေ အမေတို့ရဲ့ သွေးတွေပဲမဟုတ်လား။

အဖေကြီးရဲ့ စကားကြောင့် အမေကြီးရဲ့ စိတ်ထဲမှာလည်း ကြည်လင်လန်းဆန်းလာပြီး ဖြည်းဖြည်းလေး မတ်တတ်ရပ်လို့ ရဟန်းလေးရဲ့အနားကို ကပ်သွားတယ်။ ပြီးတော့ မျက်လုံးအစုံမှာကပ်နေတဲ့ အညစ်အကြေးတွေကို အသာလေး လက်နဲ့ပွတ်ရင်း မျက်လုံးပေါ်မှာ လက်ဝါးလေးကာ မျက်မှောင်လေးကုပ်ပြီး ရဟန်းတော်လေးရဲ့ မျက်နှာကိုအနားကပ်ပြီး အသေအချာ ဖူးလိုက်တယ်။

ရဟန်းတော်လေးစိတ်ဟာ ဘယ်လိုမှ ခံနိုင်စွမ်းမရှိတော့ပါဘူး။ အမေ့ရဲ့ အရေတွန့်နေတဲ့ လက်ကလေးကို တုန်တုန်ယင်ယင်နဲ့ လှမ်းကိုင်လိုက်ပြီး ပါးစပ်ကလည်း **"အမေ သားပါ၊ အမေ့သား ရဟန်းအစစ်ပါ အမေရယ်"** လို့ ပြောရင်း အသံလေး နစ်ဝင်သွားရှာတယ်။ အမေကလည်း ဝမ်းသာအားရနဲ့ သား ရဟန်းလေးရဲ့လက်ကို အားရပါးရ ဆုပ်ကိုင်ပြီး **"အဖေကြီးရေ. . .တော်ထင်တဲ့ အတိုင်းပဲ။ ဟုတ်ပါ့၊ ဟုတ်ပါ့။ ကျုပ်တို့သားမှ ကျုပ်တို့**

**သားကြီး အစစ်ပါတော့"** လို့ပြောပြီး အားရပါးရ ငိုချလိုက်တော့တာပါပဲ။ အမေ့အသံကိုကြားရတဲ့ အဖေ့ခမျာမှာလည်း ဝမ်းသာအားရနဲ့ အပြေးလာဖို့ ရပ်မယ်လုပ်ပေမယ့် အားအင်တွေနည်းနေတော့ ရပ်လို့မရရှာဘူး။ ဒီတော့ လေးဘက်ထောက်သွားပြီးလာရတာပေါ့။ အနားရောက်တော့ သားရဲ့ခြေထောက်လေးကို အားရပါးရဖက်ထားပြီး **ငါ့သားကြီးပါလား၊ ငါ့သားကြီး ပြန်လာပြီ၊ ငါ့သားကြီး အဖေတို့ဆီ ပြန်လာပြီ၊ အဖေတို့ ပြန်တွေ့ကြရပြီ၊ ဝမ်းသာလိုက်တာ သားရယ်လို့ တုန်တုန်ယင်ယင်ပြောပြီး ငိုရှာပြန်တယ်။** ဝမ်းသာဝမ်းနည်း ဒွန်တွဲ ခံစားရလို့ကျလာတဲ့ အဖေ့ရဲ့ မျက်လုံးအိမ်က မျက်ရည်တွေဟာ သားရဟန်းလေးရဲ့ ခြေခုံပေါ်မှာ တစ်ပေါက်ချင်းတစ်ပေါက်ချင်း စီးကျနေတယ်။ အဖေကြီးဟာ သားရဲ့ခြေသလုံးလေးကို အားရပါးရဖက်ထားရှာတယ်။ အားအင်ချည့်နည့်နေတဲ့ အမေ့ရဲ့ ခြေအစုံဟာလည်း တဖြည်းဖြည်း ညွတ်ကျသွားပြီး သားရဲ့ ခြေထောက်လေးကိုဖက်ရင်းနဲ့ ငိုနေရှာတယ်။ အမေ့ရဲ့ မျက်ရည်တွေကလည်း သားရဲ့ခြေခုံပေါ်မှာ တစ်ပေါက်ချင်း စီးကျနေတာပေါ့။

အဖေတို့ အမေတို့ရဲ့ မျက်ရည်တွေဟာ သားရဲ့ဘယ်ခြေခုံ၊ ညာခြေခုံပေါ်မှာ တစ်ပေါက်ချင်း စီးကျတဲ့အထိ ငိုကြွေးနေတာကိုသိနေတဲ့ သားရဟန်းလေးမှာလည်း

ဘယ်လိုမှမခံစားနိုင်တော့ဘဲ အဖေတို့ အမေတို့ဖြစ်အင်ကို ခေါင်းလေးငုံ့ကြည့်ရင်း ရှိုက်ကြီးတငင်နဲ့ အားရပါးရ ငိုရပြန်ပြီ။ သားရဟန်းလေးရဲ့မျက်ရည်တွေဟာလည်း အဖေတို့ အမေတို့ရဲ့ ကျောကုန်းပေါ်မှာ တစ်ပေါက်ချင်းကျလို့နေပြန်တယ်။ သားအမိ သားအဖတွေ ပြန်ဆုံကြတဲ့နေ့မှာ ဝမ်းသာဝမ်းနည်း ဒွန်တွဲခံစားရတဲ့ ခံစားချက်ကြောင့် ကျလာတဲ့မျက်ရည်တွေဟာ မျက်ရည်ချောင်းစီးလို့တောင် တင်စားရမလောက်ပါပဲ။

အချိန်အတော်ကြာအောင် ငိုကြွေးပြီးတဲ့အခါမှာတော့ သားရဟန်းလေးရဲ့စိတ်မှာ သတိတစ်ချက်ဝင်လာပြီး သပိတ်ကလေးပြုတ်မကျအောင် အသေအချာ ထိန်းလွယ်ပြီး ညာဘက်လက်ကလေးကို အောက်ကိုဆန့် အဖေ့ပခုံးလေးကိုပုတ်ရင်းနဲ့ အဖေရယ် ထပါတော့လို့ တိုးညင်းတဲ့အသံလေးနဲ့ သတိပေးပြီး အဖေ့လက်ကလေးကို ဆွဲထူရင်း အဖေ့ကို မတ်တတ်ရပ်ခိုင်းရတယ်။ ပြီးတော့ အမေ့ပခုံးလေးကို အသာပွတ်ပြီး အမေ့လက်ကလေးကိုဆွဲထူရင်း မတ်တတ်ရပ်ခိုင်းရပြန်တယ်။ သားအမိ သားအဖတွေ အားလုံးရဲ့ မျက်ဝန်းအစုံမှာ မျက်ရည်တွေ စီးကျနေရင်းနဲ့ပေါ့။ အငိုမတိတ်နိုင်ကြသေးဘူး။ အဖေနဲ့ အမေက သားရဲ့လက်မောင်းလေးကို တစ်ယောက်တစ်ဖက် ဆုပ်ကိုင်ရင်း အဖေပြောလိုက်တဲ့ စကားလေးက "**သားလိုချင်တဲ့ တရားထူး၊ တရားမြတ်တွေ ရခဲ့ပြီပေါ့နော်၊**

ဝမ်းသာလိုက်တာ သားရယ်၊ ဒီဘဝမှာ ဒီသားအမိ သား အဖသုံးယောက် ဘယ်လိုမှ ပြန်မဆုံနိုင်တော့ဘူးလို့တောင် အဖေတို့ အမေတို့က ထင်ထားတာ၊ တော်သေးတာပေါ့ သားရယ်၊ သားက သားလိုချင်တဲ့ တရားထူးတွေကို ရပြီး ပြန်လာပေမယ့် အဖေတို့ အမေတို့ဘဝက ကိုယ့်သား လေးကို ကျောင်းလေးတစ်လုံးတောင် ဆောက်လှူနိုင်တဲ့ ဘဝ၊ သင်္ကန်းလေးတစ်ထည်တောင် လှူနိုင်တဲ့ဘဝ မဟုတ် တော့ဘူး သားရယ်''လို့ ပြောပြီး အဖေနဲ့ အမေဟာ မတ်တတ်ရပ်လို့ လမ်းမှာငိုဆိုသလိုပဲ သား လက်မောင်း လေးကို ဆုပ်ကိုင်ပြီး သားရဟန်းလေးရဲ့ ပခုံးလေးကို မှီရင်းနဲ့ ငိုကြွေးရပြန်ပြီ။

■



# အပြစ်မမြင် မေတ္တာဝင်

ဒီနေရာမှာ မိဘတွေရဲ့ စစ်မှန်တဲ့မေတ္တာကို ထောက်ပြချင်ပါတယ်။ ရဟန်းတော်လေးရဲ့မိဘတွေဟာ "**ငါတို့ကို ပစ်ထားခဲ့တယ်၊ စွန့်သွားခဲ့တယ်၊ တာဝန်မကျေပွန်ဘူး။ အခုတော့ ဒုက္ခတွေရောက်ကြရပြီ**" စတဲ့ သားရဟန်းလေးကို အပြစ်တင်တဲ့စကားမျိုး တစ်လုံးမှမပြောကြဘူး။ ဒီလိုပါပဲ။ မိဘဆိုတာ သားသမီးတွေအပေါ်မှာ ဘယ်တော့မှ အပြစ်မမြင်တတ်ကြပါဘူး။ "**သားရယ်၊ သားလိုချင်တဲ့ တရားထူး တရားမြတ်တွေရခဲ့ပြီလား အမေတို့ ဝမ်းသာပါတယ်၊ ဒါပေမယ့် သားရယ် အဖေတို့ အမေတို့ လက်ရှိအခြေအနေက သား မြင်တဲ့အတိုင်းပဲ။ ဘာမှမရှိတော့ဘူး။ ကိုယ့်သားလေးနဲ့ ပြန်တွေ့ရပေမယ့် သားလေး**

**အတွက် ကျောင်းလေးတစ်ကျောင်း၊ သင်္ကန်းလေးတစ်ထည် တောင် မလှူနိုင်တော့ဘူး။ အဖေတို့ အမေတို့ ဝမ်းနည်း တယ် သားရယ်**"လို့ ဝမ်းနည်းစကားလေးဆိုပြီး မိမိ တို့ရဲ့ အားနည်းချက်ကိုတောင် ရှာကြံထောက်ပြကြသေး တယ်။ ဒါဟာ မိဘဆိုတာ သားသမီးအတွက် လိုအပ် ချက်ကိုဖြည့်ဖို့ အမြဲတမ်း စိတ်ထဲမှာရှိတယ်ဆိုတာပါပဲ။

အခုခေတ်သားသမီးတွေလည်း မိဘတွေရဲ့ ဒီစိတ်ဓာတ် လေးတွေကို၊ ဒီသဘောထားလေးတွေကို သတိပြုမိဖို့ အလွန်အရေးကြီးပါတယ်။

ရဟန်းတော်လေးဟာ အဖေ အမေတို့ရဲ့ သောကတွေ ပြေစေဖို့၊ စိတ်ဓာတ်ခွန်အားတွေ တက်လာစေဖို့အတွက် မိမိရဲ့မျက်ရည်တွေကို အမြန်သုတ်ပြီး "**အဖေတို့ အမေတို့ အငိုတိတ်ပါတော့၊ သောကအပူတွေကို ငြိမ်းလိုက်ပါတော့၊ ဘာမှမပူပါနဲ့တော့၊ သား ပြန်လာပြီပဲ။ အဖေတို့ အမေ တို့ရဲ့ အထီးကျန်လွန်းတဲ့ နေ့ရက်တွေဟာ ဒီကနေ့ပဲ ကုန်ဆုံးသွားပါပြီ။ ဒီကရှေ့ အဖေတို့ အမေတို့ကို သား ကိုယ်တိုင် ပြုစုလုပ်ကျွေးပါတော့မယ်။ စားဖို့လည်းမပူနဲ့၊ နေဖို့လည်းမပူနဲ့၊ ဘာမှမပူကြပါနဲ့တော့၊ ရဟန်းတော် များဟာ မိမိ အလှူခံရရှိတဲ့ဆွမ်း၊ သင်္ကန်းတွေနဲ့ မိဘ နှစ်ပါးကိုလုပ်ကျွေးကောင်းတယ်၊ ဝတ်ရုံပေးကောင်းတယ်၊ မိဘနှစ်ပါးကို ဝတ်ကြီးဝတ်ငယ်ပြုပေးပြီး ကျေးဇူး ဆပ်ခွင့်ရှိတယ်လို့ ဘုရားရှင်ကလည်း ခွင့်ပြုတော်မူထား**

ပါတယ်'' လို့ အားပေးစကားဆိုရင်း အဖေ အမေတို့ရဲ့ မျက်လုံးအိမ်က မျက်ရည်တွေကို ကြင်နာစွာ သုတ်ပေးပြီး ဟိုတုန်းက သားအမိ သားအဖတွေအတူနေခဲ့တဲ့ အိမ်ကြီးရဲ့ဘေးက ခုံတန်းလေးရှိတဲ့ဘက်ကို ဖြည်းဖြည်းချင်း တွဲခေါ်သွားပြီး အဖေနဲ့ အမေက ဘယ်ဘက် ညာဘက်မှာထိုင် သားရဟန်းလေးက အလယ်ကထိုင်လို့ အေးချမ်းတဲ့ ဘဝလေးကို ပြန်စကြရပြီပေါ့။ ခုံတန်းလေးပေါ်ထိုင်ပြီးတဲ့ အချိန် သပိတ်ကလေးကိုဖွင့်၊ မနက်စောစောကတည်းက အလှူခံရရှိလာတဲ့ ယာဂုဆွမ်းနွေးနွေးလေးကို အဖေနဲ့ အမေကို တိုက်ကျွေးဖို့ ခွက်ကလေးတွေကို ယူလိုက်တဲ့ အခါကျပြန်တော့ ချေးအထပ်ထပ်ပေကျံနေတဲ့ ခွက်ကလေး တွေကိုကြည့်ပြီး သန့်ရှင်းအောင် ပွတ်တိုက်ပေးရင်း မျက်ရည်ကျရရှာပြန်ပြီ။

ဟိုစဉ်တုန်းက ရွှေပန်းကန်ပြားနဲ့ ရွှေဇွန်းကိုင်ပြီး စားလာခဲ့တဲ့ အဖေ အမေတို့ရဲ့ ဘဝကို ပြန်မြင်ယောင် လာပြီး ဝမ်းနည်းမိတာပေါ့။ မသန့်ရှင်းတဲ့ ခွက်ကလေး နှစ်ခွက်ကို ဘေးနားမှာ အသာချပြီး မိမိရဲ့ သပိတ်အဖုံး လေးကိုလှန်၊ ယာဂုလေး အနည်းငယ်လောင်းထည့် ပူနေ သေးတဲ့ ယာဂုလေးကို လေအေးအေးလေးနဲ့ နွေးအောင် မှုတ်ပေးပြီးတော့ အဖေနဲ့ အမေ့ကို အလှည့်ကျတိုက်ကျွေး ရှာတယ်။ အဖေနဲ့ အမေကလည်း မဝရေစာ စားခဲ့ရတဲ့ နေ့တွေ များလာခဲ့တော့ သားရဟန်းလေး တိုက်ကျွေး

နေတဲ့ ယာဂုဆွမ်းနွေးနွေးလေးကို အားရပါးရနဲ့ သောက်သုံးကြတာပေါ့။ သပိတ်ထဲမှာ ယာဂုဆွမ်းလေး ငါးဇွန်းလောက်ကျန်တဲ့အချိန်မှာ သပိတ်လေးကို အသာပြန်ဖုံး၊ ကြိုးလေးကို ခိုင်အောင်စည်းပြီး ကျောင်းပြန်ဖို့ရန်အတွက် အဖေနဲ့ အမေကို "**အဖေတို့ အမေတို့ နေ့စဉ်နေ့တိုင်း ဒီနေရာမှာပဲစောင့်နေကြပါ။ အရုဏ်ယာဂုဆွမ်း အလှူခံပြီးတိုင်း အခုလိုပဲ နေ့တိုင်း သား လာတိုက်ကျွေးပါ့မယ်။ အခု သား ကျောင်းကိုပြန် ရေမိုးချိုးပြီး နေ့လယ်စာအတွက် ဆွမ်းခံထွက်ဦးမယ်။ နေ့လယ်စာအတွက်လည်း လာကျွေးပါ့မယ်။ ဘယ်ကိုမှ သွားတောင်းမနေကြပါနဲ့တော့**" လို့ နှုတ်ဆက်စကားလေးပြောပြီး ဇေတဝန်ကျောင်းကို ပြန်ကြွသွားခဲ့တယ်။

ရဟန်းလေးရဲ့ အရုဏ်ဆွမ်းအတွက်ကတော့ အဖေတို့ အမေတို့ကို တိုက်ကျွေးပြီး ချန်လာခဲ့တဲ့ ယာဂုဆွမ်း ငါးဇွန်းလောက်လေးနဲ့ပဲမျှတကျေနပ်လိုက်ရတယ်။ ဒီလိုနဲ့ ရဟန်းတော်လေးဟာ နေ့စဉ်မှန်မှန် ဆွမ်းခံကြွပြီး မိဘတွေကို အရုဏ်ဆွမ်းအတွက် ယာဂုဆွမ်းနဲ့ ကျွေးမွေးပြုစု၊ နေ့လယ်စာအတွက် ထမင်းကျွေးပြုစုပြီး မိဘနှစ်ပါးကို ကျွေးပြီးကျန်တာလေးပဲ မိမိအတွက်မျှတအောင် နေထိုင်လာခဲ့တော့ အရိုးပြိုင်းပြိုင်းဖြစ်နေတဲ့ မိဘတွေရဲ့ ခန္ဓာကိုယ်တွေက တဖြည်းဖြည်း ဝဖြိုးလာပြီး အသားအရေတွေ ကြည်လင်လန်းဆန်းလာကြတာပေါ့။ မိဘတွေရဲ့

အကြွင်းအကျန်ကိုပဲ နေ့စဉ် မဝတဝ စားခဲ့ရတဲ့ ရဟန်းလေးမှာတော့ အသားအရေတွေ ခြောက်ကပ်ပိန်လိမ်လာပြီး ဖက်ရွက်ခြောက်လေးလိုပဲ မျက်နှာလေးလည်း မကြည်လင် မလန်းဆန်းနိုင်တော့ဘူးပေါ့။ တစ်ခါတစ်ခါမှာ အလှူရှင်တွေက သင်္ကန်းအတွက် ပိတ်စကိုလှူလိုက်ပြန်ရင်လည်း မလုံ့တလုံ ဝတ်ဆင်ထားရတဲ့ အဖေနဲ့အမေ့ကိုပဲ ဝတ်ဆင်ပေးချင်စိတ်က များခဲ့တယ်။ သင်္ကန်းလေးတစ်ထည်ကို အလယ်ကခွဲပြီး အဖေ့ကိုတစ်ပိုင်း၊ အမေ့ကိုတစ်ပိုင်း ဝတ်ဆင်ပေးတာပေါ့။ သူ့အတွက်ကျတော့ အဖေတို့ အမေတို့ ဝတ်ဆင်ထားတဲ့ အရောင်အသွေးမရှိ၊ နွမ်းရိနေပြီဖြစ်တဲ့ အဝတ်ဟောင်းလေးတွေကို လျှော်ဖွတ် သစ်ခေါက်ရောင်ဆေးဆိုးပြီး ဝတ်ဆင်တယ်။ နောက်ဆုံး ခန္ဓာကိုယ်ကလည်းပိန်၊ အသားအရေကလည်း မွဲခြောက်ခြောက်၊ သင်္ကန်းကလည်း အရောင်အဆင်း မရှိနဲ့ပေါ့။ ဟိုတုန်းက ဝဖြိုးဖြိုး အခုတော့ ပိန်ခြောက်နေတာပေါ့။

တချို့ရဟန်းတွေက ကိုယ့်တရားနဲ့ကိုယ်နေကြပေမယ့် တချို့ရဟန်းတွေကျတော့ ရဟန်းလေးကို အကဲခတ်လာခဲ့ကြတယ်။ ဝေဖန်ချင်တဲ့လူဆိုတာ အမြဲတမ်း သူတစ်ပါးရဲ့ အပြစ်ကိုပဲ ကြည့်နေတတ်တယ်။ အခုလည်း တချို့ရဟန်းတွေက ကဲ့ရဲ့ချင်လို့ မေးလာပြီ။ ပုထုဇဉ်တွေဆိုတော့ ရဟန်းတော်တွေထဲမှာလည်း စိတ်စေတနာကောင်းကြတဲ့

ရဟာန်းတွေရှိသလို မကောင်းကြတဲ့ ရဟာန်းတွေလည်း ရှိတာပေါ့။ စိတ်ကောင်းမရှိတဲ့ ရဟာန်းတွေက မေးလာကြပြီလေ။ **"ငါ့ရှင် သင်ဟာ အရင်တုန်းက အသားအရေ ဝဝဖြိုးဖြိုးပါ။ အခု တဖြည်းဖြည်းပိန်လာတယ်။ သင်္ကန်းဆိုရင်လည်း ဟောင်းနွမ်းပြီး အရောင်မရှိတဲ့ နွမ်းရိရိ သင်္ကန်းလေးကိုပဲ ဝတ်နေတယ်"** စသဖြင့်ပေါ့။ ရဟာန်းတော်လေးကလည်း အမှန်အတိုင်း ဝန်ခံပါတယ်။ နေ့စဉ်နေ့တိုင်း ရတဲ့ဆွမ်းကို မိအို ဖအိုတွေကို ကျွေးမွေးနေရပြီး မိမိက အကြွင်းအကျန်နဲ့သာ တင်းတိမ်ရောင့်ရဲနေလာခဲ့ရကြောင်း၊ အဝတ်သင်္ကန်းဆိုရင်လည်း ဖအို မိအိုတွေကို အသစ်ကိုသာဝတ်ဆင်ပေးပြီး မိမိက မိဘနှစ်ပါးရဲ့ အကျအဟောင်းအနွမ်းကိုသာ သစ်ခေါက်ရောင်ဆိုးပြီး ဝတ်ရုံနေကြောင်း အကြောင်းစုံကို ပြောပြပါတယ်။ ဒီအခါ စိတ်ကောင်းရှိတဲ့ရဟာန်း၊ ကိုယ်ချင်းစာတရားရှိတဲ့ ရဟာန်းတွေက သာဓုအကြိမ်ကြိမ် ခေါ်ကြတာပေါ့။ ဒါပေမယ့် စိတ်ကောင်းမရှိတဲ့၊ ကိုယ်ချင်းစာစိတ်ကင်းတဲ့ တချို့ရဟာန်းတွေက ပြစ်တင်ကဲ့ရဲ့ကြတယ်။ လူတွေက သဒ္ဓါတရားနဲ့ လှူတာတွေကို လူဖြစ်တဲ့ မိဘတွေကို ကျွေးရ၊ ပေးရကောင်းမလားပေါ့။ နောက်ဆုံး ဒီလို ကဲ့ရဲ့ရှုံ့တင် မကဘူး ဘုရားရှင်ရဲ့ရှေ့နားတော်ပေါက်အောင် လျှောက်တဲ့ ကိုယ်တော်က လျှောက်ကြတယ်။



# ဘုရားရှင်ချီးကျူး

မြတ်စွာဘုရားဆိုတာ ပြဿနာ ပေါ်လာရင် ပြဿနာကို ငြိမ်းချမ်းစွာ ပြီးဆုံးအောင် ဆောင်ရွက်တော်မူလေ့ရှိပါတယ်။ ဒါကြောင့် သံဃာပရိသတ် စုံညီတဲ့နေ့တစ်နေ့မှာ မိဘလုပ်ကျွေးတဲ့ ရဟန်းတော်လေးရဲ့ အကြောင်းကို လာလျှောက်တဲ့ သံဃာများရှေ့မှာပဲ ရဟန်းတော်လေးကို ခေါ်လိုက်တယ်။ မြတ်စွာဘုရားက အကြောင်းစုံ မေးမြန်းတော့ ရဟန်းတော်လေးကလည်း မိမိရဟန်းဘဝ ရောက်ရှိလာပုံ၊ မိဘများ ချမ်းသာရာမှ ဆင်းရဲသွားပုံ၊ အဲဒီ ဖအို မိအိုတွေကို နေ့စဉ်နေ့တိုင်း ဆွမ်းခံကျွေးမွေးခဲ့ပုံ၊ ရလာတဲ့ အဝတ်သင်္ကန်းအသစ်လေးတွေနဲ့ ဝတ်ဆင်ပေးခဲ့ပုံတွေကို အသေးစိပ် ဝန်ခံလျှောက်ထားပါတယ်။

အဲဒီအခါ မလိုတဲ့ပုဂ္ဂိုလ်တွေက ဘုရားရှင် ကဲ့ရဲ့လိမ့်မယ်လို့ ထင်ကြတာပေါ့။ အပြစ်ဒဏ်ပေးလိမ့်မယ်လို့ မျှော်လင့်ကြတာပေါ့။ သံဃာ့ပရိသတ်အားလုံး ဘုရားရှင် ဘာမိန့်မလဲလို့ အာရုံစိုက်ပြီး နားထောင်နေကြတယ်။

မြတ်ဗုဒ္ဓက ညာဘက်လက်တော်ကို သင်္ကန်းတော်ကြားက ထုတ်လိုက်ပြီး ရဟန်းတော်လေးရဲ့ကျောပေါ် တင်တော်မူလိုက်တယ်။ ကျောသပ်တဲ့သဘော အားပေးတဲ့သဘောပေါ့။ ဒါတင်မကဘူး။ နှုတ်တော်ကလည်း သာဓု၊ သာဓု၊ သာဓုလို့ သုံးကြိမ်ခေါ်တော်မူပါတယ်။ **"သင်ရဟန်းဟာ ငါဘုရားလမ်းစဉ်နောက် တစ်သဝေမတိမ်း လိုက်နာတဲ့ ငါ့သားတော် ပီသပါပေတယ်။ ငါဘုရားနစဉ်ကအတိုင်း လိုက်နာကျင့်သုံးသူဖြစ်တယ်။ မိဘကျေးဇူးဆိုတာ အနန္တကြီးမားတဲ့အတွက် ငါဘုရားပင် မိဘကျေးဇူးဆပ်ခဲ့ရတယ်။ ပါရမီနစဉ် အလောင်းတော်ဘဝများက မိဘကျေးဇူးဆပ်ခဲ့တာတွေ မရေတွက်နိုင်အောင်များခဲ့တယ်၊ သင်ဟာ သူတော်ကောင်းစင်စစ် ဖြစ်တယ်"**လို့ အများရှေ့မှာ ချီးကျူးတော်မူခဲ့ပါတယ်။

ရဟန်းတော်အားလုံး ငြိမ်သက်သွားကြတယ်။ သံဃာအားလုံး ဘုရားရှင်ရဲ့အနီးကို ချဉ်းကပ်သွားပြီး **"ရှင်တော်မြတ်ဘုရား၊ ဒီရဟန်းတော်လေးရဲ့ မိဘနှစ်ပါးအပေါ် ပြုစုလုပ်ကျွေးတာကို တပည့်တော်တို့ မြင်လည်းမြင်ခဲ့ရပါပြီ။ ကြားလည်းကြားခဲ့ရပါပြီ။ အရှင်ဘုရား နစဉ်ဘဝက မိဘနှစ်ပါးကို ပြုစုလုပ်ကျွေးခဲ့ပုံအကြောင်းကို ဟောကြားပေးတော်မူပါ"**လို့ တရားတောင်းကြတယ်။ ဒါ့ကြောင့် ရှင်တော်မြတ်ဘုရားက မိဘလုပ်ကျွေးတဲ့ ဒီရဟန်းလေးကို အကြောင်းပြုပြီး သုဝဏ္ဏသာမဇာတ်ကို

ဟောကြားတော်မူလိုက်တာ တရားအဆုံးမှာ ရဟန်းလေး သောတာပန်တည်ခဲ့ပြီး အခြားရဟန်းတော်တွေလည်း မိမိ ပါရမီနဲ့လိုက်ဖက်တဲ့ အကျိုးတရားများကိုရရှိသွားခဲ့ကြတယ်။

ဒီနေရာမှာ ဘုရားရှင်မိန့်ကြားတော်မူတဲ့ မိဘနှစ်ပါးကို ပစ္စည်းဓမ္မနှစ်မျိုးနဲ့ ကျေးဇူးဆပ်ကြတဲ့ သားသမီးတွေ ရကြတဲ့ အကျိုးတရားကိုထုတ်ပြချင်ပါသေးတယ်။ ဘုရားရှင်က မိဘနှစ်ပါးကို ပစ္စည်းနဲ့ကျေးဇူးဆပ်၊ တရားနဲ့ကျေးဇူး ဆပ်ကြတဲ့ သားသမီးတွေဟာ လူ့ဘဝမှာ သက်ရှိထင်ရှား ရှိစဉ်ကာလမှာလည်း ဘုရားရှင်နဲ့တကွ သူတော်ကောင်း တွေက လိမ္မာလိုက်တဲ့သားသမီးလေးတွေ၊ တော်လိုက်တဲ့ သားသမီးလေးတွေလို့ ချီးမွမ်းကြတယ်တဲ့။ ဒီဘဝက သေဆုံးသွားရင်လည်း နတ်ပြည်ကို သေချာပေါက် ရောက်မယ်။ ပြီးတော့ မိဘကိုကျေးဇူးသိ၊ ကျေးဇူးဆပ်တဲ့ သားကောင်းရတနာ၊ သမီးအလိမ္မာလေးတွေကို မိမိ ပတ်ဝန်းကျင်မှာရှိကြတဲ့ မမြင်စွမ်းနိုင်တဲ့ ရက္ခစိုးတွေနဲ့ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေက ဘေးအန္တရာယ် မကျရောက်အောင် ရောဂါဆိုးတွေ မတွေ့ကြုံ မခံစား ရအောင် စောင့်ရှောက်ပေးတယ်တဲ့။ စာပေလာတဲ့အတိုင်း တိုက်ရိုက်ပြောရရင် ဘေးမခအောင် ဆေးကုပေးတယ် ပေါ့။

ဒါ့ကြောင့် သားငယ်၊ သမီးငယ်၊ ညီငယ်၊ ညီမငယ် တွေ ဘုရားရှင်နဲ့ သူတော်ကောင်းတွေ သာခုခေါ် ချီးမွမ်း

ခံရဖို့၊ နတ်ပြည်ရောက်ဖို့ဆိုတာ ဆုတောင်းစရာမလိုပါဘူး။ ဆုတောင်းလို့လည်း မရပါဘူး။ ခက်ခက်ခဲခဲ ကြိုးစားရမှာလည်း မဟုတ်ပါဘူး။ အိမ်ဦးနတ်လို့ တင်စားခံရတဲ့ မိဘနှစ်ပါးကို ရှေ့ပိုင်းမှာ ရေးပြထားခဲ့တဲ့အတိုင်း ပစ္စည်းနဲ့ တရား နှစ်မျိုးစလုံးနဲ့ ကျေးဇူးဆပ်ဖို့ပါပဲ။

ဘဝမှာကြုံတွေ့လာတဲ့ ပညာရေး၊ လူမှုရေး၊ စီးပွားရေးစတဲ့ မပြေလည်တဲ့ အရေးမျိုးစုံကြုံတွေ့ခဲ့ရင်လည်း ခပ်ညံ့ညံ့လူတွေ ထွက်ပေါက်ရှာနေတဲ့ ဗေဒင်မေးတာမျိုး၊ နတ်မေးတာမျိုး၊ ယတြာချေတာမျိုးတွေ၊ နတ်တွေ၊ ဘိုးတော်တွေ ပူဇော်နေတာမျိုးတွေကို မပြုလုပ်ဘဲ အဲဒီနတ်တွေထက်မြင့်မြတ်တဲ့ အိမ်မှာရှိနေတဲ့ အဖေနဲ့ အမေကိုပဲ ကျကျနန ပြုစုလုပ်ကျွေး၊ ခြေဆုပ်လက်နယ်လုပ်ပေးရင်းနဲ့ ကျေးဇူးဆပ်မယ်ဆိုရင် "**သူတော်ကောင်းကို နတ်ကောင်းမ**"ဆိုတဲ့ စကားလိုပဲ အဲဒီနတ်တွေက မိမိတို့ကို ပညာရေးတွေအောင်မြင်အောင်၊ စီးပွားရေးတွေ အဆင်ပြေအောင်၊ ရာထူးဂုဏ်ထူးတွေ တိုးတက်အောင် စတဲ့ လောကီချမ်းသာတွေရော၊ လောကုတ္တရာချမ်းသာတွေပါ အဆင်ပြေအောင်၊ တိုးပွားအောင် စောင့်ရှောက်ပေးပါလိမ့်မယ်။ ယုံယုံကြည်ကြည်နဲ့ ကျင့်သုံးကြည့်ပါ။

# စာရေးသူရဲ့အဒွ



မိဘကျေးဇူးဆပ်တယ်ဆိုတာ သူတော်ကောင်းတွေရဲ့ အလုပ်ပါ။ ဘုရားရှင် ချီးကျူးတော်မူတဲ့အလုပ်ပါ။ ဒီဘဝ မှာလည်း သားကောင်း၊ သမီးမြတ်တွေ ဖြစ်နိုင်မှာပါ။ သားကောင်း၊ သမီးမြတ်တွေဖြစ်မှလည်း အမွေခံထိုက် သူများ ဖြစ်နိုင်ပါတယ်။ ဒါကြောင့် . . .

"လက်သစ်တောင်တာ၊ ယူဇနာပေါင်း၊ တာပြန့် လောင်းသော်၊ ရှစ်သောင်းလေးထောင်၊ အမြင့် ဆောင်သား၊ တောင်မြင့်မိုရ်ရှိ၊ ညာဏ်ကြီး ဘိသည့်၊ မွေးမိဖခင်၊ ကျေးဇူးရှင်"

ဆိုတဲ့ အင်းဝခေတ်စာဆို အရှင်မဟာရဋ္ဌသာရ ဆုံးမတော်မူတဲ့အတိုင်း . . . . . . .

ယူဇနာရှစ်သောင်းလေးထောင် အမြင့်ရှိတဲ့ မြင့်မိုရ်တောင်ပမာ ဂုဏ်ကျေးဇူးကြီးမားလှတဲ့ ဖခင် မိခင်တို့ကို ကောင်းမွန်ရိုသေစွာ ပြုစုလုပ်ကျွေးနိုင်ကြပြီး ပစ္စည်းမေ့နှစ်ဌာနနဲ့ ရာနှုန်းပြည့် ကျေးဇူးဆပ်ကြတဲ့ အမွေခံ ထိုက်သူ သားကောင်းလိမ္မာ သမီးရတနာတွေ ဖြစ်နိုင် ကြပါစေလို့ ဘုန်းဘုန်း ဆုတောင်းလိုက်ပါတယ်။

*ကြီးကျယ်မြင့်မြတ်တဲ့*
*ချမ်းသာများကို*
*ဒီဘဝရော*
*နောင်ဘဝပါ*
*ရာနှုန်းပြည့်ရကြပါစေ . . .*

မေတ္တာများစွာဖြင့်
မဏ္ဍိုမဂုဏ်ရည်ဆရာတော်
ဒေါက်တာ အရှင်ကောဝိဒ

# အမြတ်ဆုံး အလှူကုသိုလ်ရှင်

ရန်ကုန်မြို့၊ အမှတ်(၄၁)၊ လသာလမ်း မိဘနှစ်ပါးဖြစ်သူ ဦးဘိုကြီး+ဒေါ်တီတီတို့အား ရည်စူး၍ အမေရိကန် ပြည်ထောင်စု၊ နယူးယောက်မြို့နေ သားသမီးများဖြစ်ကြသော

၁။ ဦးသန်းထွင် မိသားစု။
၂။ ဦးအေးကျော် + ဒေါ်ခင်ဆွေနွဲ့ မိသားစု။
၃။ Dr. ဦးကျော်ထင် + Dr. ဒေါ်ချိုညွန့်ဝေ မိသားစု။
၄။ ဦးလှုဇံ + ဒေါ်စိုးစိုးဝင်း မိသားစု။
၅။ Dr. ဦးသိန်းကြည် + Dr. ဒေါ်သန်းသန်းငွေ မိသားစု။
၆။ ဒေါ်တင်နွယ်အေး မိသားစုနှင့်
၇။ မန္တလေး၊ ဈေးချို ဝင့်ဂုဏ်လှာ ရောင်းဝယ်ရေးမိသားစု။
၈။ အမေရိကန် ပြည်ထောင်စု နယူးယောက်မြို့နေ Dr. ဒေါ်တင်မာထွန်း M.D., F.A.A.P. Tun Pediatric Center တို့က မတည် လှူဒါန်း၍ ရရှိမည့် အကျိုးအမြတ် အားလုံးကို မင်္ဂလာဗျူဟာ နိုင်ငံခြား ဘုရားရှစ်ခိုးကျောင်းတော်နှင့် ဓိဝိတဒါနဆေးပေးခန်းအတွက် ဆေးပဒေသာပင်အဖြစ် လှူဒါန်းမည် ဖြစ်ပါသည်။

# ဆက်လက်ထွက်ရှိမည့်

# စာအုပ်များနှင့် ရရှိနိုင်သောဌာနများ

- ဘုရားကြိုက်အောင်ပူဇော်ပါ
- သေမင်းနှင့် စစ်ခင်းစဉ်က

- ပင်ရင်း-မစ္ဆိမအလင်း စမ္မစာပေပြန့်ပွားရေး
  (၁၀)တောင်၊(၁၁)ရပ်ကွက်၊သာကေတမြို့နယ်၊
  ရန်ကုန်မြို့။ ဖုန်း-၅၄၇၁၃၂၊ ၅၅၃၀၆၈
- ထင်းရှူးရိပ်တေးသံသွင်း
  အမှတ်(၅၀၅)၊မဟာဗန္ဓုလလမ်းနှင့်ရွှေဘုံသာလမ်းထိပ်၊
  ရန်ကုန်မြို့။ ဖုန်း-၃၇၇၉၀၉၊ ၀၉၅၁၂၅၆၅၀
- အထက်မြန်မာပြည်
  ကိုညွန့်နိုင် (Dream World)
  မြတ်ဗုဒ္ဓဒေသနာတော်ပြန့်ပွားရေး တရားခွေဆိုင်
  အမှတ်(၇၀)၊ (၂၆)လမ်း၊ ၈၁x၈၂ ကြား၊
  မန္တလေးမြို့။ ဖုန်း-၀၉၂၀ ၃၁၇၅၁